ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

**အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသောကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။**

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 4 May 2021 ၁၀၃၆၃


## ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၁၇ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်)

### ပြည်ထောင်စုဝန်ကြီးဌာနပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအား အောက်ပါဝန်ကြီးဌာနများအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၂) စက်မှုဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၁၈ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်)

### ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကိုကိုလွင်အား စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ကြေးမုံ ယနေ့ ဖတ်စရာ**

**အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်စေရန် ကျေးရွာလူငယ်များကိုယ်တိုင် ထိန်းသိမ်းစီမံနိုင်ရေး ကြိုးပမ်းရန် လိုအပ်**


စာမျက်နှာ » ၄


**ကျွန်တော်တို့နိုင်ငံက ကုန်ထုတ်လုပ်မှုနဲ့ပဲဖြစ်ဖြစ် စီးပွားရေးနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် အလုပ်သမားနဲ့ ပတ်သက်လို့ပဲ ဖြစ်ဖြစ် နိုင်ငံမှာ အစစအရာရာ လိုအပ်ချက်တွေ ရှိနေတဲ့အချိန် နိုင်ငံကောင်းဖို့ဆိုရင် အားလုံးပူးပေါင်းဆောင်ရွက်မှ ဖြစ်မှာပါ**


စာမျက်နှာ » ၁၅




ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာလိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာလိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၃

ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရုံးအမှတ် (၁)၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးတွင် Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်များ ရရှိပြီးနောက်ပိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများ/ အဖွဲ့အစည်းများ၏ စီးပွားရေးနှင့်သက်ဆိုင်သည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များကို ဆက်လက်လျှောက်ထားရယူရာတွင် အချို့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များအတွက် အခက်အခဲများနှင့် ကြန့်ကြာမှုများ ကြုံတွေ့နေရကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ထုတ်ပေးမှုအပေါ် ပြန်လည်သုံးသပ်၍ ဖြေလျှော့မှုများ ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါကြောင်း၊ ထိုသို့ ပြန်လည်သုံးသပ်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခဲ့ရာ "ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ရေးအဖွဲ့"ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊


စာမျက်နှာ ၅ ကော်လံ ၁ သို့

ကြေးမုံ

# နိုင်ငံတော်နှင့် ပြည်သူအပေါ် တာဝန်ကျေပွန်စွာထမ်းဆောင်

အများပြည်သူအကျိုးစီးပွားဆိုသည်မှာ နေ့စဉ်လူမှုဘဝ လိုအပ်ချက်များအားလုံးဖြစ်ပါသည်။ အသေးအမွှားမှအစ ကြီးကြီးမားမားကိစ္စများအထိ ပါဝင်ပါသည်။ လူမှုဘဝလောကတွင် အရာရာသည် အများပြည်သူအကျိုးစီးပွားနှင့် ကင်းမည်မဟုတ်ပေ။ ထို့ကြောင့် ဒီမိုကရေစီခေတ်ကာလတွင် အများပြည်သူအကျိုးစီးပွားအတွက် အလေးထား ဆောင်ရွက်ပေးကြရသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံတွင် မလွှဲမရှောင်သာသော အခြေအနေကြောင့် နိုင်ငံရေးအခင်းအကျင်း ပြောင်းလဲဖြစ်ပေါ်ခဲ့သည်။ စစ်မှန်သော ဒီမိုကရေစီအခင်းအကျင်းကို ပြန်လည်တည့်မတ်တည်ဆောက်ရန်အတွက် အပြောင်းအလဲဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထိုအပြောင်းအလဲသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ဆိတ်သုဉ်းခြင်းမဟုတ်ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီစနစ်ကို ပြန်လည်တည်ဆောက်ရန် ဥပဒေနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ယင်းကိုလက်မခံသည့် နိုင်ငံရေးအာဏာလက်လွှတ်လိုက်ရသူ နိုင်ငံရေးအစွန်းရောက်သူများက အစိုးရယန္တရားမလည်ပတ်စေရန်အတွက် ပြည်သူ့အကျိုးထမ်းရွက်ကြသူ၊ ပြည်သူကို ဝန်ဆောင်မှုပေးနေကြသည့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုကို စတင်လုပ်ဆောင်ကြရန် သွေးထိုးလှုံ့ဆော်ပေးခဲ့သည်။ ၂၁ ရာစုတွင် နိုင်ငံ့တာဝန်ကို တပ်မတော်က ရယူခြင်းသည် ပြည်တွင်း/ပြည်ပက လက်မခံသည့် မအောင်မြင်သောလုပ်ဆောင်မှုဖြစ်သည်ဟု ပြည်သူများအား လှည့်ဖြားစည်းရုံးသွေးဆောင်ခဲ့ရာ နိုင်ငံ့ဝန်ထမ်းအချို့က နားယောင်၍ဖြစ်စေ၊ စည်းရုံးခံရ၍ဖြစ်စေ၊ ယုံကြည်၍ဖြစ်စေ CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသည်။

ပြည်သူ့အကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွားတို့ကို ဖော်ဆောင်ကြရသောအဖွဲ့အစည်းများအနက် ကျန်းမာရေးနှင့်ပညာရေးကဏ္ဍသည် အရေးကြီးသော အဖွဲ့အစည်းများဖြစ်သည်။ ကျန်းမာရေးကဏ္ဍသည် ပြည်သူများ အသက်ရှင်သန်ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် လတ်တလောအကျိုးစီးပွားကို ဖော်ဆောင်ကြရသည်။ ပညာရေးကဏ္ဍသည် လူငယ်လူရွယ်များ၏အနာဂတ်နှင့် တိုင်းပြည်၏အနာဂတ်အကျိုးစီးပွားအတွက် ပြုစုပျိုးထောင်ပေးကြရသည်။ ထိုကဏ္ဍနှစ်ခုစလုံးသည် ပြည်သူများ ယုံကြည်ကိုးစားအားထားကြရသည့် အလွန်မွန်မြတ်သောလုပ်ငန်းများဖြစ်ကြသည်။ ထိုလုပ်ငန်းများကို သယ်ပိုးထမ်းဆောင်ကြရသည်မှာလည်း ဂုဏ်ယူစရာဖြစ်သည်။

သို့သော် ဖေဖော်ဝါရီလမှစတင်၍ နိုင်ငံ့ဝန်ထမ်းအချို့သည် CDM လှုပ်ရှားမှုတွင် ပါဝင်ပြီး နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူတို့၏ အကျိုးစီးပွားကို ပစ်ပယ်ခဲ့ကြပေသည်။ CDM လှုပ်ရှားမှုတွင်ပါဝင်ကာ နိုင်ငံ့အကျိုးစီးပွား၊ ပြည်သူ့အကျိုးစီးပွားကို ပစ်ပယ်ခဲ့ကြခြင်းဖြင့် တည်ဆဲအစိုးရ၏ အုပ်ချုပ်ရေးယန္တရားကို ထိခိုက်ခြင်းမရှိပေ။ ထိခိုက်သည်မှာ ပြည်သူများသာဖြစ်ပေသည်။ ပြီးခဲ့သည့် သုံးလတာကာလအတွင်း ပြည်သူ့ကျန်းမာရေးကဏ္ဍကြီး ထိခိုက်နစ်နာမှုဖြစ်ပြီး နိုင်ငံတစ်ဝန်းမှ ဆေးကုသမှုခံယူလိုသော ပြည်သူများ များစွာဒုက္ခအခက်အခဲဖြစ်ကြသည်။ အသက်ခန္ဓာများ မစွန့်လွှတ်သင့်ဘဲ စွန့်လွှတ်ဆုံးရှုံးခဲ့သည်။ ဆူပူဆန္ဒပြ အကြမ်းဖက်လှုပ်ရှားမှုကာလအတွင်း အသက်သေဆုံးရသည့် အရေအတွက်ထက် အဆပေါင်းများပြားသည်ကို လေ့လာကြည့်လျှင် သိနိုင်မည်ဖြစ်သည်။ မကျေနပ်ချက်တစ်ခုတည်းဖြင့် အပြစ်မဲ့ပြည်သူများ အသက်ခန္ဓာများဆုံးရှုံးရ၍ စိတ်မကောင်းဖြစ်မိသည်။

ယခုတစ်ဖန် နိုင်ငံတော်၏အနာဂတ်နှင့် ကလေးသူငယ်လူငယ်များ၏ အနာဂတ်အကျိုးစီးပွားအတွက် ကျောင်းများပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိရာ ကလေးသူငယ်များ၏အနာဂတ်နှင့် တိုင်းပြည်၏အနာဂတ် ထိခိုက်စေရန် ကျောင်းမတက်ရေး၊ စာမသင်ရေး ကြိုးပမ်းအားထုတ်လာသည်ကို တွေ့ရပြန်သည်။ ပညာသင်ကြားခြင်း၊ ဆေးကုသခြင်းသည် ပြည်သူများ၏ အကျိုးစီးပွားသာဖြစ်ပြီး ပြည်သူတို့၏ အကျိုးစီးပွားကို ပျက်စီးအောင်ပြုလုပ်ခြင်းသည် ပြည်သူ့အကျိုးကို ရှေးရှုသော ဒီမိုကရေစီစနစ်နှင့် သွေဖည်နေပေသည်။ အများပြည်သူအကျိုးစီးပွားကို မျက်ကွယ်ပြုရာလည်း ရောက်ပေသည်။ မွန်မြတ်သောအလုပ်ကို ရှောင်ဖယ်ပြီး ညစ်နွမ်းသောအလုပ်ကို လုပ်ဆောင်ခြင်းလည်း ဖြစ်ပေသည်။

CDM လှုပ်ရှားသည့် နိုင်ငံ့ဝန်ထမ်းများသည် ရာခိုင်နှုန်းအားဖြင့် အတိုင်းအတာတစ်ခုမျှသာရှိသည်။ စည်းရုံးခံရမှု၊ ခြိမ်းခြောက်ခံရမှု၊ ဝါဒမှိုင်းမိမှု၊ အထင်အမြင်လွဲမှားမှု၊ စိတ်ခံစားချက်လွှယ်မှု၊ ပုဂ္ဂိုလ်ရေးဆည်းကပ်မှု၊ ချော်လဲရောထိုင်မှု စသည့် အကြောင်းတစ်မျိုးမျိုးကြောင့်ဖြစ်ရာ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မိမိတို့၏ဘဝ၊ မိမိတို့၏အနာဂတ်၊ ပြည်သူများ၏ဘဝ၊ ပြည်သူများ၏အနာဂတ်အတွက် များစွာထိခိုက်နစ်နာခဲ့ရပေသည်။ အစိုးရထက် နိုင်ငံတော်နှင့်ပြည်သူအပေါ် အလေးထားရမည်ကို ပစ်ပယ်သဖြင့် နိုင်ငံနှင့်ပြည်သူအပေါ်တွင် သစ္စာဖောက်ဖျက်ရာရောက်နေပေသည်။

သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းအချို့သည် နိုင်ငံရေး၌ မပါဝင်သင့်ဘဲ ပါဝင်ခဲ့ကြသည်။ CDM ၌ ပါဝင်သဖြင့် ဆုံးရှုံးမှုများဖြစ်ကြသည်။ နိုင်ငံ့ဝန်ထမ်းအချို့ ဆုံးရှုံးရမှုအတွက် များစွာစိတ်မကောင်းဖြစ်ရသလို နိုင်ငံတော်နှင့် ပြည်သူအပေါ် သစ္စာရှိစွာဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းကောင်းများကိုလည်း လေးစားဂုဏ်ယူမိပါကြောင်း။ ။

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၁ -၂၀၂၂ ပညာသင်နှစ်”
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်အတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျတပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield)တပ်ဆင်ရန်။
- ❖ လက်ကို ရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများမကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၃ - ၅ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၁,၀၅၅ | ၉,၆၀၀,၅၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၅၀ | ၁,၀၉၇ | ၃,၇၃၉,၁၅၀ |
| MCB | ၈,၁၀၀ | ၈,၀၀၀ | ၂ | ၁၆,၂၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၁ | ၁၉,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၃,၃၀၀ | ၃,၂၀၀ | ၂၅ | ၈၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၃

ရန်ကုန်(ရွှေဈေး) ၁၄၅၇၀၀၀

မန္တလေး(ရွှေဈေး) ၁၄၅၄၀၀၀

နိုင်ငံခြားငွေလဲလှယ်နှုန်း မြန်မာငွေကျပ်

| | | | |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၈.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၆၅.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၃၉.၂၂ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၉.၆၄၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၇.၂၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၉၁၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၉၆.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၆၂.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၂.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၇.၉၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## တက္ကသိုလ်အဆင့်များကို မေလဆန်းနှင့် အခြေခံပညာကျောင်းများကို ဇွန်လဆန်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတိုင်းသည် ပညာရေးကဏ္ဍအား အပြည့်အဝ အားပေးဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပညာရေးမြင့်မားရေးအတွက် အားပေးဆောင်ရွက်ရာတွင် ဆရာ ဆရာမများအတွက် ၎င်းတို့ပညာအရည်အချင်းနှင့် ကိုက်ညီသည့် ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သဖြင့် နည်းလမ်းရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ တက္ကသိုလ်အဆင့်များကို မေလဆန်းတွင် ဖွင့်လှစ်နိုင်ရန်နှင့် အခြေခံပညာကျောင်းများကို ဇွန်လဆန်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာအတွက် ဆရာ ဆရာမများကို သင်ကြားမှု သင်ယူမှု အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် (၂၄)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် မေ ၃**

(၂၄)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် နေပြည်တော်မှ ပါဝင်တက်ရောက်သည်။ ယင်းအစည်းအဝေးသည် မေ ၃ ရက်မှ ၅ ရက်အထိ Virtual စနစ်ဖြင့် ကျင်းပလျက်ရှိသည့် (၅၄)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ကျင်းပခြင်းဖြစ်သည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

အစည်းအဝေးကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့က အလှည့်ကျ ပူးတွဲသဘာပတိများအဖြစ် တာဝန်ယူကျင်းပခြင်းဖြစ်သည်။ အစည်းအဝေးတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာဆီယံ+၃ ဒေသတွင်း စီးပွားရေးတိုးတက်မှုကျဆင်းခဲ့ခြင်းနှင့် ကုစားမှုအစီအစဉ်များအပေါ် ပြန်လည်သုံးသပ်ပြီး၊ ရေရှည်တွင် ခံနိုင်ရည်ရှိသည့် စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရေးအတွက် အားလုံးပါဝင်ဆောင်ရွက်သွားမည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရေးကိစ္စရပ်များ၊ ဒေသတွင်းစီးပွားရေးတိုးတက်မှုနှင့် ဘဏ္ဍာရေးကဏ္ဍတည်ငြိမ်မှုရှိလာစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ အာဆီယံ+၃ နိုင်ငံများနှင့်အတူ IMF, ADB, AMRO တို့က အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစီအစဉ်အရ ချင်းမိုင်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေးလုပ်ငန်းစဉ် (Chiang Mai Initiative Multilateralisation– CMIM) သဘောတူညီချက်ပြင်ဆင်ခြင်းကို အတည်ပြုခြင်း၊ အာဆီယံ+၃ မက်ခရိုစီးပွားရေးသုတေသနရုံး (ASEAN+3 Macroeconomic Research Office – AMRO)၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အာရှဒေသငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးရေး အစီအစဉ်များ(Asian Bond Markets Initiatives – ABMI) ၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ အာဆီယံ+၃ ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်၏ အနာဂတ်ဦးစားပေး အစီအစဉ်များအဖြစ် လုပ်ငန်းအဖွဲ့(၄)ခု ဖွဲ့စည်းခြင်းအား အတည်ပြုခြင်းစသည်တို့ကို တက်ရောက်လာကြသည့် အာဆီယံ ၁၀ နိုင်ငံနှင့် အပေါင်း(၃)နိုင်ငံများဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ IMF၊ ADB နှင့် AMRO တို့မှ စီးပွားရေးပညာရှင်များက ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးရာ၌ ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် တစ်နိုင်ငံချင်းအလိုက်သော်လည်းကောင်း၊ အာဆီယံ+၃ ဒေသအလိုက်သော်လည်းကောင်း တုံ့ပြန်ဆောင်ရွက်ကြသကဲ့သို့ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသည့် နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း တုံ့ပြန်ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံ+၃ အဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါသက်ရောက်မှုကြောင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် မြန်မာအစိုးရအနေဖြင့် Comprehensive Economic Stimulus Plan တစ်ခုအဖြစ် COVID–19 Economic Relief Plan (CERP) ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ CERP သည် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ကုစားပေးနိုင်ရန်နှင့် စီးပွားရေးပြန်လည် နာလန်ထူလာမှုကို အထောက်အကူပြုရန် ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ဒေသတွင်း ပြန်လည်ထူထောင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အာဆီယံ+၃ နိုင်ငံများနှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများကို အာဆီယံ+၃ နိုင်ငံများ၏ စုပေါင်းအားဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ပိုမိုကောင်းမွန်သည့်အခြေအနေကောင်းများ ဖန်တီးပေးနိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပါဝင်ဆွေးနွေးသည်။

**ပါဝင်တက်ရောက်**

ယင်းနောက် အာဆီယံ+၃ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ တိုးတက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ပါဝင်သည့် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၏ ပူးတွဲကြေညာချက် (Joint Statement) ကို အစည်းအဝေးမှ အတည်ပြုသည်။ အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ပါဝင်တက်ရောက်ခဲ့သည်။

ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပသည့် Governors' Seminar on Cooperation for a Resilient Future ဆွေးနွေးပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း ပါဝင်တက်ရောက်ခဲ့သည်။

**ပါဝင်ဆွေးနွေး**

ဆွေးနွေးပွဲတွင် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Masatsugu Asakawa က ဦးဆောင်၍ အာရှနှင့်ပစိဖိတ်ဒေသ၌ စီးပွားရေးမူဝါဒများ ပြုပြင်ပြောင်းလဲခြင်းနှင့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးသည် အားကောင်းသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါ၏သက်ရောက်မှုကြောင့် ထိခိုက်မှုအများဆုံးကြုံခဲ့ရသည့် နယ်စပ်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တုံ့ပြန်ဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ digitalization နှင့် innovation တို့ကို အကောင်းဆုံး ဆက်စပ်အသုံးပြုခြင်းအားဖြင့် ခံနိုင်ရည်ရှိပြီး အားလုံးပါဝင်ဆောင်ရွက်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဖြင့် ကပ်ရောဂါ၏ထိခိုက်မှုများမှ ပြန်လည်ရုန်းထနိုင်မည့် အခြေအနေများ၊ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုစနစ်များဖြင့် စဉ်ဆက်မပြတ် တိုးတက်မှုရရှိနိုင်ရေးဆောင်ရွက်သွားမည့်နည်းလမ်းများကို တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ နယ်သာလန်၊ ဂျော်ဂျီယာနိုင်ငံတို့မှ ဘဏ္ဍာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌတို့က အဓိကပါဝင်ဆွေးနွေးခဲ့ကြသည်။

၂၀၂၂ ခုနှစ် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင်ကျင်းပမည့် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေး၌ (၂၅)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က အလှည့်ကျပူးတွဲသဘာပတိများအဖြစ် တာဝန်ယူကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်စေရန် ကျေးရွာလူငယ်များကိုယ်တိုင် ထိန်းသိမ်းစီမံနိုင်ရေး ကြိုးပမ်းရန်လိုအပ်

**နေပြည်တော် မေ ၃**
နိုင်ငံ၏ စီးပွားရေးပုံသဏ္ဌာန်ပြောင်းလဲရေးအတွက် အဓိကအခြေခံကျသော ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသနေပြည်သူများ၏ လိုလားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးရေးအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲပြီး အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ကျေးရွာကော်မတီများနှင့် ကျေးရွာသူကျေးရွာသားများက ညီညွတ်စွာ ထိန်းသိမ်းစောင့်ရှောက်သည့် အလေ့အထကောင်းများရှိခြင်းသည် အားသာချက်တစ်ခုဖြစ်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

မြိတ်ခရိုင် ကျွန်းစုမြို့နယ် သဲအော်ကျေးရွာ၌ မေ ၂ ရက် နံနက်ပိုင်းက ကျင်းပသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာအသေးစား ဓာတ်အားပေးရေးစနစ် (Solar Mini – Grid) ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။



**ကြိုတင်လေ့လာသင်ယူ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နည်းပညာသင်ယူလေ့လာရန် အခြေခံရှိသည့် ကျေးလက်လူငယ်များအနေဖြင့် စီမံကိန်းကာလအတွင်း လိုအပ်သည့် ထိန်းသိမ်းပြုပြင်နည်းများကို ကြိုတင်လေ့လာ သင်ယူကြစေလိုကြောင်း၊ ကျေးရွာက အပြည့်အဝ တာဝန်ယူစီမံခန့်ခွဲရမည့် သတ်မှတ်ကာလတွင် မိမိကျေးရွာလူငယ်များကိုယ်တိုင် ကျွမ်းကျင်စွာ ထိန်းသိမ်းစီမံနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးမှုကို များစွာအထောက်အကူ ဖြစ်စေနိုင်ပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့် တာဝန်ရှိသူများ၊ သဲအော်ကျေးရွာ မီးလင်းရေးကော်မတီဝင်များနှင့် ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

**ရွေးချယ်ဆောင်ရွက်**

ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးအတွက် မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသားအဆင့် လျှပ်စစ်မီးလင်းရေးစီမံကိန်း (NEP Off-grid) မူဝါဒနှင့်အညီ လာမည့် ၁၀ နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးမရနိုင်သေးသော ဒေသများ၊ မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက် ဝေးကွာသောဒေသများ၊ ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသော ကျေးရွာများ၊ အိမ်ခြေ ၅၀ အထက်ရှိ၍ လူနေသိပ်သည်းသော ကျေးရွာများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ဘဏ်နှင့် ဂျာမန်ဖွံ့ဖြိုးရေးအေဂျင်စီ GIZ တို့မှ နည်းပညာနှင့် ထောက်ပံ့မှုဖြင့် မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထည့်ဝင်ငွေ ၆၀ ရာခိုင်နှုန်း၊ ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီက ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါ လျှပ်စစ်မီး ရရှိအသုံးပြုနိုင်မှုကြောင့် ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်မီး အလင်းရောင်ရရှိရုံသာမက ငါး၊ ကျောက်ကဏန်း၊ ကင်းပုစွန်များ မွေးမြူရေးလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အားရယူ အသုံးပြုနိုင်ခြင်း၊ အသေးစားကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြခြင်း၊ ကျေးရွာအတွင်း တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ခြင်း၊ ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်၍ သဲအော်ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိသည်။

**ဆွေးနွေးပြောကြား**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိတ်မြို့ အိုကေအဆင့်မြင့်ဆန်စက်သို့ ရောက်ရှိကြပြီး ခေတ်မီအဆင့်မြင့် စက်ကြီးများဖြင့် ဆန်များကြိတ်ခွဲခြင်း၊ ချောချော အရောင်တင်လုပ်ငန်း၊ ထုပ်ပိုးသိုလှောင်ခြင်းများ၊ ဘေးထွက်ပစ္စည်း စပါးခွံကို အသုံးပြု၍ လျှပ်စစ်မီးထုတ်လုပ်၍ ဆန်စက်လုပ်ငန်းများတွင် ပြန်လည်အသုံးပြုနေမှုနှင့် စက်ရုံလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆန်စက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပုဂ္ဂလိက လုပ်ငန်းရှင်နှင့် တောင်သူများ အပြန်အလှန် နားလည်ယုံကြည်မှုဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သော ကန်ထရိုက်လယ်ယာစနစ်၏ သဘောတရားများ၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲရေးနှင့် နည်းပညာလိုအပ်ချက်များအတွက် သက်ဆိုင်ရာ ဌာနများထံ အကူအညီရယူ ဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ကြီးကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော အိမ်သွယ်ရေတိုင်စနစ်ဖြင့် ရေပေးဝေနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး ရွှေဒူးခြံတွင် မိုးရာသီ မိုးကာဖြင့် ရော်ဘာအစေးခြစ်ခြင်းကွင်းသရုပ်ပြပွဲနှင့် ဆီအုန်းသုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သုတေသနပညာရှင်များ၊ ခြံတာဝန်ခံများ၊ နည်းပညာပြန့်ပွားရေးဝန်ထမ်းများနှင့် ဒေသခံတောင်သူများကို တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးမင်းထိန် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြအိမ်ရာတည်ဆောက်ရေးလုပ်ငန်းများနှင့် ကျေးလက်လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃**
ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဘုရားကြီး–ကျိုက်ထို– သထုံ – မော်လမြိုင်လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့အား မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးလှမျိုးဝင်းက ကျိုက်ထိုမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော ကျိုက်ထို–ကျိုက္ကသာလမ်း ကတ္တရာလမ်းချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများအား မြေပုံကားချပ်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်မှ ဒေသအတွင်း လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လိုက်နာဆောင်ရွက်သွားရန်မှာကြားပြီး အဆိုပါလမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမင်းထိန်၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးအောင်ကြည်သိန်းနှင့်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုးတို့သည် မွန်ပြည်နယ်တွင် တည်ဆောက်လျက်ရှိသော မွန်ပြည်နယ်တရားလွှတ်တော်ရုံး အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၁၃)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သူက Power Point ဖြင့် ပြည်နယ်တရားလွှတ်တော်ရုံး အဆောက်အအုံပြီးစီးမှု၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများနှင့် လုပ်ငန်းအမျိုးအစားအလိုက် ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြပြီး အဆောက်အဦဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြမှုတို့အပေါ် ဒုတိယဝန်ကြီး၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်တို့က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်တို့က ပြည်နယ်တရားလွှတ်တော်ရုံး အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးကောင်းမွန်ရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်မြို့တွင် တည်ဆောက်လျက်ရှိသော မောင်ငံနိုင်ငံ့ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ် တည်ဆောက်ရေးလုပ်ငန်းများနှင့် ချောင်းဆုံမြို့ရှိ နိုင်ငံ့ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ် အဆောက်အအုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တံတားနည်းပညာနှင့်ပတ်သက်၍ နောင်မျိုးဆက်သစ်လူငယ်များ ကြည့်ရှုလေ့လာနိုင်ရေးအတွက် တည်ဆောက်ထားရှိသည့် ချောင်းဆုံတံတားပြတိုက်အား ဝင်ရောက်လေ့လာပြီး တံတားကြီးကြွခိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

မေ ၁ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မွန်ပြည်နယ် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကရင်ပြည်နယ် ဘားအံမြို့တွင် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် ကော့ကသောင်– လက္ခဏာ– နော်ထူးဒီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများ ပြီးစီးမှုများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဘားအံ – အိန္ဒု – ကော့ကရိတ်လမ်းပိုင်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လမ်းများဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ သွားလာရေး အဆင်ပြေမှသာ အချိန်ကုန်သက်သာမည်ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများအတွက် အထူးအရေးပါလာမည်ဖြစ်ကြောင်း မှာကြားသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

---

✪ **ရှေ့ဖုံးမှ**

သက်ဆိုင်ရာဌာနများအနေဖြင့် နိုင်ငံ့စီးပွားရေးကို လျင်လျင်မြန်မြန် ဦးမော့လာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုလွယ်ကူ လျင်မြန်သွက်လက်စွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် တီထွင်ကြံဆမှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့အချိန်အခါ အခြေအနေအရ စီးပွားရေးကဏ္ဍတစ်ရပ်လုံး မြန်မြန်ဆန်ဆန်နှင့် လည်ပတ်လုပ်ဆောင်နိုင်ရန် အရေးတကြီးလိုအပ်နေချိန်ဖြစ်၍ ဥပဒေ၊ နည်းဥပဒေများအရ မဖြစ်မနေ ရယူဆောင်ရွက်ရမည့် ကိစ္စရပ်များမှအပ ဖြေလျှော့ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကိုလည်းကောင်း၊ စတုတ္ထစက်မှုပြုပြင်ပြောင်းလဲရေးကို တစ်ကမ္ဘာလုံးက အရှိန်အဟုန်နှင့် ဆောင်ရွက်နေချိန်ဖြစ်၍ လူကိုယ်တိုင် စာရွက်စာတမ်းအထောက်အထားများစွာဖြင့် ဆောင်ရွက်နေရသည့်ကိစ္စရပ်များအား Online စနစ်ဖြင့် ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် လည်းကောင်း၊ One Stop Service ဖြင့် ဆောင်ရွက်ရန် စံလုပ်ထုံးလုပ်နည်း(SOP) ရေးဆွဲဆောင်ရွက်ရန် ကိစ္စများအတွက် နည်းပညာအကူအညီအထောက်အပံ့ လိုအပ်ချက်များအတွက်လည်း တင်ပြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ၁၆ ခုက ခွင့်ပြုပေးလျက်ရှိသည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် စုစုပေါင်း ၂၇၃ မျိုးရှိပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးသည့် လုပ်ငန်းများနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်အရေအတွက်မှာ ၁၅၁ မျိုးရှိသည်ကို ပဏာမစိစစ်တွေ့ရှိပါကြောင်း၊ အဆိုပါ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များအနက် လူကိုယ်တိုင်လာရောက် လျှောက်ထားရယူရသည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် ၁၃၄ မျိုး ရှိနေသည်ကို တွေ့ရပါကြောင်း၊ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များထုတ်ပေးသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးများ ဆက်လက်ကျင်းပဆောင်ရွက်သွားမည်ဖြစ်၍ ပူးပေါင်းပါဝင်ကြရန် ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် လိုင်စင်၊ ပါမစ်နှင့် ထောက်ခံချက်များ စိစစ်ပေးနေမှုနှင့် ဖြေလျှော့ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ “ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ရေးအဖွဲ့”၏ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွဲ့အနေဖြင့် အသေးစိတ်ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် “ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ ပြန်လည်သုံးသပ်ရေးအဖွဲ့” အဖွဲ့ဝင်များ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ဒုတိယဝန်ကြီး ဦးသန့်စင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စွမ်းအင်ဆိုင်ရာလုပ်ငန်းများ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စွမ်းအင်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



### ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဧပြီ ၃၀ ရက်တွင် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းနှင့် မဒဲကျွန်းရေနံသိုလှောင်စခန်းတို့မှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပို့လွှတ်ဖြန့်ဖြူးပေးနေသည့် အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်း(မန္တလေး)နှင့် စဉ့်ကိုင်မြို့ရှိ ထိန်းဖြန့်စခန်း(ဘဲလင်း)တို့ကို ကြည့်ရှုစစ်ဆေးရာ အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဥက္ကဋ္ဌ Mr. Li Zilin နှင့် တာဝန်ရှိသူများက ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်းနှင့် ပိုက်လိုင်းတစ်လျှောက်ရှိ ထိန်းဖြန့်စခန်းများ၏ ဝန်ထမ်းအင်အားနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ သဘာဝဓာတ်ငွေ့အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေသည့် စက်ရုံများသို့ သဘာဝဓာတ်ငွေ့ ပို့လွှတ်နေမှု အခြေအနေများ၊ ပိုက်လိုင်းနှင့် စက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မေ ၁ ရက်တွင် မြစ်ငယ်မြစ်အား ဖြတ်သန်းတည်ဆောက်ထားသော အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနေရာနှင့် အမရပူရမြို့နယ် အိုးထုတ္တန်းရပ်ရှိ မြန်မာ့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်၏ တည်ဆောက်ဆဲ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးစခန်းကိုလည်းကောင်း၊ မေ ၂ ရက်တွင် ပလိပ်မြို့ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)ရှိ National Energy Puma Aviation Services (NEPAS) လေယာဉ်ဆီ ဖက်စပ်ကုမ္ပဏီ၏ လေယာဉ်ဆီ သိုလှောင်ဖြန့်ဖြူးစခန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### တာဝန်ရှိသူများနှင့် တွေ့ဆုံ

ထို့နောက် ဒုတိယဝန်ကြီးသည် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် နှစ်နိုင်ငံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဝင်ငွေတိုးတက်ရရှိစေသော စီမံကိန်းတစ်ခု ဖြစ်ပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ စဉ်ဆက်မပြတ်ပို့လွှတ်ပေးနိုင်ရေး ပိုက်လိုင်းတစ်လျှောက် ကြံ့ခိုင်ရေးအတွက် လိုအပ်သောစစ်ဆေးမှုများကို သတ်မှတ်ကာလ၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားဝန်ထမ်းများကို လုပ်ငန်းစွမ်းဆောင်ရည် တိုးမြင့်လာအောင် လေ့ကျင့်ဆောင်ရွက်ပေးပြီး နိုင်ငံခြားသားပညာရှင်များအစား တာဝန်ပေးအပ်နိုင်ရေး စီမံဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း။

ပိုက်လိုင်းတစ်လျှောက်ရှိ မြို့/ကျေးရွာများကို လူမှုရေးတာဝန်သိမှု(CSR)လုပ်ငန်းများအား ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပိုက်လိုင်းတစ်လျှောက်ရှိ ထိန်းဖြန့်စခန်းများ၏လုံခြုံရေး အထူးဂရုပြုဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အမရပူရမြို့နယ် အိုးထုတ္တန်းရပ်ရှိ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးစခန်းသည် အထက်မြန်မာပြည်၌ အကြီးဆုံး စက်သုံးဆီသိုလှောင်စခန်းတစ်ခု ဖြစ်လာမည်ဖြစ်ပြီး နိုင်ငံတော်စွမ်းအင်လုံခြုံရေးအတွက် များစွာအထောက်အကူ ဖြစ်လာမည်ဖြစ်ကြောင်း၊ စက်သုံးဆီသိုလှောင်ကန်များ တည်ဆောက်ရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း စနစ်တကျ လိုက်နာတည်ဆောက်သွားကြရန်နှင့် တာဝန်ရှိသူ အဆင့်ဆင့်တို့ကလည်း တိကျစွာ စစ်ဆေးပြီးမှ လိုင်စင်ခွင့်ပြုမိန့်များ ထုတ်ပေးသွားရန် ဖြစ်ကြောင်း။

### ကြိုးပမ်းဆောင်ရွက်

ပလိပ်မြို့ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်(ပလိပ်)အနေဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အရေးကြီးသဖြင့် စဉ်ဆက်မပြတ် သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် သတ်မှတ်လုပ်ငန်းစဉ်အဆင့်ဆင့်ကို အလေးထားလိုက်နာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)ရှိ NEPAS လေယာဉ်ဆီ သိုလှောင်ဖြန့်ဖြူးရေးစခန်းအနေဖြင့် ပြည်တွင်း/ပြည်ပ လေကြောင်းလိုင်းများ ပုံမှန်ပျံသန်းနိုင်ရေးအတွက် လေယာဉ်ဆီလုံလောက်စွာဖြန့်ဖြူးပေးနိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ လေယာဉ်ဆီဖြည့်ယာဉ်များ၊ စက်ကိရိယာပစ္စည်းများနှင့် အရည်အသွေးစမ်းသပ်စစ်ဆေးသည့်ပစ္စည်းများ အမြဲတမ်းအသင့်ကောင်းမွန်စွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရန် အထူးလိုအပ်ကြောင်း မှာကြားသည်။ **သတင်းစဉ်**

# အစွန်းရောက်အတွေးအခေါ်များနှင့် ခုတ်ရာတခြား ရှရာတခြားဖြစ်နေသည့် ကျောင်းမတက်ရေး လှုံ့ဆော်နေမှုများ

ကျောင်းများဖွင့်မယ်ဆိုတဲ့အချိန်ကစလို့ စိတ်ထဲ ဘဝင်မကျစရာတစ်ခုကို တွေ့နေရပါတယ်။ အဲဒါကတော့ ကျောင်းမတက်ရေး လှုံ့ဆော်နေကြသူများရဲ့ လုပ်ဆောင်မှုတွေပါပဲ။ အဲဒီလုပ်ဆောင်ချက်ဟာ ခုတ်ရာတခြား ရှရာတခြားလို့ပဲ ကောက်ချက်ချရမှာပါ။

ဖေဖော်ဝါရီလ ၁ ရက် နောက်ပိုင်းမှာ ဆန္ဒပြမှုပုံစံမျိုးစုံ တွေ့ရပါတယ်။ အဲဒီဆန္ဒပြမှုများဟာ တည်ဆဲအစိုးရကို ဆန့်ကျင်ဆန္ဒပြတဲ့ ရည်ရွယ်ချက်လို့ ဆိုပေမယ့် တချို့သောဆန္ဒပြတဲ့ပုံစံတွေ၊ ရည်ရွယ်ချက်တွေ၊ လုပ်ဆောင်ချက်တွေ၊ ပြောဆိုရေးသားမှုတွေ၊ ရည်ရွယ်ချက်နဲ့လုပ်ဆောင်ချက်တွေဟာ အလွန်အန္တရာယ်များလှပါတယ်။

ဥပမာအားဖြင့် CDM ဆိုပြီး ဆေးရုံတွေမှာ ဆန္ဒပြကြတဲ့အတွက် အရင်ဦးဆုံးထိခိုက်တာက ပြည်သူတွေရဲ့ကျန်းမာရေးပဲ ဖြစ်ပါတယ်။ အခုလို ကိုဗစ်-၁၉ ဖြစ်ပွားနေချိန်မှာ ဆေးရုံ၊ ဆေးခန်းတွေ မဖွင့်နိုင်တဲ့အတွက် ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာတွေ ရပ်ဆိုင်းရတဲ့အတွက် ပြည်သူတွေပဲ ဒုက္ခရောက်နေကြရတာ မျက်မြင်ပါပဲ။ ကြိုးကိုင်ခြယ်လှယ်နေတဲ့သူတွေ၊ လုပ်ဆောင်နေသူတွေကို မထိခိုက်ပါဘူး။ ဒီတော့ လုပ်ချင်တဲ့ရည်ရွယ်ချက်က တစ်ခု၊ ဖြစ်လာတဲ့အကျိုးဆက်က တစ်ခုပါ။

ဒီနိုင်ငံအတွင်းမှာ ကျန်းမာရေးဆိုင်ရာတွေ ကျဆင်းလာရင် ဖြစ်လာမယ့်အကျိုးဆက်တွေကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။ နိုင်ငံတစ်ခုရဲ့ ပညာရေး၊ ကျန်းမာရေးဆိုတာက လတ်တလောကာလအတွက်သာ မကပါဘူး၊ အနာဂတ်အတွက်နဲ့ပါ သက်ဆိုင်နေပါတယ်။ ဘယ်အစိုးရတက်တက် ကျန်းမာရေးနဲ့ပညာရေးနိမ့်ကျနေသမျှ နိုင်ငံက နိမ့်ကျနေဦးမှာ၊ လူမှုစီးပွားဘဝတွေ နိမ့်ကျနေဦးမှာသေချာပါတယ်။ ဒီတော့ ကျန်းမာရေးဆိုင်ရာတွေက CDM လုပ်ကြတဲ့အတွက်ဖြစ်လာတဲ့အကျိုးဆက်က တည်ဆဲအစိုးရကို ဆန္ဒပြလိုခြင်းထက် အနာဂတ်နိုင်ငံနဲ့ ပြည်သူတွေကိုပါ ဖျက်ဆီးလိုခြင်းလို့ပဲ ဆိုရပါလိမ့်မယ်။

ဒါပေမယ့် နောက်ကွယ်ကနေ ကြိုးကိုင်ခြယ်လှယ်နေသူတွေ၊ ထောက်ပံ့ကူညီနေသူတွေ၊ ပါဝင်လုပ်ဆောင်နေသူတွေကတော့ တစ်ကိုယ်စာရှန်းထွက်သွားကြမှာပါ။ သူတို့ကိုယ်တိုင်၊ သူတို့မိသားစု၊ သူတို့အသိုင်းအဝိုင်းကို အထိခိုက်မခံကြပါဘူး။ နောက်ဆုံးသတ္တုချခံစားရသူများကတော့ ပြည်သူများပဲ ဖြစ်ပါတယ်။ ကြားကနေ မထွားခါးနာတာပဲ အဖတ်တင်ပါလိမ့်မယ်။

၁၉၈၈ အရေးအခင်းကို မီလိုက်သူများ ပိုသိနိုင်ပါတယ်။ ၈၈ အရေးအခင်းမှာ သေဆုံးသွားတဲ့သူတွေ၊ ထွက်ပြေးခဲ့ကြရတဲ့သူတွေ၊ ပညာရေးလွဲချော်သွားတဲ့သူတွေ၊ ဘဝပျက်သွားတဲ့သူတွေဆိုတာ မရေတွက်နိုင်ပါဘူး။ ကျောင်းတွေ နှစ်ရှည်ပိတ်ထားရတဲ့အတွက် ဖြစ်လာတဲ့နောက်ဆက်တွဲအကျိုးဆက်တွေက အခုအချိန်ထိ အတောမသတ်နိုင်သေးပါဘူး။ အခုချိန်မှာ Gen Z ဆိုတဲ့ လူငယ်လူရွယ်များကို သွေးထိုးပေးနေကြပြန်ပါပြီ။ ဒီလူငယ်လေးတွေဟာ ၁၉၈၈ အရေးအခင်းကို မမီလိုက်ကြပါဘူး။ အဲဒီလိုလူငယ်လေးတွေကို သားသမီးချင်းကိုယ်ချင်းမစာ အသုံးချနေတဲ့သူတွေကိုကြည့်ရင် လက်တစ်ဆုပ်စာလူတစ်စုပဲ ဖြစ်ပါတယ်။ လူငယ်တွေရဲ့အနာဂတ်ကို ဖျက်ဆီးနေကြသူများလို့ပဲ သတ်မှတ်ရမှာပါ။

အခုလည်းပဲ ကျောင်းမတက်ရေးလှုံ့ဆော်နေကြတာတွေ့တော့ အတွေးအခေါ်နဲ့ လုပ်ဆောင်ချက်ကို အလွန်ပဲအံ့သြမိပါတယ်။ တည်ဆဲအစိုးရကို ဆန္ဒပြချင်တာလား၊ လူငယ်တွေရဲ့အနာဂတ်နဲ့ အနာဂတ်နိုင်ငံကို ဖျက်ဆီးချင်တာလားလို့ မေးချင်မိပါတယ်။ ပညာရေးကိုဖျက်ဆီးတာဟာ ဆန္ဒပြတာမဟုတ်ပါဘူး၊ တည်ဆဲအစိုးရကို ဆန့်ကျင်တာ မဟုတ်ပါဘူး။ နိုင်ငံနဲ့ ပြည်သူတစ်ရပ်လုံးကို ဖျက်ဆီးနေခြင်းပဲ ဖြစ်ပါတယ်။ မျက်စိစုံမှိတ်ပြီး ကျားကျားမီးယပ် မဖြစ်ဖို့လိုပါတယ်။ အသိတရားရှိရှိ သဘာဝကျကျ စဉ်းစားကြဖို့တော့ လိုပါတယ်။

အခုဆို ကျောင်းတွေပိတ်ထားတာ ကိုဗစ်-၁၉ စတင်ဖြစ်တဲ့အချိန် ၂၀၂၀ ပြည့်နှစ် မတ်လကတည်းက ဖြစ်ပါတယ်။ တစ်နှစ်ကျော်ကျောင်းတွေပိတ်ထားရလို့ ကျောင်းသား ကျောင်းသူတွေအတွက် များစွာနစ်နာနေပါပြီ။ သားသမီးချင်း ကိုယ်ချင်းစာကြည့်ကြဖို့လိုပါတယ်။ ကျောင်းသား ကျောင်းသူတွေ ကျောင်းမတက်ကြရင် ဘယ်သူတွေ နစ်နာကြမလဲ၊ ဘယ်သူတွေ ထိခိုက်ကြမလဲ။ ဘယ်သူတွေရဲ့ ဘဝတွေ၊ အနာဂတ်တွေ ပျက်စီးကြမလဲ။ ကျောင်းတွေမတက်ရင် တည်ဆဲအစိုးရကို ထိခိုက်မှာလား၊ ကျောင်းသား ကျောင်းသူတွေကို ထိခိုက်မှာလားဆိုတာ စဉ်းစားကြဖို့လိုပါတယ်။

**မြန်မာ့ပညာရေး ဦးမော့လာအောင် ပြုပြင်ပြောင်းလဲလုပ်ဆောင်နေတာတွေ အများကြီးပါ။ ၂၀၁၁ ခုနှစ်ကစလို့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို ထိပ်တန်းဦးစားပေးအနေနဲ့လုပ်နေပါတယ်။ ထိုက်သင့်တဲ့ တိုးတက်မှုတွေလည်း ရှိနေပါပြီ။ ဒီလိုတိုးတက်လာတာဟာ ကျောင်းသား ကျောင်းသူတွေ အနာဂတ်အတွက်၊ နိုင်ငံအနာဂတ်တည်ဆောက်ရေးအတွက် ဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ ကလေးတွေရဲ့ပညာရေးကို ပြန်မနိမ့်ကျစေချင်ပါဘူး။ ထပ်ပြီး မြင့်တက်လာဖို့ပဲ မျှော်လင့်မိပါတယ်။ ကလေးတွေ ပညာရေးမြင့်တက်ဖို့ ကျောင်းသား၊ မိဘ၊ ဆရာ ဟန်ချက်ညီကြဖို့လိုပါတယ်။ ကျောင်းမတက်ရေး လှုံ့ဆော်နေတာတွေကိုလည်း ကျောင်းသား၊ မိဘ၊ ဆရာများအပြင် သက်ဆိုင်ရာတာဝန်ရှိသူများကလည်း အချိန်မီတားဆီးပေးကြဖို့ လိုပါလိမ့်မယ်။**

အင်္ဂလိပ်တွေ အုပ်ချုပ်တဲ့ ကိုလိုနီခေတ်ကာလမှာတောင် လူငယ်တွေ ပညာကို ရအောင် ရှာခဲ့ကြတာပါ။ ကိုလိုနီပညာရေးကို သင်ကြားခဲ့ရတယ်ဆိုပေမယ့် အဲဒီကိုလိုနီပညာရေးအောက်ကပဲ နယ်ချဲ့ကို တော်လှန်ခဲ့ကြတာပါ။ အခုတော့ အားလုံးကို ပညာမဲ့အောင်လုပ်ဆောင်နေသလိုပါပဲ။ အသိတရားမဲ့တဲ့ လုပ်ဆောင်မှုလို့ သတ်မှတ်ရမှာပါ။ ကျောင်းသားတွေ ကျောင်းမတက်ဖို့ လှုံ့ဆော်နေတာတွေ၊ ကြေညာချက်ထုတ်တာတွေ၊ စည်းရုံးတာတွေ ရပ်တန်းက ရပ်သင့်ပါပြီ။ တစ်ချိန်မှာ နောင်တရကြပါလိမ့်မယ်။ နောက်ကွယ်ကကြိုးကိုင်နေသူတွေ၊ မြှောက်ပင့်ပေးနေသူတွေသွေးထိုးတိုင်း လုပ်ရမယ့် အလုပ်မဟုတ်ပါဘူး။ သူတို့တစ်တွေက သူတို့အကျိုးစီးပွားနဲ့ ကျောင်းသားတွေရဲ့ဘဝတွေကို အလဲအထပ် လုပ်နေကြတာပါ။ ဒီလိုရည်ရွယ်ချက်မမှန်တဲ့ လုပ်ဆောင်ချက်ဟာ ထွက်လာတဲ့ရလဒ်ကလည်း မမှန်နိုင်ပါဘူး။

ကျောင်းသားတွေဆိုတာ ရည်မှန်းချက်ရှိတယ်၊ အနာဂတ်ရှိတယ်၊ မျှော်လင့်ချက်ရှိတယ်၊ အလားအလာတွေရှိနေပါတယ်။ ဒီလိုကျောင်းသားတွေဟာ ထူးချွန်ထက်မြက်တဲ့ ပညာတတ်နိုင်ငံ့သားကောင်းများဖြစ်ဖို့လိုပါတယ်။ တိုးတက်တဲ့နိုင်ငံတိုင်းဟာ ပညာရေးနဲ့တည်ဆောက်ခဲ့ကြတာပါ။ မြန်မာနိုင်ငံကို ရေရှည်တိုးတက်ဖို့ တည်ဆောက်မယ်ဆိုရင် ပညာရေးကို တိုးတက်အောင် အားပေးမြှင့်တင်ကြဖို့လိုပါတယ်။ ပညာရေးကို မတည်ဆောက်ဘဲနဲ့ နိုင်ငံတကာနဲ့ယှဉ်ဖို့ ဝေးနေပါလိမ့်ဦးမယ်။

အဲဒီတော့ ကျောင်းမတက်ဖို့ လှုံ့ဆော်နေတာတွေ၊ တိုက်တွန်းနေတာတွေက ဘယ်လိုရည်ရွယ်ချက်လဲဆိုတာ သိသာနေပါတယ်။ ဒါ့အပြင် ကျောင်းတက်လိုသူ ကျောင်းသား ကျောင်းသူတွေ၊ သင်ကြားရေး ဆရာ ဆရာမတွေကို social punishment ဆိုပြီး လုပ်ဆောင်နေတာတွေကလည်း စိတ်ဓာတ်အောက်တန်းကျတဲ့ အလုပ်တွေပဲ ဖြစ်ပါတယ်။ ကြွက်မနိုင် ကျီမီးနဲ့ရှို့တဲ့ ပညာမဲ့၊ ကျင့်ဝတ်မဲ့တဲ့လုပ်ရပ်ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီလိုလားသူများဆိုသူတွေက လွတ်လပ်စွာ သဘောကွဲလွဲခွင့်ဆိုတဲ့ ဒီမိုကရေစီ အခြေခံသဘောကိုမှ နားမလည်၊ မလိုက်နာဘဲနဲ့တော့ ခပ်ရိုင်းရိုင်း ဥပမာပေးရရင် ခွေးကို ပါးချပ်တပ်ပေးသလိုပဲ ဖြစ်ပါလိမ့်မယ်။ ခွေးကို ပါးချပ်တပ်ပေးရုံနဲ့ မြင်းမဖြစ်ပါဘူး။ ခွေးဟာ ခွေးပါပဲ။ ဒီမိုကရေစီကိုလိုလားရင် ကိုယ့်အခွင့်အရေး၊ သူတစ်ပါးအခွင့်အရေးကို နားလည်လက်ခံရပါလိမ့်မယ်။ ဒီလိုမဟုတ်ဘဲ မီးများလိုပဲ ကိုယ်ကိုယ်တိုင်လည်း လောင်၊ သူတစ်ပါးကိုလည်း လောင်ကျွမ်းစေမယ်ဆိုရင် လူမမည်သောလူသာ ဖြစ်သွားပါလိမ့်မယ်။

နိုင်ငံကို ချစ်တယ်ဆိုရင်၊ ပြည်သူတွေကို ချစ်တယ်ဆိုရင် လက်တွေ့ကျကျ ချစ်ပြဖို့ လိုပါတယ်။ ကျန်းမာရေးကို ဖျက်ဆီး၊ ပညာရေးကို ဖျက်ဆီးနေတာဟာ နိုင်ငံကို ချစ်တာမဟုတ်ပါဘူး၊ ပြည်သူကို ချစ်တာမဟုတ်ပါဘူး၊ ဖျက်ဆီးနေကြတာပါ။ ဒီလို ဖျက်ဆီးနေကြသူတွေဟာ ဒီမိုကရေစီကို လိုလားတယ်ဆိုတာ အပြောတခြား အလုပ်တခြားပဲ ဖြစ်ပါလိမ့်မယ်။ တစ်နည်းအားဖြင့်တော့ ဒီမိုကရေစီကို ခုတုံးလုပ်နေကြသူတွေပဲ ဖြစ်ပါလိမ့်မယ်။ ဒီလိုလူတွေက နုနယ်ပြီး အပြစ်ကင်းတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ဘဝကို ဖျက်ဆီးဖို့ ရည်ရွယ်လုပ်ဆောင်နေကြပါပြီ။ အချိန်မီ ထိထိရောက်ရောက် ဝိုင်းဝန်းတားဆီးကြဖို့ တိုက်တွန်းလိုပါတယ်။

နောက်ပြီး ကျောင်းသားတွေကို လမ်းညွှန်ပြသ သင်ကြားပေးနေကြတဲ့ ဆရာ ဆရာမများဆိုတာ ဥယျာဉ်မှူးလို့ တင်စားဂုဏ်ပြုကြတာပါ။ အမှန်တကယ်လည်း အနာဂတ်ခေါင်းဆောင်တွေကို ပြုစုပျိုးထောင်ကြသူများလည်း ဖြစ်ကြပါတယ်။ ဒီတော့ ကျောင်းသား ကျောင်းသူများကို ဦးဆောင်နေကြတဲ့ ဆရာ ဆရာမများကိုယ်တိုင်က တည်ဆဲအစိုးရကိုမကြိုက်လို့ ဆန့်ကျင်တာနဲ့ ပညာရေးကို ဖျက်ဆီးတာကိုတော့ ခွဲခွဲခြားခြားနားလည်ကြစေချင်ပါတယ်။ ကိုယ်မကြိုက်ရင် ကိုယ်တစ်ယောက်တည်းပဲ ဆန့်ကျင်ပါ။ ကျောင်းသား ကျောင်းသူတွေရဲ့ ဘဝတွေကိုတော့ မဖျက်ဆီးသင့်ပါဘူး။ ဆရာတစ်ယောက်ရဲ့ ကျင့်ဝတ်နဲ့မညီသလို ပညာတတ်တစ်ယောက်ရဲ့ တွေးခေါ်ယူဆမှုလို့လည်း သတ်မှတ်လို့မရပါဘူး။ ဆရာ ဆရာမတွေအနေနဲ့ လူဆိုးတွေကို မွေးထုတ်မှာလား၊ နိုင်ငံ့သားကောင်းများကို မွေးထုတ်ကြမှာလားဆိုတာ သတိပြုစေလိုလှပါတယ်။ တပည့်မကောင်း ဆရာ့ခေါင်း မဖြစ်စေလိုပါဘူး။ ဆရာမကောင်းလို့ မိဘသတ်တဲ့သား ဖြစ်သွားတဲ့အတွက် ဆရာလည်းမကောင်း တပည့်လည်း မကောင်း၊ ဖြစ်လာတဲ့အကျိုးဆက်လည်း မကောင်းပါဘူး။

မြန်မာ့ပညာရေး ဦးမော့လာအောင် ပြုပြင်ပြောင်းလဲလုပ်ဆောင်နေတာတွေ အများကြီးပါ။ ၂၀၁၁ ခုနှစ်ကစလို့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို ထိပ်တန်းဦးစားပေးအနေနဲ့ လုပ်နေပါတယ်။ ထိုက်သင့်တဲ့ တိုးတက်မှုတွေလည်း ရှိနေပါပြီ။ ဒီလိုတိုးတက်လာတာဟာ ကျောင်းသား ကျောင်းသူတွေ အနာဂတ်အတွက်၊ နိုင်ငံအနာဂတ်တည်ဆောက်ရေးအတွက် ဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ ကလေးတွေရဲ့ပညာရေးကို ပြန်မနိမ့်ကျစေချင်ပါဘူး။ ထပ်ပြီးမြင့်တက်လာဖို့ပဲ မျှော်လင့်မိပါတယ်။ ကလေးတွေ ပညာရေးမြင့်တက်ဖို့ ကျောင်းသား၊ မိဘ၊ ဆရာ ဟန်ချက်ညီကြဖို့လိုပါတယ်။ ကျောင်းမတက်ရေး လှုံ့ဆော်နေတာတွေကိုလည်း ကျောင်းသား၊ မိဘ၊ ဆရာများအပြင် သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း အချိန်မီတားဆီးပေးကြဖို့ လိုပါလိမ့်မယ်။ ကျောင်းမတက်ရေး လှုံ့ဆော်မှုနောက်ကွယ်က ရည်ရွယ်ချက်က တည်ဆဲအစိုးရကို ဆန့်ကျင်ဆန္ဒပြရေးထက်ပိုတဲ့ နိုင်ငံ့ပညာရေး နိမ့်ကျရေး၊ လူငယ်များရဲ့အနာဂတ်ဖျက်ဆီးရေး၊ နိုင်ငံ့အနာဂတ်ဖျက်ဆီးရေးလို့ မြင်မိပါတယ်။

ဒီနေရာမှာ ကျောင်းသားလူငယ်တွေ ပညာရေးအတွက် အရေးကြီးတဲ့သူတစ်ဦးကတော့ မိဘတွေပဲ ဖြစ်ပါတယ်။ မိဘတွေအနေနဲ့ နိုင်ငံရေးနဲ့ ပညာရေးအကြား ခွဲခွဲခြားခြား ဖြစ်ဖို့လိုပါတယ်။ နိုင်ငံရေးလုပ်ချင်တယ်ဆိုရင်လည်း ပညာတတ်နိုင်ငံရေးလုပ်စေချင်တာလား၊ ပညာမဲ့နိုင်ငံရေးလုပ်စေချင်တာလားလို့ မေးချင်ပါတယ်။ မိဘတွေအနေနဲ့ မျက်တောင်မွေးတစ်ဆုံးအမြင်ထက် မျက်စိတစ်ဆုံးအမြင် ကြည့်စေချင်ပါတယ်။ ဒါမှလည်း ကိုယ့်သားသမီးပညာရေးအတွက် မှန်ကန်တဲ့ ဆုံးဖြတ်ချက်၊ မှန်ကန်တဲ့လမ်းညွှန်မှုတွေ ပေးနိုင်မှာပါ။ သူ့သားသမီး၊ ကိုယ့်သားသမီး ကိုယ်ချင်းစာတရားနဲ့ စဉ်းစားပေးကြဖို့လည်း တိုက်တွန်းလိုပါတယ်။

အခုလို တိုက်တွန်းရတာက အစွန်းရောက်အတွေးတွေနဲ့ လုပ်ဆောင်ချက်တွေနောက် နားမယောင်ကြဖို့၊ ကျောင်းသား ကျောင်းသူတွေကို သားသမီးချင်း ကိုယ်ချင်းစာလို့၊ မဖြစ်သင့်တာ မဖြစ်စေလိုတဲ့ ရည်ရွယ်ချက်သာ ဖြစ်ပါတယ်။

**မျိုးငြိမ်းငယ်**

# အခြေခံပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၃**

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပံ့ပိုးပေးမည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျောင်းများ မဖွင့်နိုင်ခဲ့သည်မှာ တစ်နှစ်ဝန်းကျင် ရှိခဲ့ပြီဖြစ်ပြီး ပညာတတ်ဘွဲ့ရများ မွေးထုတ်ပေးရန် တစ်နှစ်နောက်ကြခဲ့ပြီဖြစ်ပါကြောင်း၊ ပညာမသင်ကြားရသည့်အတွက် ကျောင်းသားကျောင်းသူများအတွက် နစ်နာသလို နိုင်ငံတော်အတွက်လည်း နစ်နာပါကြောင်း၊ မကြာခင် ဇွန် ၁ ရက်တွင် အခြေခံပညာကျောင်းများအားလုံး တစ်ပြိုင်တည်းဖွင့်လှစ်တော့မည်ဖြစ်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံ၏ပညာရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ယနေ့အစည်းအဝေးကို ရောက်ရှိလာသည့် ဆရာကြီး ဆရာမကြီးများနှင့်အတူ အားလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းစုပေါင်းကာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းအပ်နှံရေး သီတင်းပတ်ကို မေ ၂၄ ရက်မှမေ ၃၁ ရက်အထိ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်များကိုလည်း တစ်ပြိုင်တည်း စိုက်ထူ၍ လှုံ့ဆော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေလိုသူများက ကျောင်းအပ်နှံသည့်အခါ ငွေကြေးများ ကောက်ခံမည်ဟု ကောလာဟလ သတင်းမှားများ ထုတ်လွှင့်ကာ ပြည်သူများ အထင်အမြင်မှားအောင် ဆောင်ရွက်မှုများရှိနေသည်ကို တွေ့ရပါကြောင်း၊ သို့ဖြစ်၍ ပြည်သူများ သတင်းမှန်သိအောင် မိမိတို့က အချိန်နှင့်တစ်ပြေးညီ သတင်းမှန်များကို အသိပေးဆောင်ရွက်ကြရန်လိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ မူလတန်းအဆင့်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်(၁)ဒါဇင်၊ ခဲတံ(၄)ချောင်းစီ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ် (၁)ဒါဇင်၊ ခဲတံ(၂)ချောင်းနှင့် ဘောပင်(၂)ချောင်းစီ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများတစ်ဦးလျှင် ပြန်လည်အသုံးပြုနိုင်သည့် Mask (၂)ခုစီ၊ Face Shield (၁)ခုစီတို့ကို ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း။

**ပံ့ပိုးပေးထားပြီးဖြစ်**

ကျောင်းအားလုံးကိုလည်း ကိုယ်အပူချိန်တိုင်း ကိရိယာ (Infrared thermometer)များကို ပံ့ပိုးပေးထားပြီး ဖြစ်ပါကြောင်း၊ ဆရာကြီး ဆရာမကြီးများအနေဖြင့် မိမိတို့နေရာဌာန ပြန်ရောက်သည့်အခါ အခမဲ့ပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ သိသင့်သိထိုက်သည်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ထပ်ဆင့်ရှင်းလင်းအကောင်အထည်ဖော်ဆောင်ရွက်စေလိုပါကြောင်း၊ ဝန်ထမ်းအားလုံးသည် ပါတီနိုင်ငံရေး ကင်းရှင်းရန်လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအားလုံးသည်လည်း နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ပါတီနိုင်ငံရေး ကင်းရှင်းရန် လိုအပ်ပါကြောင်း၊ ခေတ်စနစ် မည်သို့ပင်ပြောင်းနေပါစေ ဝန်ထမ်းများသည် ကိုယ့်အလုပ်ကို တာဝန်ကျေပွန်အောင် လုပ်ဆောင်ကြရမည်သာ ဖြစ်ပါကြောင်း၊ မိမိတို့ပညာရေးဝန်ထမ်းသည် အခြားသောဌာနဝန်ထမ်းများနှင့် မတူပါကြောင်း၊ နိုင်ငံ၏အနာဂတ် သားကောင်းရတနာများကို မွေးထုတ်ပေးနေသည့်ပွဲကိုင်ရှင် ဆရာ ဆရာမများဖြစ်ပါကြောင်း၊ မိမိတို့၏ခံယူချက်၊ ယုံကြည်ချက်၊ ယူဆချက်များ မှန်ကန်ပါမှ ကျောင်းသား ကျောင်းသူများကို မှန်ကန်စွာ ပညာသင်ကြားပေးနိုင်မည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအား ကျောင်းပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာများအပြင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ယဉ်ကျေးမှုများ၊ လိမ္မာရေးခြားရှိစေမည့် ဘာသာရေး အဆုံးအမ သင်ခန်းစာများကိုလည်း သင်ကြားပေးစေလိုပါကြောင်း၊ သားသမီးက မိဘကို၊ အငယ်ကအကြီးကို၊ တပည့်က ဆရာကို စသည်ဖြင့် အပြန်အလှန်လေးစားမှု ဂါရဝတရားများရှိအောင်၊ လိမ္မာယဉ်ကျေးအောင်၊ ပညာတတ်အောင် အခြေခံ ပညာရေးကတည်းက ပြုစုပျိုးထောင်သင်ကြားပေးကြရမည်ဖြစ်ပါကြောင်း။

**ဖေးမကူညီ**

ဆရာ ဆရာမများအနေဖြင့် စီမံကိန်းများဆောင်ရွက်ရာတွင် ငွေကြေးပြဿနာများ ကင်းရှင်းအောင် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့်အညီ ဆောင်ရွက်စေလိုပါကြောင်း၊ မွန်မြတ်သော ဆရာဟူသည့် ဂုဏ်သိက္ခာကို တန်ဖိုးထား၍ ပညာရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်စေလိုပါကြောင်း၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ ကလေးများအားလုံး အခမဲ့ပညာရေးစနစ်ဖြင့် ပညာသင်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ ကလေးများအတွက်၊ ပညာရေးအတွက်၊ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများအား လုပ်ငန်းခွင်သို့ ရောက်အောင် ဖေးမကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့ကျောင်းများအတွက် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြပါက အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းများဖွင့်လှစ်ရာတွင် ဘေးပတ်ဝန်းကျင်၏ ရိုက်ခတ်မှုများမရှိစေရေးအတွက် ဆရာကြီး ဆရာမကြီးများ အားလုံးအတွက် လုံခြုံရေးအပြည့်အဝဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်ရေး စိတ်အေးချမ်းသာစွာဖြင့် ပြည်သူများနှင့်အတူ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် အခြေခံပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများက အခြေခံပညာကဏ္ဍလုပ်ငန်းများနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများက ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေး ဖြေကြား၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေ့လာစို့

# သင်အံလေ့လာ မြတ်ပညာ

☆ ငယ်ကပညာ၊ ကြိုးစားကာပင်
လေ့လာသင်မှ၊ သားလူလုရဲ့
မျှော်တရှေ့ရေး၊ ငြိမ်းအေးပွင့်လန်း
ဘေးမသန်း ကွာ၊ ပန်းဝေဆာလိမ့်။

☆ ပညာပြည့်ဝ၊ ကိုလုံမှလျှင်
ဘဝရှင်လန်း၊ ကိုယ်စီစွမ်းပြ
ဝမ်းစာပါမို့၊ ဂုဏ်တို့မြင့်မား
အများကောင်းကျိုး၊ သယ်ပိုးပိုင်ပိုင်
စွမ်းဆောင်နိုင်အား၊ လွှန်ခဲ့ညား၏။

☆ ပညာတတ်သိ၊ ဉာဏ်မျက်စိဖြင့်
နှိုင်းညှိချင့်စွမ်း၊ မြဲတတ်ကျွမ်းမှ
လောကရေးရာ၊ အဖြာဖြာကို
ပို လို မှန် မှား၊ ခွဲခြားမြင်တတ်
ဆုံးဖြတ်သည့်ဉာဏ်၊ အောင်ပွဲခံ၏။

☆ ဩော်..
ပညာဟူကား၊ မှန်မှားချင့်ချိန်
အတိမ်အနက်၊ ဖြစ်ပျက်ကောင်းဆိုး
ကြောင်းကျိုးတွက်စစ်၊ နည်းစနစ်ကျ
တိုင်းဆဖြေညှိ၊ ဖိုးထိုက်ဘိမို့
အသိပညာ၊ ငယ်ခါကြိုးစား
မှတ်သားရှာဖွေ၊ ကျောင်းမှာနေလျက်
ကျောင်းမပျက်နှင့်၊ ဘဝတွက်တာ
မြတ်ပညာတွေ သင်စို့လေ။
သားတို့သမီးတို့ ကောင်းဖို့ပေ။ ။

ကျော်စွာမိုးနိုင်

# နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် ရေဆင်းငါးလုပ်ငန်းစခန်းအတွင်း ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော်  မေ  ၃**
နေပြည်တော်ကောင်စီဥက္ကဋ္ဌဒေါက်တာမောင်မောင်နိုင်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းငါးလုပ်ငန်းစခန်းတွင် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ငါးသားပေါက် ထုတ်လုပ်ဖြန့်ချိနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ညိုညိုအေးက ရေဆင်းငါးလုပ်ငန်းစခန်းအတွင်း မျိုးငါးကန်၊ ပြုစုကန်နှင့် ရေလှောင်ကန်များ ဖွဲ့စည်းထားရှိမှု၊ ငါးသားပေါက်များ မွေးမြူထုတ်လုပ်ဖြန့်ချိနေမှု၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငါးမျိုးစိုက်ထည့်သွားမည့်အခြေအနေများနှင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)စနစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ဈေးကွက်ဝင် ငါးများ တိုးချဲ့မွေးမြူဆောင်ရွက်သွားနိုင်ရေး၊ ရာသီဥတုဒဏ်ခံ၊ အကြမ်းခံငါးမျိုးစိတ်များ မွေးမြူဆောင်ရွက်ရေးနှင့် ငါးများတွင်ဖြစ်ပွားတတ်သည့် ရောဂါများကို အထူးဂရုပြု ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က အသားစားငါးမွေးမြူခြင်းလုပ်ငန်းများအပြင် အလှမွေးငါးမွေးမြူဖြန့်ချိခြင်းလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်သွားနိုင်ရေးနှင့် ဒေသခံတောင်သူများနှင့်ပူးပေါင်း၍ ဒေသအတွင်းရှိကန်၊အင်း၊အိုင်များအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကိုစနစ်တကျတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

**လိုက်လံရှင်းလင်းပြသ**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ရေဆင်းငါးလုပ်ငန်းစခန်းအတွင်း မျိုးငါးထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ငါးသားဖောက်ခြင်းလုပ်ငန်းများနှင့် ငါးသားပေါက် ထုတ်လုပ်ဖြန့်ချိခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ညိုညိုအေးနှင့် ရေဆင်း ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစိုးပိုင်တို့က လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

ရေဆင်း ငါးလုပ်ငန်းစခန်းအတွင်း မျိုးငါးကန် ၁၂ ကန်၊ ပြုစုကန် ၄၀ နှင့် ရေလှောင်ကန် နှစ်ကန်တို့ဖြင့် မျိုးငါးထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ငါးသားဖောက်ခြင်းလုပ်ငန်းများနှင့် ငါးသားပေါက် ထုတ်လုပ်ဖြန့်ချိခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း ငါးသားပေါက်ကောင်ရေ သိန်း ၄၀ ကို ဒေသအတွင်းရှိ ဆည်တာတမံများ၊ မြစ်ချောင်းအင်းအိုင်များနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတောင်သူများထံ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# “Press Freedom ကို ဦးတည်ကာ မီဒီယာစင်တာ ထူထောင်ကြစို့” စကားဝိုင်း ကျင်းပ

**ရန်ကုန်  မေ  ၃**
မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက The World Press Freedom Day ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် “Press Freedom ကို ဦးတည်ကာ မီဒီယာစင်တာ ထူထောင်ကြစို့”စကားဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း အမှတ်(၃၉၂/၃၉၆)ရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး၌ ကျင်းပသည်။

**အမှာစကားပြောကြား**

စကားဝိုင်းဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။



“မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှာ ထွက်သွားတဲ့ ကောင်စီဝင်တွေနေရာဖြည့်ဖို့ လိုအပ်ချက်က ပြည့်စုံသွားပြီ။ အဲဒီလိုပြည့်သွားတဲ့ အချိန်မှာပဲ ဒီနေ့က The World Press Freedom Day ဆိုတော့ မီဒီယာအကုန်လုံးနဲ့ သက်ဆိုင်တဲ့အတွက် ရွေးချယ်ခံရတဲ့ သတင်းမီဒီယာကောင်စီဝင်အသစ်တွေနဲ့ မိတ်ဆက်ပေးချင်တယ်။ ဒါက ကျွန်တော်တို့အတွက် အလွန်အရေးကြီးတဲ့ လှုပ်ရှားမှုတစ်ခုပါ။ မီဒီယာစင်တာလေးလုပ်ဖို့။ အခုကောင်စီဝင် အသစ်တွေကလည်း မီဒီယာနဲ့ပတ်သက်ပြီး အတွေ့အကြုံရှိတဲ့ သူတွေဆိုတော့ သူတို့ပြောတာတွေက အလွန်ကိုတန်ဖိုးရှိတဲ့ အချက်အလက်တွေဖြစ်တယ်။ ကျွန်တော်တို့လုပ်နေတဲ့ မီဒီယာစင်တာရဲ့ လိုအပ်တဲ့အချက်တွေမှာ ဒါတွေကို ထပ်ပြီး ပြန်လည်ပံ့ပိုးပေးလိုက်ရင် နိုင်ငံအတွက် အရေးပါတဲ့၊ လက်တွေ့ကျတဲ့ မီဒီယာစင်တာလေးဖြစ်နိုင်တယ်လို့ ယုံကြည်ပါတယ်”ဟု မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်က ပြောသည်။

**ဆွေးနွေး**

ယနေ့ ဆွေးနွေးပွဲတွင် The World Press Freedom Day ၏ ဂုဏ်ပြုဆောင်ပုဒ်ဖြစ်သည့် “Press Freedom ကို ဦးတည်ကာ မီဒီယာစင်တာ ထူထောင်ကြစို့”နှင့်အညီ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများက မီဒီယာစင်တာ ထူထောင်ရေးနှင့်စပ်လျဉ်း၍ မိမိတို့ အတွေ့အကြုံများအရ အဆိုပြုချက်များကို တင်ပြ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာကျောင်းများ၌ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ စတင်ဆောင်ရွက်

**နေပြည်တော်  မေ  ၃**
ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့ဖြစ်ပွားလျက်ရှိကာ မိမိတို့နိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုများရှိခြင်းကြောင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများကို ခေတ္တပိတ်ခဲ့ရ၍ ပညာသင်ကြားမှုများကို ရပ်ဆိုင်းခဲ့ရသည်။ ထိုသို့ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများကို ပိတ်ထားခဲ့ရသည့်အတွက် နစ်နာခဲ့မှုများကို ပြန်လည်ကုစား၍ ပညာဆက်လက်သင်ကြားခွင့်ရရှိစေရေးအတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ သင်တန်းများ၊ အခြေခံပညာကျောင်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်၊ ကုသရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

**ပြန်လည်ဖွင့်လှစ်မည်**

ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ)သင်တန်းများ၊ နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာ ကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I သုံးနှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများကို မေ ၅ ရက်တွင် လည်းကောင်း၊ အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း)ကျောင်းများကို ဇွန် ၁ ရက်တွင် လည်းကောင်း ပုံမှန်စာသင်နှစ်အတိုင်း ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများက ယနေ့တွင် သက်ဆိုင်ရာတက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများသို့ သွားရောက်၍ လိုအပ်သည့် ပြင်ဆင်မှုများ၊ ရုံးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒေသထွက် အာလူးနှင့် ကြက်သွန်ဖြူများ ဖြန့်ဖြူးရောင်းချ

**နေပြည်တော်  မေ  ၃**
ရှမ်းပြည်နယ် တောင်ပိုင်း/အရှေ့ပိုင်း သမဝါယမအသင်းစုချုပ်က ရှမ်းပြည်နယ်၏ ဒေသထွက်ကုန်များဖြစ်သည့် အာလူးနှင့် ကြက်သွန်ဖြူများကို စိုက်ပျိုးရောင်းချကြသည့် တောင်သူများ ဈေးကွက်တည်ငြိမ်စေရေးနှင့် ဆုံးရှုံးမှုများမရှိစေရေးတို့အတွက် အကူအညီအထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းအဆင့်ဆင့်တို့နှင့် ချိတ်ဆက်ပြီး ဝယ်ယူဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ဧပြီ ၂၉ ရက်တွင် နေပြည်တော်သို့ အာလူးပိဿာချိန် ၃၅၀၀ နှင့် ကြက်သွန်ဖြူပိဿာချိန် ၂၅၀၀၊ စုစုပေါင်းအာလူး/ကြက်သွန်ဖြူပိဿာချိန် ၆၀၀၀ ကို တင်ပို့ခဲ့ပြီး ကျန်ရှိနေသော တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းစုချုပ်များနှင့် ချိတ်ဆက်၍ ဆက်လက်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ဆိုင်ရာ အစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၃**

တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ဥပဒေစိစစ်အကြံပြုရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်က ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၁)တွင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ "ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ဥပဒေများရေးဆွဲပြီး ပြဋ္ဌာန်းခြင်းမပြုနိုင်သေးသည့် ဥပဒေများစွာ ရှိသည်ဟုသိရှိရကြောင်း၊ တက္ကသိုလ်များရှိ ဥပဒေဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများကို ထုတ်နုတ်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပူးပေါင်း၍ ဥပဒေများ အမြန်ဆုံးပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်" ဟု လမ်းညွှန်ချက်အရ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မတ် ၉ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး လတ်တလော ပြဋ္ဌာန်းသင့်သည့် ဥပဒေကြမ်းများစာရင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံးသို့ တင်ပြခဲ့ကြောင်း။

တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)မှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၉-က ကို ဖြည့်စွက်ခြင်းဖြစ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ တရားစီရင်ရေးလုပ်ငန်းစဉ်၏ သီးခြားဖြစ်သော အငြင်းပွားသူများအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် အငြင်းပွားမှုဖြေရှင်းခြင်း နည်းလမ်းတစ်ရပ်အဖြစ် Mediation လုပ်ငန်းစဉ် ထူထောင်ရန်အတွက် လိုအပ်ချက်ဖြစ်ပြီး နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့် ဆန့်ကျင်မှုမရှိသည့်အပြင် လတ်တလော ပြဋ္ဌာန်းရန်လိုအပ်သည့် ဥပဒေဖြစ်ကြောင်း၊ လတ်တလော ပြဋ္ဌာန်းရန်သင့်သည့် အခြားဥပဒေများနှင့် စပ်လျဉ်း၍လည်း ယခုကဲ့သို့ အစည်းအဝေးများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။


**ညှိနှိုင်းဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိသူများက တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၈၉-က (မူကြမ်း)နှင့်စပ်လျဉ်း၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၂၄) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး ကျင်းပ





**နေပြည်တော် မေ ၃**

(၂၄) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (24th ASEAN+3 Finance Ministers' and Central Bank Governors' Meeting) ကို ယနေ့နံနက် ၉ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank–ADB) ဥက္ကဋ္ဌ၊ အာဆီယံ+၃ မေခရိုစီးပွားရေး သုတေသနရုံး (ASEAN+3 Macroeconomic Research Office – AMRO) ညွှန်ကြားရေးမှူး၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund–IMF) ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးတို့ ပါဝင်တက်ရောက်ကြကာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေတို့ တက်ရောက်ကြသည်။

ပထမဦးစွာ အာဆီယံ+၃ မေခရိုစီးပွားရေး သုတေသနရုံး (ASEAN+3 Macroeconomic Research Office–AMRO)မှ ဒါရိုက်တာ Mr. Toshinori Doi က "Macroeconomic Prospects and Challenges in 2021" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)မှ ဥက္ကဋ္ဌ Mr. Masatsugu Asakawa က "Ensuring Sustainable and Resilient Recovery and Growth in ASEAN+3" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Mr. Mitsuhiro Furusawa က "Global Economic Outlook and Securing a Transformation Green, Digital and Inclusive Recovery" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးတင်ပြဆွေးနွေးခဲ့ကြရာ အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက မိမိတို့နိုင်ငံများအလိုက် ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာသည့် လတ်တလော စီးပွားရေးအခြေအနေနှင့် စီးပွားရေးအပေါ် သက်ရောက်မှုများကို အနည်းဆုံးဖြစ်စေရန်နှင့် စီးပွားရေးပြန်လည် ဦးမော့မှုရရှိရေးအတွက် မဟာဗျူဟာမြောက် တုံ့ပြန်ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆက်လက်၍ အာဆီယံ+၃ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ချင်းမိုင်အစီအစဉ်တွင် နိုင်ငံများပါဝင်ခြင်း သဘောတူစာချုပ် (Chiang Mai Initiative Multilateralization –CMIM Agreement) အကောင်အထည်ဖော်မှု၊ အာဆီယံ+၃ မေခရိုစီးပွားရေး သုတေသနရုံး (ASEAN+3 Macroeconomic Research Office–AMRO)၏ လုပ်ငန်းတိုးတက်မှု၊ အာရှငွေချေးစာချုပ်ဈေးကွက်အစီအစဉ် (Asian Bond Markets Initiatives–ABMI) အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အာဆီယံ+၃ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှု (ASEAN+3 Finance Process) အကောင်အထည်ဖော် ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် လမ်းညွှန်မှုများ ပေးခဲ့ကြသည်။

**သဘောတူညီခဲ့ကြ**

ယင်းနောက် (၂၄) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (24th AFMGM+3)၏ ပူးတွဲကြေညာချက် (Joint Statement) ကို အပြီးသတ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ၂၀၂၂ ခုနှစ် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးကို သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ကျင်းပရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ခါချဉ်ကောင် မာန်ကြီးသော်လည်း

**သွင်လန်း**

နေ့စဉ်နေ့တိုင်း တီဗွီ၊ ရေဒီယို၊ သတင်းစာများတွင် နိုင်ငံတစ်ဝန်း အချို့မြို့များ၌ ဆူပူအကြမ်းဖက်မှု၊ မီးရှို့မှု၊ ဖောက်ခွဲဖျက်ဆီးမှုသတင်းများ ကြားသိမြင်တွေ့နေရသည်။

ဒီမိုကရေစီတောင်းဆိုမှုကို ဗန်းပြကာ ဒီမိုကရေစီ၏ အနှစ်သာရနှင့် ဆန့်ကျင်ဘက်ဖြစ်သော မင်းမဲ့စရိုက်ပုံစံ ဆူပူအုံကြွမှုများ၊ အေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးသည့်လုပ်ရပ်များကို လက်ရဲဇက်ရဲလုပ်ဆောင်လာကြသည်။

ကြွက်မနိုင် ကျီမီးနဲ့ရှို့ ဆိုတာမျိုး အဓိပ္ပာယ်မရှိ လုပ်လာကြသည်။ ယနေ့ ဆူပူအုံကြွဆန့်ကျင်သူများ၏ လုပ်ရပ်များကို ကြည့်လိုက်လျှင် တစ်ချိန်က လက်နက်ကိုင်သောင်းကျန်းသူများ၏ လုပ်ရပ်များနှင့် ဘာမျှမခြားတော့သည်ကို တွေ့လာရသည်။ အများပြည်သူတို့၏ အသက်အိုးအိမ် ပျက်စီးရာပျက်စီးကြောင်းများ လုပ်လာကြသည်။ ရထားလမ်းဖျက်၊ တံတားဖျက်၊ စက်ရုံမီးရှို့၊ ပြည်သူပိုင်ရုံး၌ာန၊ ဘဏ်အဆောက်အအုံများကို လက်လုပ်ဗုံး၊ မီးကွင်း၊ မီးပုလင်းများဖြင့် ဖျက်ဆီးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား နှောင့်ယှက်ပစ်ခတ်ခြင်း၊ အပြစ်မဲ့ပြည်သူများအား အနိုင်ကျင့်သတ်ဖြတ်ခြင်းများသည် တောမီးမလောင်ဘဲ တောကြောင်လက်ခမောင်းခတ်နေကြခြင်းသာ ဖြစ်သည်။

### လူငယ်နှစ်ဦး၏ဖြစ်ရပ်

ဒီကြားထဲတွင် လက်နက်ကိုင်အဖွဲ့များနယ်မြေသို့ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ရန် လျှို့ဝှက်သွားရောက်စဉ် သက်ဆိုင်ရာက ဖမ်းဆီးရမိသည့်လူငယ်များ၏သတင်းများ ကြားသိလာရရာ ရှစ်လေးလုံးကာလကလည်း ယခုကဲ့သို့ပင် ခါချဉ်ကောင် မာန်ကြီး တောင်ကြီးဖြိုမည့်အကြံဖြင့် လက်နက်ကိုင်သောင်းကျန်းသူနယ်မြေသို့ သွားရောက်ကာ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်၍ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ပြည်တွင်းသို့ ပြန်ဝင်လာသူ လူငယ်နှစ်ဦး၏ဖြစ်ရပ်ကို စာရေးသူ ပြန်လည်မြင်ယောင်လာမိသည်။

၁၉၉၀ ပြည့်နှစ်ခန့်က ဖြစ်ပါသည်။ စာရေးသူသည် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရင်း ကိုယ်ပိုင်အချိန်များတွင် ဓာတ်ပုံရိုက်ကူးသည့်အလုပ်ကို ဝါသနာအလျောက် လုပ်ကိုင်ခဲ့ပါသည်။ ညတစ်ည၏ သန်းခေါင်ယံအချိန်လောက်တွင် စာရေးသူနေထိုင်ရာ သာကေတမြို့နယ်ရှိ နေအိမ်ရှေ့မှ စာရေးသူ၏အမည်ကို အရေးတကြီး ခေါ်သံကြား၍ ပြန်ထူးလိုက်ပြီး အိမ်ရှေ့ကို ထွက်ကြည့်လိုက်ရာ တပ်ဖွဲ့ဝင်တချို့ မာဇဒါလေးဘီးကားလေးဖြင့် အိမ်ရှေ့တွင်ရောက်နေသည်ကို တွေ့လိုက်ရပါသည်။

သူတို့က အရေးတကြီးဓာတ်ပုံရိုက်စရာရှိ၍ သူတို့နှင့်လိုက်ခဲ့ပေးရန် ပြောသည့်အတွက် စာရေးသူလည်း ကင်မရာယူပြီး အဲဒီကားလေးဖြင့် လိုက်သွားလိုက်ပါသည်။ ကားနောက်ခန်းတွင် စာရေးသူနှင့်အတူ တပ်ဖွဲ့ဝင်နှစ်ယောက်၊ အခြားလူငယ်တစ်ယောက်တို့ လိုက်ပါခဲ့ကြပါသည်။ ကားရှေ့ခန်းတွင် ယာဉ်မောင်းရဲဘော်နှင့် တပ်မတော်အရာရှိတစ်ဦး လိုက်ပါလာပါသည်။ သာကေတမြို့နယ် ရပ်ကွက်တစ်ခုရှိ လမ်းတစ်လမ်းထဲသို့ ချိုးဝင်ခဲ့ပြီး ကားနောက်ခန်းရှိ လူငယ်ညွှန်ပြသည့် အိမ်တစ်အိမ်ရှေ့တွင် ကားကိုရပ်လိုက်ပြီး ကားပေါ်ပါသည့်လူငယ်က ရှေ့ကနေ အိမ်တံခါးနားကို သွားရပ်ပြီး လူငယ်တစ်ယောက်၏အမည်ကို အော်ခေါ်ကာ နိူးလိုက်ပါသည်။

အိမ်ထဲက အသက်ကြီးကြီး အဘိုးကြီးတစ်ယောက်က "ဘယ်သူတွေလဲ၊ ကျုပ်သား နေမကောင်းလို့ အိပ်ရာထဲလဲနေတယ်၊ ဘာကိစ္စရှိလို့လဲ" ဟု အော်မေးသံကြားရပါသည်။ အပြင်ကလူငယ်က သူ့အမည်ကို ပြောပြပြီး သူနှင့်အတူ တာဝန်ရှိသူများပါလာသည့်အကြောင်း၊ အရေးကြီးကိစ္စစစ်ဆေးစရာရှိ၍ တံခါးဖွင့်ပေးရန် ပြောလိုက်သည့်အခါ အိမ်ရှင်အဘိုးကြီးက တံခါးဖွင့်ပေးလိုက်ချိန်တွင် တပ်မတော်အရာရှိက အသေးစိတ်ရှင်းပြတော့မှ လာရောက်စစ်ဆေးရသည့်အကြောင်းရင်းကို သိလိုက်ရပါတော့သည်။

၁၉၈၈ အရေးအခင်းမှာ ကျောင်းသားလူငယ်အချို့သည် အဖမ်းအဆီးခံရမည်ကို ကြောက်ရွံ့သောကြောင့် လက်နက်ကိုင်သောင်းကျန်းသူများရှိရာ နယ်မြေထဲသို့ ထွက်ပြေးခဲ့ကြပြီး သောင်းကျန်းသူအဖွဲ့အစည်းများတွင် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ခဲ့ကြပါသည်။ သူတို့ထဲကမှ ကျောင်းသားလူငယ်နှစ်ယောက်သည် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ရန်ကုန်သို့ ရောက်ရှိလာပြီး ပစ္စည်းများကို သာကေတကလူငယ်ထံတွင် သိမ်းဆည်းထားခဲ့ပါသည်။

### လက်ပစ်ဗုံးအလုံး ၃၀

ပစ္စည်းမပါသည့်လူငယ်ကို တပ်မတော်ထောက်လှမ်းရေးက ဖမ်းဆီးမိသွားသဖြင့် ၎င်း၏ ဖော်ထုတ်ချက်အရ ပစ္စည်းများထားရှိရာ ယခုနေအိမ်ကို လာရောက်ရှာဖွေသိမ်းဆည်းရခြင်း ဖြစ်ပါသည်။ အိမ်ရှင်အဘိုးကြီးက သူ့သားသည် ခရီးသွားရာမှ ပြန်ရောက်ကတည်းက ၄က်ဖျားတက်သလိုမျိုး အပြင်းဖျားပြီး အိပ်ရာထဲလဲနေကြောင်း ပြောပြပါသည်။ သူ၏သားဖြစ်သူကို အိပ်ရာထဲတွင် တဟင်းဟင်းညည်းတွားနေသည်ကိုတွေ့ရပြီး ၎င်း၏ဖော်ထုတ်ချက်အရ အိပ်ရာခုတင်အောက်တွင်ထားသည့် ခရီးဆောင်အိတ်ကို တာဝန်ရှိသူများက ဖွင့်လှစ်ရှာဖွေလိုက်သည့်အခါ လက်ပစ်ဗုံးအလုံး ၃၀ လောက်ကို တွေ့လိုက်ကြရပါသည်။

နာနတ်သီးဟု အများခေါ်ကြသည့် စစ်သုံးလက်ပစ်ဗုံးက ၁၀ လုံး၊ ပန်းသီးဟုခေါ်ကြသည့် အမေရိကန်လက်ပစ်ဗုံးက ၁၀ လုံး၊ နို့အေးချောင်းဟုခေါ်ကြသည့် တရုတ်လက်ပစ်ဗုံးက ၁၀ လုံး သိမ်းဆည်းရမိလိုက်ပါသည်။ သားဖြစ်သူနှင့်အတူ ဗုံးများပါလာသည်ကို ဖခင်ဖြစ်သူက လုံးဝမသိထားဘူးဟု ဆိုပါသည်။ ရမိသည့်ပစ္စည်းများကို မီးရောင်မှိန်မှိန်အောက်တွင် ဓာတ်ပုံရိုက်ရန် အဆင်မပြေသဖြင့် နယ်မြေရဲစခန်းအထိ စာရေးသူလိုက်သွားရပါသည်။ လေးဘီးကားလေး၏ နောက်ခန်း၌ အရေးယူခံရမည့် ကျောင်းသားလူငယ်နှစ်ဦး၊ တပ်ဖွဲ့ဝင်နှစ်ဦးနှင့် စာရေးသူတို့ ကျပ်ကျပ်သိပ်သိပ်ထိုင်၍လိုက်ပါကြရပြီး ရမိသည့်လက်ပစ်ဗုံးများကို ပုဆိုးတစ်ထည်နှင့်ထုပ်ပိုးကာ စာရေးသူတို့ပေါင်ပေါ်တွင်တင်လျက် သယ်ဆောင်လာခဲ့ရာ ဘဝတစ်သက်တာတွင် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို ပေါင်ပေါ်တင်ပြီး အသည်းတယားယားဖြင့် လိုက်ပါခဲ့ရသည့် အထူးခြားဆုံးအတွေ့အကြုံတစ်ခုပင် ဖြစ်ပါတော့သည်။

### ကျောင်းသားလူငယ်တချို့

ရဲစခန်းတွင် လက်ပစ်ဗုံးများကို အသေးစိတ် ဓာတ်ပုံရိုက်ပေးပြီးသည့်အခါ စာရေးသူ၏တာဝန်ပြီးဆုံး၍ အိမ်ပြန်ခဲ့ပါတော့သည်။ ၁၅ မိနစ်ခန့် ဗုံးများပေါင်ပေါ်တင်ပြီး လိုက်ပါခဲ့စဉ်မှာ ဘုရားစာများလည်း စုံနေအောင် ရွတ်နေမိခဲ့ပါသည်။ ၎င်းကာလ ရှစ်လေးလုံးအရေးအခင်းမှာ သောင်းကျန်းသူနယ်မြေသို့ ရောက်ရှိသွားသည့် ကျောင်းသားလူငယ်တချို့သည် ဒီမိုကရေစီနှင့် မည်သို့မျှ မအပ်စပ်သည့် လက်နက်ကိုင်လမ်းစဉ်နောက်ကို ရေလိုက်လွဲပြီး ရည်မှန်းချက်ပျောက်၊ ခံယူချက်ပျောက် ဒုက္ခသုက္ခများကြုံခဲ့ကြရပါသည်။

"ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီးဖြိုမယ့်ကြံ ခါးကမသန်" ဆိုသကဲ့သို့ မြို့ကြီးများတွင် ဖောက်ခွဲဖျက်ဆီးမည့် ရည်မှန်းချက်များလည်း ပျက်ခဲ့ကြပြီး ဖမ်းဆီးအရေးယူခံခဲ့ကြရာ ဥပဒေအရ ပြစ်ဒဏ်စီရင်ခြင်း ခံခဲ့ကြရပါသည်။

ရှစ်လေးလုံးကာလက လက်နက်ကိုင်သောင်းကျန်းသူနယ်မြေတွင် ကျောင်းသားတပ်မတော်အမည်ခံပြီး လက်နက်ကိုင်လှုပ်ရှားခဲ့ကြသူ ကျောင်းသားလူငယ် အများအပြားမှာ နဝတသူလျှို၊ ထောက်လှမ်းရေးသူလျှိုစသည်ဖြင့် အမည်တပ်ခံရပြီး ဖမ်းဆီးသတ်ဖြတ်ခံကြရသည့် သတင်းများလည်း နားမဆံ့အောင်ကြားခဲ့ရဖူးပြီဖြစ်ပါသည်။

ယခု ၂၀၂၂ ခုနှစ်မှာလည်း လူငယ်လူရွယ်များအနေဖြင့် မသမာသူများ၏ မြှောက်ပင့်ပေးမှုကို နားယောင်ကာ လမ်းလွဲမလိုက်မိကြစေရန်၊ မိမိအတွက်လည်းအကျိုးမရှိ၊ ပြည်သူအတွက်လည်း အကျိုးမရှိ၊ တိုင်းပြည်အတွက်လည်း အကျိုးမရှိသည့် အဓိပ္ပာယ်မဲ့ အကြမ်းဖက်လုပ်ရပ်များကို မလုပ်ဆောင်မိကြစေရန် စာရေးသူ၏ ကိုယ်တွေ့အတွေ့အကြုံနှင့်ယှဉ်၍ စေတနာကောင်းဖြင့် သတိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

**ကြွက်မနိုင် ကျီမီးနဲ့ရှို့ ဆိုတာမျိုး အဓိပ္ပာယ်မရှိ လုပ်လာကြသည်။ ယနေ့ ဆူပူအုံကြွဆန့်ကျင်သူများ၏ လုပ်ရပ်များကို ကြည့်လိုက်လျှင် တစ်ချိန်က လက်နက်ကိုင်သောင်းကျန်းသူများ၏လုပ်ရပ်များနှင့် ဘာမျှမခြားတော့သည်ကို တွေ့လာရသည်။ အများပြည်သူတို့၏ အသက်အိုးအိမ် ပျက်စီးရာပျက်စီးကြောင်းများ လုပ်လာကြသည်။ ရထားလမ်းဖျက်၊ တံတားဖျက်၊ စက်ရုံမီးရှို့၊ ပြည်သူပိုင်ရုံး၌ာန၊ ဘဏ်အဆောက်အအုံများကို လက်လုပ်ဗုံး၊ မီးကွင်း၊ မီးပုလင်းများဖြင့် ဖျက်ဆီးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား နှောင့်ယှက်ပစ်ခတ်ခြင်း၊ အပြစ်မဲ့ပြည်သူများအား အနိုင်ကျင့်သတ်ဖြတ်ခြင်းများသည် တောမီးမလောင်ဘဲ တောကြောင်လက်ခမောင်းခတ်နေကြခြင်းသာဖြစ်။**

## "အမြန် အမြန်"

ရပ်ထဲရွာထဲ ဗုံးခွဲသည့် တရားခံ၊
လူသေသေ၊ မသေသေ
မိလျှင် ထိုသူသေဒဏ်။
အပြစ်မဲ့ပြည်သူများအား
ရန်ပြုနှိပ်စက်နေသူများကို
ဤလောကမှ ဖယ်ရှင်းရန်၊
လုံခြုံအေးချမ်းလိုသူတို့၏
ဆန္ဒအမှန်။
ဖမ်းမိစေရမည်-အမြန်၊ အမြန်၊
လူအများထု၏ ရင်ဖွင့်သံ။
ရှင်းကြဟေ့- မီးကြွင်းမီးကျန်။ ။

**မောင်ဂိမ္ဘာန်**

# ရှမ်းပြည်နယ်အတွင်းရှိ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးများတွင် ဒေသခံတိုင်းရင်းသား ပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**တောင်ကြီး မေ ၃**

ရှမ်းပြည်နယ်အတွင်းရှိအထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးများတွင် ပြည်နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသား ပြည်သူများသာမက ရပ်နီးရပ်ဝေးမှ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာကိစ္စများ၊ ကာကွယ်ကုသရေးဆိုင်ရာကိစ္စများနှင့် အရေးပေါ်ကျန်းမာရေးကိစ္စများကို ကျန်းမာရေးဝန်ထမ်းများက ကုသစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

ရှမ်းပြည်နယ် တောင်ကြီးမြို့ ခုတင် (၅၀၀) ဆံ့ စဝ်စံထွန်းဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်း၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများက ဒေသအတွင်း ပြည်သူများ၏ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကာကွယ်/ကုသခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသဆောင်နှင့်သက်ဆိုင်သော အရေးပေါ်ကုသမှုဌာန(ပြင်ပလူနာ)၊ သွားနှင့်ခံတွင်းကုသမှုဌာန၊ ခတ်မှန်ဌာန၊ ခတ်ခွဲဌာနနှင့် ကျောက်ကပ်ဆေးဌာနတို့ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ရုံးချိန်အတွင်း၌ လည်းကောင်း၊ မျက်စိအထူးကုဌာနကို အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ သောကြာနေ့များ၏ ရုံးချိန်အတွင်း၌ လည်းကောင်း၊ ဆီးချိုအထူးကုဌာနနှင့် စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးစွဲကုသဌာနကို အပတ်စဉ် သောကြာနေ့တိုင်း ရုံးချိန်အတွင်း၌ လည်းကောင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကာကွယ်ကုသစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လားရှိုးမြို့ ခုတင်(၅၀၀)ဆံ့ ဆေးရုံ**

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ခုတင် (၅၀၀) ဆံ့ ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်မြင့်၏ ဦးဆောင်မှုဖြင့် ခတ်မှန်အထူးကုဆရာဝန်ကြီး ဒေါက်တာသန်းသန်းစိုး၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာနန်းအိမ္ဗွန်လင်း၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာမေသွယ်စု၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာမိုးကျော်တို့က ဒေသခံပြည်သူများ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအား စစ်ဆေးခြင်း၊ ကာကွယ်ကုသစောင့်ရှောက်ခြင်းလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံအထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် ဆီးချိုဝေဒနာရှင်များအတွက် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့များတွင် လည်းကောင်း၊ ဖျားနာကုသမှုအတွက် အထွေထွေရောဂါကုသမားတော်ကလည်းကောင်း၊ အရိုးအကြောဝေဒနာရှင်များအတွက် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့များတွင် လည်းကောင်း၊ ခွဲစိတ်ကုသမှုခံယူနိုင်ရန်အတွက် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့များတွင် ခွဲစိတ်အထူးကုဆရာဝန်ကြီးကလည်းကောင်း၊ အမျိုးသမီးရောဂါများအတွက် တနင်္လာနေ့၊ အင်္ဂါနေ့များတွင် သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးကလည်းကောင်း၊ ကလေးငယ်များနှင့် ပတ်သက်သည့်ရောဂါများအတွက် ကြာသပတေးနေ့နှင့် သောကြာနေ့များတွင် ကလေးအထူးကု ဆရာဝန်ကြီးကလည်းကောင်း သတ်မှတ်နေ့ရက်များတွင် နံနက် ၉ နာရီမှ ၁၂ နာရီထိ ကုသပေးလျက်ရှိကြောင်းသိရပြီး ရှမ်းပြည်နယ်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်သည့် ရပ်နီးရပ်ဝေးမှ ဒေသခံတိုင်းရင်းသား ပြည်သူလူထုများအနေဖြင့် ဖော်ပြပါဆေးရုံကြီးများတွင် မိမိတို့၏ ကျန်းမာရေးဆိုင်ရာကိစ္စများအား စစ်ဆေးခြင်းကာကွယ်ကုသခြင်း ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူနိုင်ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

## သံဖြူဇရပ်မြို့နယ်ပြည်သူ့ဆေးရုံတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**သံဖြူဇရပ် မေ ၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံတွင် ပြည်သူများအား ဧပြီလတတိယပတ်မှစတင်ကာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေကြောင်း သိရသည်။



သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာနှင့် အတွင်းလူနာများ အပါအဝင် အရေးပေါ်လူနာများကို မြို့နယ်ဆရာဝန်ကြီး အပါအဝင် လက်ထောက်ဆရာဝန်နှစ်ဦးနှင့် သူနာပြု ဆရာ၊ ဆရာမများက နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြောင်းနှင့် လိုအပ်ပါက မော်လမြိုင်မြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ခုတင်(၃၀၀)ဆံ့ စစ်ဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ကုသနိုင်ရေး စီစဉ်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မင်းခြံခရိုင် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လူနာများအား ဆေးကုသပေးလျက်ရှိ

**မြင်းခြံ မေ ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးကို မေ ၃ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်၍ လူနာများအား စတင်လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာဆရာဝန်များအလိုက် လုပ်ဆောင်မည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် မြင်းခြံခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် အဖွဲ့ဝင်များ၊ ဒေါက်တာမျိုးညွန့်နှင့် ကျန်းမာရေးဝန်ထမ်းများက ဆေးရုံဖွင့်လှစ်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပတ်သက်၍ မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကျော်ထားဦး

## မာသာထရီဆာ အထွေထွေရောဂါ အထူးကုဆေးခန်းတွင် အများပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**ရန်ကုန် မေ ၃**

အများပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး အခမဲ့ကုသိုလ်ဖြစ် မာသာထရီဆာ အထွေထွေရောဂါကုဆေးခန်းအား တတိယအကြိမ်မြောက် ကာလထပ်တိုး၍ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၂)ရပ်ကွက် မာဃလမ်းမကြီးနှင့် မေခလာလမ်းထောင့် အမှတ်(၅၅၁)တွင် မေ ၁ ရက်မှ မေ ၃၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်ကုသပေးသွားမည်ဖြစ်သည်။

အဆိုပါဆေးခန်းတွင် အထွေထွေရောဂါအထူးကုဆရာဝန်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ အရိုးအကြောနှင့် ထိခိုက်ဒဏ်ရာအထူးကုဆရာဝန်ကြီး၊ အရေပြားရောဂါအထူးကု ဆရာဝန်ကြီး၊ နား၊ နှာခေါင်းနှင့်လည်ချောင်း အထူးကုဆရာဝန်ကြီး၊ ကလေးအထူးကုဆရာဝန်ကြီး၊ အထွေထွေရောဂါကုဆရာဝန်တို့နှင့် တစ်ရက်ဘိုကင် ကြိုတင်ယူစနစ်ဖြင့် လာရောက်ပြသနိုင်မည်ဖြစ်ကြောင်း သိရသည်။

စန္ဒာမိုး(ပြန်/ဆက်)




**○ ကျောဖုံးမှ**

မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါ အထူးကုဆေးရုံကြီး(နေပြည်တော်)တွင် ပြင်ပလူနာဌာန၌ မျက်စိရောဂါကုဌာနတွင် ပါမောက္ခနှင့် အထူးကုကြီးများ၊ ပြင်ပလူနာစမ်းသပ်ကြည့်ရှုခန်း၊ မျက်မှန်စမ်းသပ်ခန်း၊ မျက်စိကွန်ပျူတာဖြင့် စမ်းသပ်ပေးသည့် အခန်း၊ အမြင်အာရုံစမ်းသပ်ခန်း၊ ဆီးချိုရောဂါသည်များအတွက် မျက်စိရောဂါ စမ်းသပ်ခန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး နား၊ နှာခေါင်း၊ လည်ချောင်းကုဌာနတွင် ပါမောက္ခနှင့် အထူးကုကြီးများ ပြင်ပလူနာ စမ်းသပ်ကြည့်ရှုခန်း၊ နားအကြားအာရုံစမ်းသပ်ခန်း၊ ခေါင်းမူးရောဂါ ရှာဖွေကုသရေးလူနာခန်း၊ Ultrasound ဖြင့် ကြည့်ရှုစမ်းသပ်ခန်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အတွင်းလူနာများအတွက် မျက်စိအတွင်းလူနာကုသဆောင်နှင့် နား၊ နှာခေါင်း၊ လည်ချောင်းအတွင်းလူနာကုသဆောင်များဖြင့် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါအထူးကုဆေးရုံကြီး (နေပြည်တော်)တွင် မျက်စိလူနာများအတွက် တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ်နံနက် ၈ နာရီမှ ၁၂ နာရီအထိ လည်းကောင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း ဝေဒနာရှင်များအတွက် အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်းတို့တွင် နံနက် ၈ နာရီမှ ၁၂ နာရီအထိ လည်းကောင်း ပြင်ပလူနာများကို ကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိပြီး အရေးပေါ်လူနာများအတွက် ၂၄နာရီဖွင့်လှစ်ပေးလျက်ရှိကာ လိုအပ်သောလူနာများကိုလည်း အတွင်းလူနာအဖြစ် ခွဲစိတ်ကုသဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်းတွင် အတွင်းလူနာများအား ပုံမှန်ခွဲစိတ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဆေးရုံကြီးသို့ နေပြည်တော်အတွင်းရှိ ပြည်သူများသာမက နေပြည်တော်နှင့် ဆက်စပ်နေသည့် တိုင်းဒေသကြီး/ပြည်နယ်များမှလည်း လာရောက်၍ ဆေးဝါးကုသမှုများခံယူလျက်ရှိရာ တစ်ရက်လျှင် ပြင်ပလူနာဦးရေ ၅၀ ခန့် မှ ၁၀၀ ဝန်းကျင်ခန့်အထိ လာရောက်ကုသလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကျိုက်မရောမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**ကျိုက်မရော မေ ၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ကုသမှုများကို ဧပြီ ၂၈ ရက်မှစတင်ကာ ပုံမှန်အတိုင်းပြန်လည်ကုသပေးလျက်ရှိကြောင်း သိရသည်။

ကျိုက်မရောမြို့ ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာဌာနကို နေ့စဉ်နေ့ညမရွေးဖွင့်လှစ်ထားရာ လူနာများအား လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်ပေးလျက်ရှိပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ထိုသို့ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများက အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ကျိုက်မရော)

# လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဂျပန်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

**လန်ဒန် မေ ၃**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီနှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ်ခ်ရာ့ဘ်တို့သည် နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လန်ဒန်မြို့ ဆင်ခြေဖုံးဒေသတစ်ခုတွင် ယနေ့ တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး မတိုင်မီ သုံးရက်အလိုတွင် ယခုကဲ့သို့ တွေ့ဆုံခဲ့ကြခြင်းဖြစ်ပြီး လွတ်လပ်၍ ပွင့်လင်းမြင်သာသော အင်ဒို-ပစိဖိတ်ဒေသ၊ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ထပ်လောင်း အတည်ပြုခဲ့သည်။

ဂျပန်သည် ဒီမိုကရေစီနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ရန် ကြိုးပမ်းလုပ်ဆောင်နေစဉ် မိုတီဂီနှင့် ဒိုမီနစ်ခ်ရာ့ဘ်တို့ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။ နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးတို့၏ ယနေ့ မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးမှုသည် ၂၀၂၀ ပြည့်နှစ် သြဂုတ်လနောက်ပိုင်း ပထမအကြိမ်မြောက် တွေ့ဆုံမှုဖြစ်သည်။

ဗြိတိန်နိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသတွင် တက်တက်ကြွကြွ ပါဝင်မည်ဟု ဗြိတိန်အစိုးရက ၎င်း၏ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးမူဝါဒသုံးသပ်ချက်ထဲတွင် ပြီးခဲ့သည့်မတ်လက ဖော်ပြထားသည်။

ဗြိတိန်အစိုးရသည် အင်ဒို-ပစိဖိတ်ဒေသရှိ ၎င်း၏ ရေတပ်ဖြန့်ကြက်မှုကို အင်အားတိုးမြှင့်ရန်အလို့ငှာ Queen Elizabeth အမည်ရှိ လေယာဉ်တင်သင်္ဘောဦးဆောင်သော တိုက်ခိုက်ရေး လေယာဉ်တင်သင်္ဘောအုပ်စု တစ်စုကို အင်ဒို-ပစိဖိတ်ဒေသသို့ ယခုလကုန်ပိုင်းတွင်စေလွှတ်ရန် စီစဉ်ထားသည်။





ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီနှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ်ခ်ရာ့ဘ်

ပြီးခဲ့သည့်ဇန်နဝါရီလက ဗြိတိန်နှင့် ဂျပန်နိုင်ငံတို့အကြား လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ် အသက်ဝင်ခဲ့ပြီးနောက် မိုတီဂီနှင့် ရာ့ဘ်တို့သည် တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ဆက်ဆံရေးမြှင့်တင်ရေးဆိုင်ရာ နည်းလမ်းများကိုလည်း ထည့်သွင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုးကား - ကျိုဒိုနယူးစ်**
**ဘာသာပြန် - ဂျော်တီ**



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ဝ၆ သန်းကျော်ရှိလာ

**မနီလာ မေ ၃**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၂၅၅ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၀၆၂၂၅ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက မေ ၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၄ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၅၂၅ ဦး အထိ ရှိလာကြောင်း သိရသည်။

လူဦးရေသန်း ၁၁၀ ခန့်ရှိသည့် ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု စတင်ခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလနောက်ပိုင်းမှစတင်ကာ ပြည်သူ ၁၁ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ကျန်းမာရေးဝန်ထမ်းများ၊ အသက်အရွယ်ကြီးရင့်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးခဲ့ရာ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၉ သန်းကျော်အား အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံ Sinovac ဆေးဝါးကုမ္ပဏီထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအသုတ်ကို လက်ခံရရှိခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို မတ် ၁ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသား သန်း ၇၀ အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံထုတ် CanSino ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပါကစ္စတန်နိုင်ငံအတွင်း မကြာမီ ထုတ်လုပ်မည်

**အစ္စလာမ်မာဘတ် မေ ၃**

တရုတ်နိုင်ငံထုတ် CanSino ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပါကစ္စတန်နိုင်ငံအတွင်း မကြာမီ ထုတ်လုပ်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါကစ္စတန် ဝန်ကြီးချုပ်၏ ကျန်းမာရေးလုပ်ငန်းဆိုင်ရာ အထူးလက်ထောက်ဖြစ်သူ ဖားစီဆူလတန်က ယနေ့ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ပါကစ္စတန်အား ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် အခိုင်မာဆုံး မိတ်ဆွေအဖြစ်ရပ်တည်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ဆေးဝါးဆိုင်ရာ အထောက်အပံ့များကို လှူဒါန်းခဲ့ခြင်းကို ကျေးဇူးတင်ရှိကြောင်းနှင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပါကစ္စတန်နိုင်ငံအတွင်း ထုတ်လုပ်ရန်ဆောင်ရွက်ခဲ့ခြင်းအတွက် နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလိုအပ်ချက်ကို ပြည့်မီစေရန် အကူအညီပေးရာရောက်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူရန် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ပြည့်စုံသူ နိုင်ငံသား သန်း ၁၀၀ ရှိသည့်အနက် သန်း ၇၀ ကို ယခုနှစ်ကုန်တွင် ကာကွယ်ဆေးထိုးနှံပေးရန် အစိုးရက ရည်မှန်းချက်ထားရှိ ဆောင်ရွက်နေကြောင်း သိရသည်။

နိုင်ငံအတွင်း လက်ရှိအချိန်တွင် နေ့စဉ် လူ ၁၅၀၀၀၀ ခန့်အား ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပြီး မကြာမီအချိန်တွင် တစ်ရက်လျှင် လူ ၃၀၀၀၀၀ အား ကာကွယ်ဆေးထိုးနှံပေးရန် ဆောင်ရွက် လျက်ရှိသည်။ လူဦးရေသန်း ၂၂၀ ရှိသော ပါကစ္စတန်နိုင်ငံတွင် နိုင်ငံသား ၂ ဒသမ ၅ သန်းမှာ ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးစီးခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၃၄၁၄၆ဦး၊ အဆိုပါရောဂါကြောင့်သေဆုံးသူ ၁၈၁၄၉ ဦးနှင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၇၂၈၀၄၄ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

■

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အမြန်ရေယာဉ်တိမ်းမှောက်မှုဖြစ်ပွား ခရီးသည် ၂၆ ဦးထက်မနည်း သေဆုံး

**ဒါကာ မေ ၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မာဒါရီပူရ်ခရိုင် ပတ်မာမြစ်တွင် ခရီးသည်အများအပြားတင်ဆောင်လာသော အမြန်ရေယာဉ်တစ်စင်းသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်တွင် သဲများတင်ဆောင်လာသည့် အခြားသင်္ဘောတစ်စင်းကို ဝင်တိုက်ခဲ့ပြီးနောက် အမြန်ရေယာဉ် မြစ်ရေထဲနစ်မြုပ်သွားပြီး ခရီးသည် ၂၆ ဦး သေဆုံးကာ ခရီးသည် တချို့ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။

အမြန်ရေယာဉ်နစ်မြုပ်ခဲ့ပြီးနောက် လက်ရှိအချိန်အထိ အလောင်း ၂၆ လောင်းကိုသာ ရှာဖွေတွေ့ရှိခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့အကြီးအကဲ အဗ္ဗုလ်ဟာနန်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမြန်ရေယာဉ်ကို ကမ်းပါးသို့ ဆွဲထုတ်ခဲ့ပြီးနောက် အလောင်းများကို အဆိုပါ သင်္ဘောထဲတွင် ရှာဖွေတွေ့ရှိခဲ့ပြီး တာဝန်ရှိသူများသည် ကျန်ပျောက်ဆုံးနေဆဲဖြစ်သည့် ခရီးသည်များကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။ သို့သော် တချို့ခရီးသည်များသည် သင်္ဘောတိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီးနောက် ကမ်းခြေသို့ရေကူးကာ အသက်ဘေးမှ လွတ်မြောက်သွားကြောင်း သိရသည်။

အဆိုပါ အမြန်ရေယာဉ်သည် မြို့တော်ဒါကာမြို့ ဆင်ခြေဖုံးအရပ်ရှိ မူရှီကန့်ဂျ်ခရိုင်မှ မာဒါရီပူရ်ခရိုင်ရှိ ရှစ်ဘ်ကျာရ်ဒေသသို့ ဦးတည်ထွက်ခွာစဉ် ပတ်မာမြစ်တွင် သဲများတင်ဆောင်သည့် အခြားသင်္ဘောတစ်စင်းကိုဝင်တိုက်မိပြီး နစ်မြုပ်သွားခြင်းဖြစ်ကြောင်း သိရသည်။

သင်္ဘောတိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီးနောက် ခရီးသည်ငါးဦးကို အသက်ဘေးမှ ကယ်တင်နိုင်ခဲ့ပြီး ဆေးဝါးကုသမှုခံယူရန် ဒေသဆိုင်ရာ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။ “လောလောဆယ် ကျွန်တော်တို့ သိသလောက်ကတော့ အမြန်ရေယာဉ်ပေါ်မှာ ခရီးသည် ၄၀-၅၀ အကြား စီးနင်းလိုက်ပါတယ်လို့ သိရပါတယ်”ဟု ၎င်းက ဆိုသည်။ သို့သော် ပျောက်ဆုံးသွားသည့် ခရီးသည်ဦးရေကို အသေးစိတ်ဖော်ပြခြင်း မရှိ ခဲ့ပေ။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျော်တီ**



# အိန္ဒိယနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂ ရက်ဆက်တိုက် သုံးသိန်းကျော်ရှိခဲ့

**နယူးဒေလီ  မေ ၃**
အိန္ဒိယနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သုံးသိန်းကျော်ရှိခဲ့သည်မှာ ၁၂ ရက်ဆက်တိုက် ရှိသွားပြီဖြစ်ကြောင်းနှင့် လက်ရှိတွင် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း သန်း ၂၀ နီးပါးအထိရှိလာခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလ အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၈၁၄၇ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉ ဒသမ ၉၃ သန်းအထိ ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလ အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၄၁၇ ဦးရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၁၈၉၅၉ ဦးအထိ ရှိလာကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။


အိန္ဒိယနိုင်ငံ၌ လူဦးရေ ၁ ဒသမ ၃၅ ဘီလီယံရှိပြီး နိုင်ငံတစ်ဝန်း နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် တရားဝင်ထုတ်ပြန်သည့် ကူးစက်ခံရသူအရေအတွက် စုစုပေါင်းထက် ငါးဆမှ ဆယ်ဆအထိ မြင့်တက်လာဖွယ်ရှိကြောင်းလည်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၅၇ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

မြို့တော်နယူးဒေလီသည် အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာ ကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၀၀၀ ကျော်နှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၀၇ ဦး ရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၆၉၆၆ ဦးအထိ ရှိလာခဲ့ကြောင်း နယူးဒေလီကျန်းမာရေးဌာနက ပြောကြားခဲ့သည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အလင်းသစ်**





## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄ ဒသမ ၈ သန်းကျော်ရှိလာ

**မော်စကို  မေ ၃**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၄၈၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၈၃၁၇၄၄ ဦးအထိ ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက မေ ၃ ရက်တွင် ထုတ်ပြန်သည့်ကြေညာချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၃၆ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၁၁၁၉၈ ဦးအထိ ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ လွန်ခဲ့သည့်တစ်ရက်တာကာလ အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၆၃၆၇ ဦးရှိခဲ့ခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၄၅၀၂၈၉ ဦးအထိရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၃၅ ဦးရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၁၀၁၃၅၃ ဦးအထိ ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ပြည်သူသန်း ၁၃၀ ကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၅၃၅၈၂၅၃၅ ဦး |
| သေဆုံးသူ | ၃၂၁၈၂၁၂ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၃၀၉၃၁၃၃၃ ဦး |

## အိန္ဒိယ၊ တောင်အာဖရိကနှင့် ဘရာဇီးနိုင်ငံများသို့ ပြေးဆွဲနေသော လေယာဉ်ခရီးစဉ်များကို ရပ်ဆိုင်းထားရန် နီပေါအစိုးရဆုံးဖြတ်

**ခတ္တမန္ဒူ  မေ ၃**
နီပေါအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ မြင့်တက်လာသဖြင့် အိန္ဒိယ၊ တောင်အာဖရိကနှင့် ဘရာဇီးနိုင်ငံများသို့ ပြေးဆွဲနေသော လေယာဉ်ခရီးစဉ်များနှင့် ပြည်တွင်းလေယာဉ်ခရီးစဉ်များအားလုံးကို ရပ်ဆိုင်းထားရန် ယမန်နေ့က ဆုံးဖြတ်ခဲ့ကြောင်း နီပေါနိုင်ငံမှ တာဝန်ရှိသူများက ပြောကြားသည်။

မေ ၃ ရက်မှစတင်ပြီး ပြည်တွင်းလေကြောင်းခရီးစဉ်များကို ရပ်ဆိုင်းထားမည်ဖြစ်ပြီး အိန္ဒိယ၊ တောင်အာဖရိကနှင့် ဘရာဇီးနိုင်ငံများသို့ ပြေးဆွဲနေသော လေယာဉ်ခရီးစဉ်များကို မေ ၅ ရက် သန်းခေါင်ယံအချိန်မှစတင်ပြီး ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဝန်ကြီးအဖွဲ့က ဆုံးဖြတ်ခဲ့သည်ဟု နီပေါနိုင်ငံ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီး ဂူရီရှန်ကာချောင်ဒရီက က ဆင်ဟွာသတင်းဌာနသို့ ယမန်နေ့တွင် ပြောကြားသည်။

ယမန်နေ့က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၂၁၁ ဦးကို တွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့ပြီးနောက် အစိုးရက ယခုကဲ့သို့ ဆုံးဖြတ်ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ မြင့်တက်နေသဖြင့် အိန္ဒိယနိုင်ငံသို့ ပြေးဆွဲနေသော လေကြောင်းခရီးစဉ်များကို အချိန်အတိုင်း အတာတစ်ခုအထိ ပိတ်ထားမည်ဖြစ်ပြီး တောင်အာဖရိကနှင့် ဘရာဇီးနိုင်ငံများသို့ ပြေးဆွဲနေသော လေကြောင်းခရီးစဉ်များကိုမူ မကြာမီအချိန်တွင် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် အဆိုပါနိုင်ငံများနှင့် လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲသည့် အချိန်တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း နီပေါနိုင်ငံ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ပတ်မာကူမာရီ အာရယ်က ပြောကြားသည်။

နီပေါနိုင်ငံတွင် မတ်လအတွင်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၁၀၀ အောက် ကျဆင်းခဲ့သော်လည်း ဧပြီလအတွင်း ရောဂါကူးစက်မှုနှုန်းများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ခတ္တမန္ဒူတောင်ကုန်းဒေသတွင် ဧပြီ ၂၉ ရက်မှစတင်ပြီး အသွားအလာ ကန့်သတ်မှုများကို ချမှတ်ထားကာ နိုင်ငံတစ်ဝန်းတွင်လည်း ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို ချမှတ်ခဲ့ကြောင်း သိရသည်။ နီပေါနိုင်ငံအတွင်းရှိ ဆေးကောလိပ်များမှ တာဝန်ရှိသူများနှင့် ကျောင်းသားများအား ကိုဗစ်-၁၉ ရောဂါ ကုသရေးအတွက် ဆေးရုံများတွင် အဖွဲ့များ ဖွဲ့စည်းပြီးဆောင်ရွက်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**




## နိုင်ငံအတွင်းရှိ ဆေးရုံများ၌ အောက်ဆီဂျင်လိုအပ်နေမှုအား နည်းလမ်းပေါင်းစုံဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ဟု တူနီးရှားဝန်ကြီးချုပ်ပြောကြား

**ကျူးနစ်  မေ ၃**
နိုင်ငံအတွင်းရှိ ဆေးရုံများတွင် အောက်ဆီဂျင်လိုအပ်နေမှုအား နည်းလမ်းပေါင်းစုံဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တူနီးရှားဝန်ကြီးချုပ် ဟီချန် မီချီချီက ယမန်နေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံအတွင်းရှိ ဆေးရုံများတွင် အောက်ဆီဂျင်ပြတ်လတ်နေမှုအား ဖြေရှင်းဆောင်ရွက်ရန်အတွက် အစည်းအဝေးတစ်ရပ်ကို ကျန်းမာရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့သည်။ အိမ်နီးချင်းနိုင်ငံများမှ အောက်ဆီဂျင်ဝယ်ယူတင်သွင်းခြင်းကို ဆောင်ရွက်ရန် ဝန်ကြီးချုပ်က တိုက်တွန်းခဲ့ကြောင်း အစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

မိမိတို့အနေဖြင့် ကိုဗစ်-၁၉ရောဂါကို တိုက်ဖျက်နေချိန်တွင် အောက်ဆီဂျင်လျော့နည်းမှု ကာကွယ်ရေးအတွက်လည်း အစွမ်းကုန်ဆောင်ရွက်သွားရမည်ဖြစ်သည်ဟု မီချီချီက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုတိုက်ဖျက်ရေးကို နှစ်ဆတိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များနှင့် အခြားလိုအပ်ချက်များကို အစိုးရက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွက် လိုအပ်သော အောက်ဆီဂျင် လှူဒါန်းခဲ့သည့် အယ်လ်ဂျီးရီးယားနိုင်ငံအား ကျေးဇူးတင်ရှိကြောင်း ၎င်းက ပြောကြားသည်။


**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# မြိတ်မြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃**
မြိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မေ ၂ ရက်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့နယ် သမုတ်ကျေးရွာအုပ်စု လွတ်လွတ်ကျေးရွာတံတားအနီး ထားဝယ်-မြိတ်သွားကားလမ်း၌ HIGER အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ပိုင်ရှင်(စိစစ်ဆဲ)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရစဉ်။

# ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ စာရွက်များ လိုက်လံကပ်နေသူ အမျိုးသား နှစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ အများပြည်သူသွား လမ်းမကြီးပေါ်ရှိ ဓာတ်တိုင်များနှင့် စာသင်ကျောင်း ခြံစည်းရိုးအုတ်တံတိုင်းများတွင် နိုင်ငံတော်ဆန့်ကျင်ရေးလှုံ့ဆော်စာသားများပါ စာရွက်များ လိုက်လံကပ်နေသူ အမျိုးသား နှစ်ဦးအား ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂ ရက် မွန်းလွဲ ၁ နာရီတွင် ဟင်္သာတမြို့ တာငါးဆယ်တောင်ရပ်ကွက်အတွင်းရှိ ဓာတ်တိုင်များ၊ စာသင်ကျောင်းခြံစည်းရိုး အုတ်တံတိုင်းများတွင် နိုင်ငံတော်ဆန့်ကျင်ရေးလှုံ့ဆော်စာများ လိုက်လံကပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဖွဲ့ကပင်လမ်းရှိ ဓာတ်တိုင်တွင် နိုင်ငံတော်ဆန့်ကျင်ရေးစာသားများပါ စာရွက်များအား ကပ်နေသည့် အဆိုပါရပ်ကွက်နေ ဖြိုးသက်နိုင်(၁၉)နှစ် (ဘ) ဦးမျိုးနိုင်ကျော်နှင့် ပြည့်စုံအောင်(၁၉)နှစ် (ဘ) ဦးအောင်မင်းတို့ နှစ်ဦးကို တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ၎င်းတို့နှစ်ဦး၏ ခန္ဓာကိုယ်အားရှာဖွေခဲ့ရာ ၎င်းတို့ထံမှ နိုင်ငံတော်ဆန့်ကျင်ရေး လှုံ့ဆော်စာသားများပါ စာရွက် ၁၀ ရွက်ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှ ဖမ်းဆီးရမိသူ နှစ်ဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာလွန်ချမ်းသာ





# ဆူပူအကြမ်းဖက်သူများက အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်ရန်ပြုတိုက်ခိုက်

**နေပြည်တော် မေ ၃**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၄) နယ်မြေ(၁၅) ရတနာလမ်းသွယ်ရှိ ဦးကျော်မိုး(ဘ) ဦးပေ၏ နေအိမ်ကို မေ ၂ ရက် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ဆူပူအကြမ်းဖက်သူ ခြောက်ဦးခန့်က ဆိုင်ကယ်များဖြင့် ဓားရှည်၊ ဓားမြှောင်နှင့် ရဲတင်းများ ကိုင်ဆောင်ရောက်ရှိလာပြီး ခြံဝင်းအတွင်းဝင်ရောက်ကာ အကြမ်းဖက်တိုက်ခိုက်၍ ပြန်လည်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ နေအိမ်၌ ဦးကျော်မိုး(ဘ)ဦးပေ၊ ဇနီးဖြစ်သူ ဒေါ်ခိုင်မာဦး၊ သမီး သုံးဦးနှင့် ဒေါ်ခိုင်မာဦး၏မောင်ဖြစ်သူ စိုးမင်းထွန်း၊ အိမ်ငှား ထွန်းကိုကိုဇော်တို့ နေထိုင်ကြောင်း သိရပြီး ဆူပူအကြမ်းဖက်သူများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် စိုးမင်းထွန်းနှင့် ထွန်းကိုကိုဇော်တို့ နှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့သည်။

ထိုကဲ့သို့ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ ရန်ပြုတိုက်ခိုက်ခဲ့သူများနှင့် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လားရှိုးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် မေ ၂ ရက် ညနေ ၄ နာရီ ၅ မိနစ်တွင် မုံးကျက်ကျေးရွာ၏ အနောက်တောင်ဘက် ကားလမ်းဘေး၌ မသင်္ကာဖွယ် ဆိုင်ကယ်တစ်စီးရပ်တန့်ထားသည်ကို တွေ့ရှိသဖြင့် သွားရောက်စစ်ဆေးရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ ဘိန်းဖြူမှုန့် ၁၀ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၁၁ ခွက်နှင့် ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့အဝင် သုံးထပ်ကွေ့၌ လုံခြုံရေးဆောင်ရွက်လျက်ရှိသော ပူးပေါင်းတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီခွဲတွင် ယာဉ်ဖြတ်သန်းသွားလာမှုများ စစ်ဆေးဆောင်ရွက်စဉ် ခန္တီး-ဟုမ္မလင်းလမ်းဆုံမှ ဟုမ္မလင်းမြို့သို့ ဦးမောင်နိုင်(ဘ)ဦးမျိုးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ အနက်ရောင်အိတ်အတွင်းမှ ဘိန်းဖြူမှုန့် ၁၀ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၁၁ ခွက်နှင့်အတူ တွေ့ရှိဖမ်းဆီးရမိသဖြင့် သက်ဆိုင်ရာနယ်မြေရဲစခန်းများသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■



ဦးမောင်နိုင်အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# ကျွန်တော်တို့နိုင်ငံက ကုန်ထုတ်လုပ်မှုနဲ့ပဲဖြစ်ဖြစ် စီးပွားရေးနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် အလုပ်သမားနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် နိုင်ငံမှာ အစစအရာရာ လိုအပ်ချက်တွေရှိနေတဲ့အချိန် နိုင်ငံကောင်းဖို့ ဆိုရင် အားလုံးပူးပေါင်းဆောင်ရွက်မှ ဖြစ်မှာပါ

ဦးဟိန်းထက်

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီမှ ပဲခူးစက်မှုဇုန်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို မေ ၂ ရက်က ပဲခူးမြို့ ညောင်အင်းလမ်းထိပ် ရပ်ကွက်ကြီး (၅)ရှိ ဥဿကျော်ဟိုတယ်၌ ပြုလုပ်ခဲ့ရာ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ ပြောကြားချက်များကို တင်ပြလိုက်ရပါသည်။

တွေ့ဆုံမေးမြန်း- လင်းလက်
ဓာတ်ပုံ- ကိုဇော်


ဦးညွန့်အောင်


ဦးညွန့်ဝင်း


ဦးဟိန်းထက်


ဦးကျော်ဝင်း

**ဦးညွန့်အောင်**
**ဒုတိယဝန်ကြီး**
**ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

အဓိက စက်မှုဇုန်တွေဆိုတာ ကုန်ထုတ်စွမ်းအားတွေပါ။ ကျွန်တော်တို့နိုင်ငံရဲ့ ကုန်ထုတ်စွမ်းအားတွေဖြစ်တဲ့အတွက်ကြောင့် ရန်ကုန်မှာဆိုရင် ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ စက်မှုဇုန်တွေအားလုံး သူတို့ရဲ့ အခက်အခဲတွေ၊ သူတို့တွေ့ကြုံနေရတာတွေကို လိုက်လံရှင်းလင်းပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အတွက်ကြောင့်လည်း နောက်ပိုင်းမှာ စက်ရုံတော်တော်များများက ပြန်လည်လည်ပတ်လာတာ ရှိပါတယ်။ တချို့စက်ရုံတွေကျတော့လည်း တချို့အခက်အခဲတွေက မပြေလည်ဘူး၊ မပြေလည်တဲ့အတွက်ကြောင့် သက်ဆိုင်တဲ့ ဌာနဆိုင်ရာတွေနဲ့ ကျွန်တော်တို့လုပ်ပေးရမယ့် တာဝန်တွေ ကျန်ရှိနေတဲ့ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ပေါင်းစပ်ညှိနှိုင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။

အခုပဲခူးမှာဆိုရင် ကျွန်တော်တို့ လုပ်ငန်းကော်မတီနဲ့ ပြန်လည်ညှိနှိုင်းတဲ့အခါမှာ ရန်ကုန်မှာတော့ ဆောင်ရွက်ပေးနေတာတွေက အဆင်ပြေတယ်။ ပဲခူးတိုင်းမှာဆက်ပြီး လုပ်ပေးဖို့ ဆုံးဖြတ်ထားတာရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ သူတို့ရဲ့ အခက်အခဲတွေကို ကျွန်တော်တို့ အတတ်နိုင်ဆုံးဖြေရှင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ရပ်တန့်နေတဲ့ စက်ရုံတွေရှိရင်လည်း ဘာအခက်အခဲရှိလဲ အဲဒါတွေကို ကူညီပံ့ပိုးပေးလိုက်ရင် သူတို့ပြန်လည်ပတ်လို့ရမယ်။ အဲဒီအတွက်ကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း သူတို့လုပ်ငန်းလိုအပ်ချက်တွေ၊ အခက်အခဲတွေရှိတယ်ဆိုရင် ကျွန်တော်တို့ ကွင်းဆင်းပြီးတော့ သူတို့ရဲ့အခက်အခဲတွေကို နားထောင်မယ်။ ချက်ချင်းဆောင်ရွက်ပေးနိုင်တာတွေကို ချက်ချင်းဆောင်ရွက်ပေးမယ်။ အဓိကသူတို့တင်ပြတဲ့ အချက်တွေကတော့ လုပ်ခလစာဖြစ်ပါတယ်။ ဒီအပိုင်းမှာ ဘဏ်တွေရဲ့ ငွေထုတ်ကန့်သတ်ချက်ရှိတဲ့အတွက်ကြောင့် သူတို့ရဲ့ ကုန်ကြမ်းပစ္စည်းဝယ်ယူမှုနဲ့ သူတို့ရဲ့ ကုန်ကျစရိတ်တွေ ဒါတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့တောင်းတဲ့ စာရင်းဇယားတွေကို စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီကနေတစ်ဆင့် ကျွန်တော်တို့ရဲ့ လုပ်ငန်းကော်မတီကို တင်ပြပြီးတော့ လုပ်ငန်းကော်မတီကနေတစ်ဆင့် သက်ဆိုင်ရာ ပုဂ္ဂလိကဘဏ်တွေ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို တင်ပြပြီးတော့ ဆက်လက်ပြီးဆောင်ရွက်ပေးမယ်ဆိုရင် သူတို့ရဲ့ လုပ်ခလစာအပြင် ကုန်ကြမ်းပစ္စည်းဝယ်ယူမယ့်ကိစ္စတွေပါ အဆင်ပြေချောမွေ့မယ်လို့ ကျွန်တော်အနေနဲ့ ယူဆပါတယ်။

**ဦးညွန့်ဝင်း**
**ညွှန်ကြားရေးမှူးချုပ်**
**အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန**

နိုင်ငံတော်အစိုးရက ဘာတွေလုပ်နေသလဲဆိုတာ သတင်းတွေ၊ သတင်းစာတွေထဲမှာ ပြောနေရုံသက်သက်မဟုတ်ဘူး။ အလုပ်ရှင်တွေ၊ အလုပ်ရှင်ကိုယ်စားလှယ်တွေ အလုပ်သမားတွေ သူတို့ရှိတဲ့နေရာကို ကျွန်တော်တို့လာတယ်။ အလုပ်ရှင် အလုပ်သမားအများစုရှိတဲ့နေရာလာရတာ သူတို့အတွက်က အဆင်ပြေတယ်။ သူတို့ကို ကျွန်တော်တို့ ရှိတဲ့နေရာခေါ်ရင် သူတို့အတွက် အများကြီးအခက်အခဲဖြစ်မယ်။ သူတို့နဲ့ ကျွန်တော်တို့ ရင်းနှီးစွာတွေ့မယ်။ သူတို့ရဲ့အခက်အခဲတွေ ပြဿနာတွေ လတ်တလောလိုအပ်ချက်တွေ ဘာတွေရှိသလဲဆိုတာ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းဆွေးနွေးတယ်။ ဆွေးနွေးပြီးရင် လုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ ဒီမှာပါတဲ့ ဌာနဆိုင်ရာအကြီးအကဲတွေက လက်တွေ့ကျကျ အဖြေပေးမယ်။ တကယ်ဆောင်ရွက်လို့ရမယ့် အခြေအနေတွေကိုပဲ ပြောတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဆွေးနွေးပွဲတွေဟာ အစိုးရဘက်က ဌာနဆိုင်ရာတွေရှိတယ်။ တစ်ဖက်က နိုင်ငံတော်ရဲ့ စီးပွားရေးကို တကယ်လည်ပတ်ပြီးတော့ အထောက်အကူပြုနေတဲ့ စက်မှုဇုန်တွေ၊ လုပ်ငန်းရှင်တွေနဲ့တွေ့ပြီးတော့ ရင်းနှီးမှုတွေရမယ်။ တစ်ယောက်အပေါ်တစ်ယောက် ယုံကြည်မှုတွေ အားကောင်းလာမယ်။ ပြီးရင် နိုင်ငံအတွက် အင်မတန်ကောင်းမွန်တဲ့ အရှေ့တစ်ခုစီးပွားရေး ရပ်ဝန်းကြီး ခိုင်မာလာမယ်။ ယုံကြည်မှုတွေပိုပြီး တည်ဆောက်လာနိုင်မယ်။ ဒီရလဒ်တွေကို အားကောင်းလာမယ့် ဆွေးနွေးပွဲလို့ ပြောလိုပါတယ်။

ပဲခူးစက်မှုဇုန်မှာ စက်ရုံအလုပ်ရုံပေါင်း ၉၀ ကျော်ရှိပါတယ်။ အလုပ်သမားဦးရေက ခန့်မှန်းခြေ တစ်သိန်းကျော်ရှိပါတယ်။ သူတို့ရဲ့ လုပ်ငန်းဆိုင်ရာပြဿနာတွေ အထူးသဖြင့် လုပ်ခလစာ အချိန်မီပေးချေနိုင်ရေး။ အခုတော့ လုပ်ခ အချိန်မီပေးချေနိုင်ရေး ကိစ္စတင်မဟုတ်ပါဘူး။ လုပ်ငန်းရှင်တွေရဲ့ ကုန်သွယ်မှုဆိုင်ရာ လိုအပ်ချက်ငွေကြေးတွေ လုပ်ငန်းတိုးချဲ့ဖို့ ကိစ္စပဲဖြစ်ဖြစ်၊ ကုန်ကြမ်းဝယ်ယူဖို့ ကိစ္စပဲဖြစ်ဖြစ်၊ သယ်ပို့ကိစ္စပဲဖြစ်ဖြစ်၊ ကျန်တဲ့အုပ်ချုပ်မှု ရေ၊ မီးဆိုင်ရာ ကိစ္စရပ်တွေပဲဖြစ်ဖြစ်လိုအပ်တဲ့ ငွေကြေးတွေကိုလည်း ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ ငွေထုတ်ကန့်သတ်ချက်ပမာဏထက် အမှန်တကယ်လိုတာတွေ့ရင် ဒါကိုအပြည့်အဝ ကျွန်တော်တို့ဆိုင်းငံ့မှုမရှိဘဲ အပြည့်အဝထုတ်ခွင့်ရအောင် ဒီမှာပဲ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်ပေးပါတယ်။

**ဦးဟိန်းထက်**
**အတွင်းရေးမှူး**
**ပဲခူးစက်မှုဇုန်**

လက်ရှိအချိန်မှာ စက်မှုဇုန်တွေရဲ့ အခက်အခဲကတော့ လုပ်ခလစာနဲ့ပတ်သက်ပြီး စက်မှုဇုန်မှာ အခက်အခဲတွေဖြစ်နေတယ်။ အဲဒီအတွက်တင်ပြခဲ့ပါတယ်။ ဘဏ်ကိစ္စတွေ တင်ပြခဲ့ပါတယ်။ နောက်ပြီး မီတာဆောင်တဲ့ကိစ္စတွေ၊ ကုန်ကြမ်းဝယ်ယူရေးအတွက် ငွေကြေးအခက်အခဲဖြစ်တဲ့ ကိစ္စတွေတင်ပြခဲ့ပါတယ်။ ဒီလိုတင်ပြတဲ့အခါ အကုန်လုံးကတော့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးမယ်လို့ ကျွန်တော်တို့ကို ဖြေကြားခဲ့ပါတယ်။ ပဲခူးစက်မှုဇုန်မှာ စက်ရုံပေါင်း ၉၀ ကျော်ရှိပါတယ်။ အလုပ်သမားအင်အား တစ်သိန်းခန့်ရှိပါတယ်။ လောလောဆယ် စက်ရုံယာယီပိတ်ထားတာ ခြောက်ရုံရှိပါတယ်။ စက်ရုံ ၈၆ ရုံက လုပ်ငန်းလည်ပတ်နေပါတယ်။

အဓိက ကုန်ကြမ်းမရတာပါ။ ဒီမှာက CMP စက်ရုံတွေဖြစ်တဲ့အတွက် ကုန်ကြမ်းမရတဲ့အခါကျတော့ ယာယီပိတ်သိမ်းရတာရှိတယ်။ နောက်ပြီး EU ပို့ရတဲ့ စက်ရုံတွေရှိတယ်။ အဲဒီစက်ရုံတွေကလည်း ဟိုဘက်က လက်မခံတာဖြစ်တဲ့အတွက် လောလောဆယ် ပိတ်သိမ်းရတဲ့စက်ရုံတွေရှိပါတယ်။

လက်ရှိ အခက်အခဲက ကျွန်တော်တို့ တစ်ဦးတစ်ယောက်ချင်းစီရဲ့ အခက်အခဲဆိုတာကလည်း တစ်နိုင်ငံလုံးရဲ့ အခက်အခဲပါပဲ။ အကုန်လုံးကတော့ စီးပွားရေးပလက်ဖောင်းကြီးတစ်ခုလုံး ဒီလိုမျိုးဖြစ်သွားတဲ့အချိန်မှာ ဒါနဲ့ပတ်သက်ပြီး ဘယ်လိုမျိုး ပူးပေါင်းဆောင်ရွက်ကြမလဲ။ နိုင်ငံတော်အနေနဲ့ ဘယ်လိုမျိုးသွားမလဲ။ ပြည်သူတစ်ဦးချင်းကရော ဘယ်လိုသွားမလဲ။ ကျွန်တော်တို့နိုင်ငံက ကုန်ထုတ်လုပ်မှုနဲ့ပဲဖြစ်ဖြစ် စီးပွားရေးနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် အလုပ်သမားနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် နိုင်ငံမှာ အစစအရာရာ လိုအပ်ချက်တွေရှိနေတဲ့အချိန်ဖြစ်ပါတယ်။ နိုင်ငံကောင်းဖို့ဆိုရင် အားလုံးပူးပေါင်းဆောင်ရွက်မှဖြစ်မှာပါ။ ဒါမှလည်း နိုင်ငံကောင်းဖို့ အနေအထားတစ်ခုရောက်မှာပါ။ အားလုံးပူးပေါင်းဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

ပဲခူးစက်မှုဇုန်က လုံခြုံရေးအနေအထားမှာ အတွင်းစည်း အပြင်စည်းနဲ့ စက်ရုံတွေရဲ့ လုံခြုံရေးကို နှစ်ဆတိုးမြှင့်ပြီး ဆောင်ရွက်ထားတာဖြစ်တဲ့အတွက်ကြောင့် ထူးထူးခြားခြားမရှိပါဘူး။ အားလုံးအဆင်ပြေပါတယ်။

**ဦးကျော်ဝင်း**
**ဒါရိုက်တာအဖွဲ့ဝင်**
**မြန်စတားအထည်ချုပ်စက်ရုံ**

ကျွန်တော်တို့က CMP နဲ့ လုပ်ငန်းဆောင်ရွက်ရတာဖြစ်လို့ အိပ်စပို့၊ အင်ပို့အခက်အခဲတွေ၊ ကုန်သေတ္တာသင်္ဘောရရှိဖို့ အခက်အခဲတွေ၊ ဘဏ်ငွေထုတ်ရတဲ့အခက်အခဲတွေ ဒီအခက်အခဲတွေကို တင်ပြခဲ့ပါတယ်။ ဒီတွေ့ဆုံပွဲက ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေး ကော်မတီအနေနဲ့ ပဲခူးမှာ လာရောက်ပြီးတော့ ပဲခူးစက်မှုဇုန်က လုပ်ငန်းအဖွဲ့အသီးသီးကို လာရောက်တွေ့ဆုံတာ အင်မတန်မှ အကျိုးကျေးဇူးရှိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ရှင်းရှင်းလင်းလင်း သိလာရပါတယ်။ ဘာကြောင့်လဲဆိုတော့ နှစ်လအတွင်းမှာ လုပ်ငန်းတွေက ရပ်လုမတတ် အဲဒီလို အခက်အခဲကနေ ဒီနေ့ ကျွန်တော်တို့ တော်တော်လေးကို အဆင်ပြေပြေနဲ့ ဆောင်ရွက်လာနိုင်ပါတယ်။ ဒီထက်ပိုပြီးတော့လည်း လုပ်ငန်းတွေဆောင်ရွက်သွားနိုင်ဖို့ အခုလို လာရောက် ရှင်းလင်းပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ပဲခူးက ရန်ကုန်နဲ့လည်း မိုင် ၅၀ လောက်ဝေးတဲ့ အနေအထားပါ။ ပဲခူးမှာ စက်မှုဇုန်ရှိတယ်။ အခက်အခဲက ရန်ကုန်နဲ့ မိုင် ၅၀ လောက်မှာ ကွန်တိန်နာကားခကျတော့ ဈေးကြီးပေးရပါတယ်။ နောက်တစ်ခါ အခုလို လုံခြုံရေးအရ အချိန်ကန့်သတ်ပြီးတော့ ကွန်တိန်နာတွေက လုပ်ရတယ်။ ကုန်ပစ္စည်းတွေက အချိန်မီ တင်ပို့နိုင်ခြင်းမရှိတဲ့ အခက်အခဲတွေလည်း ရှိပါတယ်။

# ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ

## စီစီဝမ်တာပန်တိုက်ပွဲကြားမှ စေတနာမိခင် ကရုဏာရှင် ဒေါ်အမ်ယောနမ်

လင်းအောင်

(ယမန်နေ့မှအဆက်)

**တိုက်ပွဲများအကြားမှ စေတနာမိခင်**

တိုက်ပွဲဖြစ်ပွားရာ စစ်မြေပြင်ရှိ ဒဏ်ရာရစစ်သည်များ၊ ရှေ့တန်းလုပ်အားရှင်များ၊ ဒေသခံတိုင်းရင်းသား ရွာသူရွာသားများကို ကားများ၊ ထော်လာဂျီများ၊ မုဆိုးထမ်းစင်များဖြင့် ကျည်လွတ်ရာနေရာများသို့ အရေးပေါ်ဆွဲထုတ် သယ်ဆောင်လာရာတွင် ဆရာမ ဒေါ်အမ်ယောနမ်သည် ကိုယ်တိုင်ပင်ပန်းနွမ်းနယ်နေသည့်ကြားမှ သွေးလွန်လူနာများအတွက် မိမိ၏အေအမျိုးအစားသွေးကို ဖောက်ထုတ်လှူဒါန်း၍ ပြုစုစောင့်ရှောက်ပေးပြီး အသက်ကယ်တင်ပေးခဲ့သည်။

မူဆယ်ဆေးရုံတွင် အရေးပေါ်ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီးနောက် လားရှိုး၊ ပြင်ဦးလွင်၊ မင်္ဂလာဒုံဆေးရုံများသို့ ဆက်လက်ပို့ဆောင်ရန်လိုအပ်နေသည့်လူနာများကို မူဆယ်မြို့ရှိ ပွိုင့် ၄၅၆၁ ရဟတ်ယာဉ်ကွင်းမှတစ်ဆင့် တပ်မတော်ရဟတ်ယာဉ်ဖြင့်လည်းကောင်း၊ ကုန်းလမ်းခရီးမှ မော်တော်ယာဉ်များဖြင့်လည်းကောင်း ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်မောင်မယ်များနှင့်အတူ ပို့ဆောင်ပေးကြရသည်။ တိုက်ပွဲများ စတင်ဖြစ်ပွားပြီးနောက် များပြားလှသော ဒဏ်ရာရလူနာများကြောင့် မူဆယ်ဆေးရုံတွင် အရက်ပြန် ပြတ်လပ်သွားခဲ့ရာ ဒေါ်အမ်ယောနမ်သည် မူဆယ်ဈေးအတွင်း ပုဂ္ဂလိက ဆားဆိုင်မှ ဆားအိတ်များကို အကြွေးယူ၍ လူနာများ ဖန်ရေဆေးရန်အတွက် ဆားရည်ကို အစားထိုး အသုံးပြုခဲ့ရသည်။

တိုက်ပွဲကာလထက်ဝက်ခန့်တွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီးမှ တပ်မတော်ပါရဂူများ ဦးဆောင်သော ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ မူဆယ်သို့ ရောက်ရှိလာခဲ့ရာ တိုက်ပွဲတွင်း ထိခိုက်ဒဏ်ရာရလူနာများကို မူဆယ်ဆေးရုံတွင် ပြုစုစောင့်ရှောက်ပေးနိုင်ခဲ့သည်။ ဆရာမဒေါ်အမ်ယောနမ်သည် ၁၉၈၆ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့အထိ စစ်သည်လူနာပေါင်း ၆၀၀ ကျော်ကို ပြုစုပေးခဲ့ရပြီး လူနာ ၁၄၀ ကျော်ကို ခွဲစိတ်ကုသရာတွင် ပါဝင်ကူညီပြုစုပေးခဲ့ပါသည်။






မြန်မာနိုင်ငံ၏ ဒုတိယမြောက် ဖလော်ရင့်နိုက်တင်ဂေးဆုရှင်၊ လူမှုထူးချွန်(ပထမအဆင့်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုလက်မှတ်ရ အထက်တန်းသူနာပြု ဒေါ်အမ်ယောနမ်

၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့ နေ့လယ် ၂ နာရီတွင် မိမိတပ်မတော် အမှတ် (၁၀၉) ခြေမြန်တပ်ရင်းသည် ရန်သူ့လက်အောက်သို့ ကာလကြာရှည် ကျရောက်နေခဲ့သော ပန်ဆိုင်း(ကြူကုတ်)မြို့ကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့်အပြင် ရွှေလီမြစ်တစ်ဖက်ကမ်းရှိ ဗကပတို့၏ လွတ်မြောက်နယ်မြေ နောင်မ၊ ကွန်ဟိုင်း၊ မန်ဟီးရိုးစခန်းများကို ပါ ဆက်လက်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်။

ဤကဲ့သို့ တပ်မတော်က ပြန်လည်သိမ်းပိုက်ပြီးသော ကြူကုတ်တွင် ဒေသခံတိုင်းရင်းသား စစ်ပြေးဒုက္ခသည်များ၊ အလင်းဝင်လာသူများအတွက် ယာယီဆေးခန်းအဖြစ် ဦးစွာဖွင့်လှစ်ပေးပြီးနောက် လူနာများပြားမှုကြောင့် ဆေးရုံအဖြစ် ဆက်လက်ဖွင့်လှစ်ပေးခဲ့သည်။ ထိုသို့ဖွင့်လှစ်သည့်ဆေးရုံတွင် တာဝန်ထမ်းဆောင်ရန် ဆရာမကြီး ဒေါ်အမ်ယောနမ်နှင့် သူနာပြုဆရာမဒေါ်နန်းခင်ကြည်၊ ကျန်းမာရေးဝန်ထမ်း ဒေါ်အီမိုင်တို့အား သက်ဆိုင်ရာတာဝန်ရှိသူများက တာဝန်ပေးအပ်ခဲ့သည်။ ဆရာမကြီးဒေါ်အမ်ယောနမ်နှင့် ကျန်းမာရေးဝန်ထမ်းများသည် တာဝန်ကိုငြင်းပယ်ခြင်းမရှိဘဲ ကြူကုတ်ဆေးရုံ၏ ပထမဆုံးကျန်းမာရေးဝန်ထမ်းများအဖြစ် ၁၆-၁-၁၉၈၇ ရက်နေ့တွင် ကြူကုတ်ဆေးရုံ၌ သွားရောက်တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။

ဒေါ်အမ်ယောနမ်နှင့် ကျန်းမာရေးဝန်ထမ်းများသည် တိုက်ပွဲဖြစ်ပွားရာ ရှေ့တန်းနယ်မြေများတွင် တပ်မတော်သားများနှင့်အတူ တစ်တောင်တက် တစ်တောင်ဆင်း လမ်းခရီးကြမ်းကို သွားရောက်၍ ဒဏ်ရာရစစ်သည်များကို ကုသစောင့်ရှောက်ပေးခြင်း၊ ပေ ၄၀၀၀ ကျော်မြင့်မားသည့် မြင်တန်ကျေးရွာ၊ လုံခန်ကျေးရွာများရှိ ဆင်းရဲဒုက္ခကြုံတွေ့နေသော တိုင်းရင်းသားများထံသို့ အရောက်သွား၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်နှင့် ကြက်ခြေနီအသင်းအဖွဲ့များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များက ပေးပို့လှူဒါန်းသော အစားအစာများ၊ စောင်နှင့် အဝတ်အထည်များကို သွားရောက်ဝေငှပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ကြူကုတ်တွင် ယာယီဆေးခန်း ဖွင့်လှစ်ပြီးချိန်မှစ၍ အလင်းဝင်လာသူ ၅၀၀ ကျော်နှင့် တိုင်းရင်းသား စစ်ပြေးဒုက္ခသည်များအတွက် နည်းလမ်းပေါင်းစုံဖြင့် ပြုစုကုသမှုများကို အချိန်ပြည့် မနေမနားဆောင်ရွက်ပေးခဲ့ကြပါသည်။

တိုက်ပွဲများ ပြီးခါစကာလ ကြူကုတ်၌ အဆောက်အအုံများ အဆင်သင့်မဖြစ်သေးသည့် အချိန်တွင် မဖြစ်မနေ ဗိုက်ခွဲမွေးဖွားရန် လိုအပ်နေသည့် တိုင်းရင်းသူမွေးလူနာများကို ထင်းများ သိုလှောင်ထားရာ တဲအတွင်း ထင်းပုံကြားတွင် ဗိုက်ခွဲမွေးဖွားပေးခဲ့ရသည်။ တိုက်ပွဲဖြစ်ပွားလျက်ရှိသည့် ဒေသတွင်းကျေးရွာတစ်ရွာဖြစ်သည့် ကောင်းခါးကျေးရွာတွင် မီးဖွားပြီးနောက် ကွယ်လွန်သွားခဲ့သော တိုင်းရင်းသူမိခင်တစ်ဦး၏ မွေးကင်းစရင်သွေးငယ် အမြွှာမောင်နှမကလေးငယ်နှစ်ဦးမှာ ကြူကုတ်ဆေးရုံသို့ ရောက်ရှိလာခဲ့ရာ ဆရာမကြီး ဒေါ်အမ်ယောနမ်ကပင် အခက်အခဲများကြားမှ မိဘမဲ့ကလေးများကို တာဝန်ယူပြုစုစောင့်ရှောက်ပေးခဲ့သည်။ အဆိုပါ ကောင်းခါးရွာဇာတိ အမြွှာကလေးငယ်နှစ်ဦးအပြင် စီစီဝမ်တာပန်တိုက်ပွဲကာလအတွင်း ဆရာမကြီး ဒေါ်အမ်ယောနမ်သည် တိုင်းရင်းသား မိဘမဲ့ရင်သွေးငယ်ပေါင်း ၁၂ ဦးကို တာဝန်ယူ ပြုစုစောင့်ရှောက်ပေးခဲ့သည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှု**

တပ်မတော်သည် ရဲမင်းအောင်စစ်ဆင်ရေး၊ အောင်မိုးဟိန်းစစ်ဆင်ရေးတို့ဖြင့် ဆင်နွှဲတိုက်ခိုက်ခဲ့သည့် စီစီဝမ်တာပန် တိုက်ပွဲကြီးကာလအတွင်း သူနာပြုဆရာမကြီး ဒေါ်အမ်ယောနမ်၏ တပ်မတော်သားများနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထု၏ အသက်အန္တရာယ်ကို စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက်ပေးခဲ့မှုကို အသိအမှတ်ပြုလျက် ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့၌ မူဆယ်မြို့တွင်ကျင်းပသော ဂုဏ်ပြုအခမ်းအနား၌ တိုက်ပွဲကာလအတွင်း ပါဝင်ပံ့ပိုးကူညီခဲ့ကြသည့် ဂုဏ်ပြုခံပုဂ္ဂိုလ်များ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုလက်မှတ်ကို ချီးမြှင့်ခဲ့ပါသည်။

၁၉၈၆ -၁၉၈၇ ခုနှစ် စီစီဝမ်တာပန်တိုက်ပွဲကြီး ပြီးဆုံးပြီးနောက် ၁၉၈၈ ခုနှစ်၌ ရန်ကုန်မြို့မှစတင်၍ မြန်မာနိုင်ငံ၏သမိုင်းကြောင်း အချိုးအကွေ့တစ်ခုဖြစ်သော ၈၈ အရေးအခင်းဖြစ်ပွားခဲ့သည်။ တပ်မတော်က နိုင်ငံတော်ကို ထိန်းသိမ်းတာဝန်ယူခဲ့ပြီးနောက် ၁၉၈၉ ခုနှစ်တွင် နယ်စပ်ဒေသများ၌ မိုင်းယန်းမဲသဝေါတိုက်ပွဲကြီးများ ထပ်မံဖြစ်ပွားခဲ့သည်။ စီစီဝမ်တာပန်တိုက်ပွဲကြီး ပြီးဆုံးသည့် ၁၉၈၇ ခုနှစ်မှစတင်၍ ကြူကုတ်တွင် အရေးပေါ် ယာယီဆေးခန်းဖွင့်လှစ်ပြီးနောက် ဆေးရုံအဖြစ် ဆက်လက်ဖွင့်လှစ်ခဲ့သည့် ကြူကုတ်ဆေးရုံတွင် သွားရောက်တာဝန်ထမ်းဆောင်ရန် ဒေါ်အမ်ယောနမ်ကိုပင် တာဝန်ပေးအပ်ထားခဲ့သည်။

စာမျက်နှာ ၁၇ သို့

**ဒေါ်အမ်ယောနမ်နှင့် ကျန်းမာရေးဝန်ထမ်းများသည် တိုက်ပွဲဖြစ်ပွားရာ ရှေ့တန်းနယ်မြေများတွင် တပ်မတော်သားများနှင့်အတူ တစ်တောင်တက် တစ်တောင်ဆင်း လမ်းခရီးကြမ်းကို သွားရောက်၍ ဒဏ်ရာရစစ်သည်များကို ကုသစောင့်ရှောက်ပေး ခြင်း၊ ပေ ၄၀၀၀ ကျော်မြင့်မားသည့် မြင်တန်ကျေးရွာ၊ လုံခန်ကျေးရွာများရှိ ဆင်းရဲဒုက္ခ ကြုံတွေ့နေသော တိုင်းရင်းသားများထံသို့ အရောက်သွား၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်နှင့် ကြက်ခြေနီ အသင်းအဖွဲ့များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များက ပေးပို့လှူဒါန်းသော အစားအစာများ၊ စောင်နှင့် အဝတ်အထည်များကို သွားရောက်ဝေငှပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ကြူကုတ်တွင် ယာယီဆေးခန်း ဖွင့်လှစ်ပြီးချိန်မှစ၍ အလင်းဝင်လာသူ ၅၀၀ ကျော်နှင့် တိုင်းရင်းသား စစ်ပြေးဒုက္ခသည်များအတွက် နည်းလမ်းပေါင်းစုံဖြင့် ပြုစုကုသမှုများကို အချိန်ပြည့် မနေမနားဆောင်ရွက်ပေးခဲ့ကြ။**

❊ စာမျက်နှာ ၁၆ မှ

ဒေါ်အမ်ယောနမ်သည် ထိုစဉ်ကာလက မူဆယ်မြို့တွင် အလုပ်သမားအစည်းအရုံး အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ခင်ပွန်းဖြစ်သူ ရှမ်းတိုင်းရင်းသား ဦးစိုင်းအောင်ညွန့်နှင့် မိသားစုကို ခွဲခွာပြီး ကြူကုတ်ဆေးရုံ၌ ၁၉၈၉ ခုနှစ်အထိ ကာလရှည် သုံးနှစ်ကာလ ဆက်လက်နေထိုင်ပြီး သွားရောက်တာဝန်ထမ်းဆောင်နေခဲ့ရခြင်း ဖြစ်သည်။

**မြန်မာနိုင်ငံ၏ဒုတိယမြောက်ဖလော်ရင့်နိုက်တင်ဂေးဆုရှင်နှင့် လူမှုထူးချွန်(ပထမအဆင့်)**


အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် ၁၉၉၃ ခုနှစ်အတွက် (၃၄) ကြိမ်မြောက် ဆုတံဆိပ်ရွေးချယ်ရေးအစီအစဉ်တွင် စီစီဝမ်တာပန်တိုက်ပွဲကာလအတွင်း ဒေါ်အမ်ယောနမ်၏ သူနာပြုကောင်းပီသစွာ စွမ်းစွမ်းတမံ ကြိုးပမ်းမှုများကို အသိအမှတ်ပြုလျက် မြန်မာနိုင်ငံ မူဆယ်မြို့ ပြည်သူ့ဆေးရုံမှ အထက်တန်းသူနာပြု ဒေါ်အမ်ယောနမ်အား ဖလော်ရင့်နိုက်တင်ဂေးဆုရှင်အဖြစ် ရွေးချယ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ၂၃-၆-၁၉၉၃ ရက်နေ့၌ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမတွင် ဖလော်ရင့်နိုက်တင်ဂေးဆု ချီးမြှင့်အပ်နှင်းခဲ့ပါသည်။ ထို့အပြင် ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရကလည်း ဒေါ်အမ်ယောနမ်အား လူမှုထူးချွန် (ပထမအဆင့်) အဖြစ် ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။

၁၉၆၃ ခုနှစ်၌ မြန်မာနိုင်ငံ အမှတ်(၂) တပ်မတော်ဆေးရုံမှ ဗိုလ်ဒေါ်ခင်အုန်းမြအား မြန်မာနိုင်ငံ၏ ပထမဆုံး ဖလော်ရင့်နိုက်တင်ဂေးဆုတံဆိပ်ရှင်အဖြစ် ချီးမြှင့်အပ်နှင်းခဲ့ပြီးနောက် နှစ်ပေါင်း ၃၀ အကြာတွင် ကချင်တိုင်းရင်းသူ သူနာပြုဆရာမကြီး ဒေါ်အမ်ယောနမ်သည် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ဖလော်ရင့်နိုက်တင်ဂေးဆုရှင်အဖြစ် ထပ်မံပေါ်ထွန်းလာခဲ့ခြင်းလည်း ဖြစ်သည်။

**အမိနိုင်ငံတော်အတွက် စွန့်လွှတ်ခဲ့ကြသူများထံမှ လက်ဆင့်ကမ်းတာဝန်**

၁၉၈၆ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့အထိ စီစီဝမ်တာပန်တိုက်ပွဲကာလအတွင်း တိုက်ပွဲကြီး ၃၇ ကြိမ်၊ တိုက်ပွဲငယ် ၅၆ ကြိမ် ဖြစ်ပွားခဲ့ရာ တပ်မတော်မှ အရာရှိ ၁၅ ဦး၊ စစ်သည် ၁၇၈ ဦး အသက်ပေးတိုက်ပွဲဝင်ခဲ့ရသည်။ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းစွန့်လွှတ်ခဲ့ရသူများအပါအဝင် အရာရှိ ၂၄ ဦး၊ စစ်သည် ၆၄၉ ဦး ဒဏ်ရာရရှိခဲ့ပြီး အရပ်သား ၁၀ ဦး သေဆုံး၍ ၁၆ ဦးဒဏ်ရာရရှိခဲ့သည်။

တိုက်ပွဲဝင်တပ်မှူးကြီးအချို့၏ ပြန်လည်မှတ်တမ်းတင်ရေးသားမှုများအရ ပေ ၆၀၀၀ ကျော် မြင့်မားသည့်ဝင်းဖိုင်တောင်ကြောကဲ့သို့ တောင်ကြောများကို မအိပ်မနေကျော်ဖြတ်ရမှုကြောင့် အကြိမ်ကြိမ်လဲပြိုကျနေသည့်ကြားမှ မဆုတ်မနစ် ချီတက်ခဲ့သည့် စစ်သည်တို့၏အားမာန်များ၊ ချေမှုန်းရေးတိုက်ပွဲကြီးများ မဆင်နွှဲမီ ကတုတ်ကျင်း၊ ဘန်ကာများအတွင်း နေထိုင်ရမှုကြောင့် အသားအရေ ဖျော့တော့အားနည်းနေသော်လည်း မိမိစခန်းများ ပြန်လည်ရရှိရေးအတွက် အသေခံ ချေမှုန်းရေးတိုက်ပွဲဝင်ရန် ဆန္ဒပြုသည့် စစ်သည်များ၏ ရဲဘော်ရဲဘက်စိတ်များ၊ တိုက်ပွဲဝင်တပ်မတော်သားများအတွက် မူဆယ်မြို့နေပြည်သူများက အဆင့်ဆင့်ပေးပို့လိုက်သော ထမင်းထုပ်များမှာ စစ်သည်များထံ ရောက်ရှိချိန်၌ ရက်ကြာမှုကြောင့် ပုပ်သိုးနေသော်လည်း နေရောင်ရချိန်တွင် သိုးနေသော ထမင်းကို အနံ့ပျောက်ရန် အခြောက်ခံလျက် ထမင်းထုပ်အတွင်းမှ မုန်ညင်းချဉ်နှင့် ငါးခြောက်ဖုတ်တို့နှင့်အတူ ရေနှင့်မျှောချ အာဟာရဖြည့်တင်းလျက် တိုက်ပွဲဝင်ခဲ့မှုများကို သိရှိခဲ့ကြရပါသည်။





**စစ်မြေပြင်ဒဏ်ရာရစစ်သည်များ၊ ရှေ့တန်းလုပ်အားရှင်များကို ဆေးရုံသို့ ပို့ဆောင်နိုင်ရေးအတွက် တိုက်ပွဲများအကြား မိမိတို့ သဘောဆန္ဒအလျောက် စေတနာ့ဝန်ထမ်း သယ်ယူစောင့်ရှောက်ပေးခဲ့ကြသော မူဆယ်မြို့နယ်ကြက်ခြေနီလူငယ်မောင်မယ်များ။ (ဓာတ်ပုံ - ၇၅ နှစ်မြောက် စိန်ရတုအထိမ်းအမှတ်မဂ္ဂဇင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း)**

စီစီဝမ်တာပန်တိုက်ပွဲကြီး အောင်မြင်မှုရခဲ့ရခြင်း၏အကြောင်းရင်းများအနက် တိုက်ပွဲဖြစ်ပွားရာ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်များမှ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လက်တွဲလျက် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးခဲ့ကြသည်မှာလည်း တိုက်ပွဲကြီးအောင်မြင်မှုရခြင်း၏ အဓိကအကြောင်းရင်းတစ်ချက်ဖြစ်ခဲ့ပါသည်။ တိုက်ပွဲကာလအတွင်း ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ရှေ့တန်းတိုက်ပွဲဝင်စစ်သည်များအတွက် ရေ၊ ရိက္ခာ၊ ခဲယမ်းများ သယ်ပို့ခြင်း၊ လူနာရွှေ့ထုတ်ခြင်းစသည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာလုပ်ငန်းများကို စွမ်းစွမ်းတမံ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ခဲ့ကြသည်။

အထူးသဖြင့် တာဝန်ရှိသူများက ခေါ်ယူတာဝန်ပေးခြင်းမဟုတ်ဘဲ စစ်မြေပြင်ဒဏ်ရာရလူနာများကို ဆေးရုံသို့ အချိန်မီပို့ဆောင်နိုင်ရေးအတွက် တိုက်ပွဲများအကြား မိမိတို့သဘောဆန္ဒအလျောက် စေတနာ့ဝန်ထမ်း သယ်ယူစောင့်ရှောက်ပေးခဲ့ကြသော မူဆယ်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် လူငယ်မောင်မယ်များ၏ ကြိုးပမ်းမှုသည်လည်း မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ သမိုင်းကြောင်းတွင် ထင်ရှားသော သမိုင်းမှတ်တိုင်အဖြစ် တည်ရှိနေမည်ဖြစ်ပါသည်။

စီစီဝမ်တာပန်တိုက်ပွဲကြီး ဖြစ်ပွားနေချိန် ဒေါ်အမ်ယောနမ် ကယ်တင်စောင့်ရှောက်ခဲ့သော ထိခိုက်ဒဏ်ရာရတပ်မတော်သားများ၊ ဒေသခံတိုင်းရင်းသားများသည် ယခုအချိန်တွင် အသက်ရှင်သန်နေထိုင်ဆဲ ဖြစ်ပါသည်။ ကောင်းခါးကျေးရွာတွင် မီးဖွားပြီးနောက် မိခင်ဖြစ်သူမှာ ကွယ်လွန်သွားသည့်အတွက် အခက်အခဲများကြားမှ ဒေါ်အမ်ယောနမ် တာဝန်ယူစောင့်ရှောက်ခဲ့ပြီးနောက် ယနေ့အချိန်တွင် မန္တလေးမြို့၌ အရွယ်ရောက်နေထိုင်လျက်ရှိသည့် ကောင်းခါးရွာဇာတိ မွေးကင်းစအမြွှာကလေးငယ်နှစ်ဦးအပါအဝင် တိုက်ပွဲပြီးဆုံးပြီးနောက် ကြူကုတ်ရှိ ထင်းများသိုလှောင်ထားရာတဲအတွင်း ထင်းပုံကြားတွင် ဗိုက်ခွဲမွေးပေးခဲ့ရသော မွေးလူနာများ၏ သားသမီးငယ်များသည် ယခုအခါ အသက် ၃၀ ကျော် အရွယ်ရောက် နိုင်ငံသားများအဖြစ် ရှင်သန်နေထိုင်ခွင့်ရရှိနေကြပြီလည်း ဖြစ်ပါသည်။

ဤကဲ့သို့ နိုင်ငံသားများ၊ တိုင်းရင်းသားရင်သွေးငယ်များ၏ဘဝများ ရှင်သန်နေမှုများနှင့်အတူ ၂၀ ရာစုအတွင်းက ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန် တပ်မတော်သားများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားလုပ်အားရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီမောင်မယ်များနှင့်အတူ လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) (ငြိမ်း) ဆရာမကြီးဒေါ်အမ်ယောနမ်က ကမ္ဘာသို့ သက်သေပြနိုင်ခဲ့သော မြန်မာ့သူနာပြုကောင်းတစ်ဦး၏ မြင့်မြတ်သောဂုဏ်ရည်၊ နိုင်ငံ့ဝန်ထမ်း/ကျန်းမာရေးဝန်ထမ်းကောင်းတစ်ဦး၏ မြင့်မားသော စံနမူနာပြ စွန့်လွှတ်ကြိုးပမ်းအနစ်နာခံမှုများကို ဆက်လက်ရှင်သန်နေရေးအတွက် လက်ဆင့်ကမ်းထိန်းသိမ်းသွားကြရန်မှာလည်း ယနေ့ကာလ ၂၁ ရာစု မျိုးဆက်သစ် နိုင်ငံသားများ၊ မျိုးဆက်သစ် နိုင်ငံ့ဝန်ထမ်းများ၏ သမိုင်းပေးတာဝန်ပင် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

[ဤစာစုဖြင့် အမိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပိုင်နက်နယ်မြေတည်တံ့ရေး၊ တရားသောစစ်ပွဲ အောင်မြင်ရေးအတွက် စီစီဝမ်တာပန်တိုက်ပွဲကြီးတွင် အဘက်ဘက်မှ စွန့်လွှတ်ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြသည့် -

- တပ်မတော် (လေ) မှ ကျဆုံးလေသူရဲများအပါအဝင် တိုက်ပွဲဝင်တပ်မတော်သားများ၊ ရှေ့တန်းလုပ်အားရှင် ဒေသခံတိုင်းရင်းသားများ၊ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်ရှိ တိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများကိုလည်းကောင်း၊
- ၁၉၈၆ - ၈၇ ခုနှစ် မူဆယ်ပြည်သူ့ဆေးရုံ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဂျော်နီအောင်နှင့် လက်ထောက်ဆရာဝန် ဒေါက်တာတင်ရန့်၊ သူနာပြုဆရာမကြီး ဒေါ်အမ်ယောနမ်နှင့် မူဆယ်ပြည်သူ့ဆေးရုံ ကျန်းမာရေးဝန်ထမ်းများကို လည်းကောင်း၊
- မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကြည်စိုး၊ ဇနီးဖြစ်သူ ဒေါက်တာဒေါ်ကြည်အေးဆွေ၊ မြို့နယ်ကြက်ခြေနီကော်မတီဝင် ဒေါ်အယ်လ်ခမ်းအောင်၊ မြို့နယ်သမဝါယမဆေးခန်းမှ သူနာပြုဆရာမ ဒေါ်ထုဆိုင်၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ နည်းပြတပ်ခွဲမှူး စိုင်းသာထွန်း၊ နည်းပြဒုတပ်ခွဲမှူး စိုင်းစောစိန်နှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်မောင်မယ် ၁၂ ဦးကိုလည်းကောင်း၊
- တိုက်ပွဲကာလအတွင်း နေ့ညတိုက်ပွဲဝင်နေသောစစ်သည်များအတွက် ထမင်းထုပ်များ ချက်ပြုတ်လျက် နေ့စဉ် လက်ဆင့်ကမ်းပေးပို့ခဲ့ကြသော မူဆယ်မြို့နေ ဒေသခံတိုင်းရင်းသားပြည်သူတို့ကိုလည်းကောင်း၊
- ရှေ့တန်းလူနာများ သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများအကြား စုစည်းကြိုးပမ်းပေးခဲ့သည့် မူဆယ် မြို့နယ် ထော်လာဂျီယာဉ်ငယ်အသင်းဥက္ကဋ္ဌ ဦးမြသန်း (ကွယ်လွန်) နှင့် တာဝန်ရှိသူများကိုလည်းကောင်း၊
- ၁၉၆၈ ခုနှစ်၌ ဗကပတို့ တိုက်ခိုက်ခဲ့သည့် မုံးပေါ်၊ ကြူကုတ် (ပန်ဆိုင်း) တိုက်ပွဲများတွင် ထိခိုက်ဒဏ်ရာရစစ်သည်များကို တိုက်ပွဲများအကြား ကုသစောင့်ရှောက်ခဲ့သည့် ဒေါက်တာစိုင်းထွန်းအေးနှင့် ဆရာမကြီး ဒေါ်အယ်လ်ခမ်းအောင်တို့ကိုလည်းကောင်း၊
- ၁၉၈၀ ပြည့်နှစ် ဧပြီလ၌ မူဆယ်မြို့သို့ ဗကပများ ဝင်ရောက်တိုက်ခိုက်ခံရစဉ်ကလည်း မူဆယ်ပြည်သူ့ဆေးရုံကို စွန့်ခွာသွားခြင်းမရှိဘဲ ဒဏ်ရာရလူနာများကို ပြုစုစောင့်ရှောက်ခဲ့သည့် ဆရာမကြီး ဒေါ်အယ်လ်ခမ်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။]

=x=x=x=x=x=x=x=x=x=x=x=x=x=x=x=x=x=x=

**ရည်ညွှန်း**

- ၁၉၄၈ မှ ၁၉၈၈ ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ (တတိယတွဲ)
- တပ်မတော်သမိုင်း (ဆဋ္ဌမတွဲ) (၁၉၇၄-၁၉၈၈)- စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး။
- တပ်မတော်နှင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ - မင်းမောင်မောင် (သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း) ၁၉၉၅ ခုနှစ်။
- စီစီဝန်တာပန် ကြူကုတ်တိုက်ပွဲကြားမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ - [စိုင်းသာထွန်း(မူဆယ်)] ၇၅ နှစ်မြောက် စိန်ရတုအထိမ်းအမှတ်မဂ္ဂဇင်း (မြန်မာနိုင်ငံကြက်ခြေနီအသင်း) ၂၀၁၄ ခုနှစ်
- မဟောင်းသောအတွေး မဆွေးသောသစ္စာ [သုတဦး (ကလောင်အမည်) - ဗိုလ်မှူးချုပ် အေးမြင့်ကြူ (ငြိမ်း)] - နှစ် ၅၀ ပြည့် ရွှေရတုစစ်တက္ကသိုလ်စာစောင်။
- တပ်မတော်သားတို့၏ တုန့်ပြန်ဖွယ်ရာများ - ဗိုလ်မှူးကြီးမြင့်ထွန်း။
- စီစီဝမ်တာပန်တိုက်ပွဲကြီး - သောင်းဝေဦး (ဒုတိယအကြိမ်) ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်၊ မုဒုံမြို့နယ်နှင့် ရေးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မွန်ပြည်နယ် မုဒုံမြို့နယ် မဲရုံ ၁၀၃ ရုံ | ၁၈၂၃၀၂ | ၁၆၁၁၉၂ | ၂၀၂၄၇ | ၁၀၅၁ | ၁၅၈၇၈ |
| ၂ | မွန်ပြည်နယ် ရေးမြို့နယ် မဲရုံ ၁၃၀ ရုံ | ၂၃၅၅၉၂ | ၁၇၉၅၈၀ | ၅၂၅၈၃ | ၃၁၄၇ | ၂၆၇၆၀ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မွန်ပြည်နယ်၊ မုဒုံမြို့နယ်နှင့် ရေးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၃၃ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၄၄၄၈၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၂၅၈၅၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၁၈၆၂၆၊ မြေပြင်လက်ကျန် ၂၁၄၀၂၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၆၉၂၃ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၂၃၁၉ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မုဒုံမြို့နယ် | ၁၀၃ | ၂၀၀၀၆၂ | ၁၀၁၂၅၇ | ၉၈၈၀၅ | ၉၇၈၁၃ | ၁၆၃၅ | ၆၄၃ |
| ၂ | ရေးမြို့နယ် | ၁၃၀ | ၂၄၄၄၂၁ | ၁၂၄၆၀၀ | ၁၁၉၈၂၁ | ၁၁၆၂၀၉ | ၅၂၈၈ | ၁၆၇၆ |
| | စုစုပေါင်း | ၂၃၃ | ၄၄၄၄၈၃ | ၂၂၅၈၅၇ | ၂၁၈၆၂၆ | ၂၁၄၀၂၂ | ၆၉၂၃ | ၂၃၁၉ |

**မုဒုံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ မွန်ပြည်နယ်၊ မုဒုံမြို့နယ်တွင် ရပ်ကွက် ၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၃ အုပ်စု၊ မဲရုံပေါင်း ၁၀၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၀၀၀၆၂ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၁၂၅၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၉၈၈၀၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၉၇၈၁၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၈၅၄၅၀ | ၉၈၅၁၀ | ၈၆၉၄၀ | ၈၅၇၄၅ | ၁၆၃၅ | ၄၄၀ |
| ၂ | မြို့နယ်မဲလက်မှတ် | ၁၄၆၁၂ | ၂၇၄၇ | ၁၁၈၆၅ | ၁၂၀၆၈ | | ၂၀၃ |
| | စုစုပေါင်း | ၂၀၀၀၆၂ | ၁၀၁၂၅၇ | ၉၈၈၀၅ | ၉၇၈၁၃ | ၁၆၃၅ | ၆၄၃ |

၆။ မုဒုံမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၁၆၃၅ ပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၅ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၄၄၀ ပိုမိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် ၁၁၈၆၅ ဖြစ်သော်လည်း မြေပြင်တွင် ၁၂၀၆၈ ကျန်ရှိနေသဖြင့် မဲလက်မှတ် ၂၀၃ စောင် ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။



မုဒုံမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ။

၇။ မုဒုံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | မြို့မ(၁)ရပ်ကွက် | ၇ | ၁၃၉၅၀ | ၈၆၆၉ | ၅၂၈၁ | ၅၄၈၁ | | ၂၀၀ |
| ၂ | မြို့မ(၂)ရပ်ကွက် | ၆ | ၁၂၁၀၀ | ၇၀၄၀ | ၅၀၆၀ | ၄၉၂၂ | ၁၃၈ | |
| ၃ | မြို့မ(၃)ရပ်ကွက် | ၄ | ၆၄၀၀ | ၄၃၉၆ | ၂၀၀၄ | ၂၀၀၄ | | |
| ၄ | မြို့မ(၄)ရပ်ကွက် | ၁၁ | ၁၆၂၀၀ | ၉၁၉၇ | ၇၀၀၃ | ၆၅၅၃ | ၄၅၀ | |
| ၅ | တာပသွန်ကျေးရွာအုပ်စု | ၂ | ၄၉၀၀ | ၂၀၄၁ | ၂၈၅၉ | ၂၄၀၉ | ၄၅၀ | |
| ၆ | ကွေ့ဝမ်းကျေးရွာအုပ်စု | ၄ | ၅၁၀၀ | ၂၇၂၉ | ၂၃၇၁ | ၂၃၇၁ | | |
| ၇ | နိုင်းပြိုင်ကျေးရွာအုပ်စု | ၂ | ၃၂၅၀ | ၁၆၀၈ | ၁၆၄၂ | ၁၇၄၂ | | ၁၀၀ |
| ၈ | ကျောက်တစ်လုံးကျေးရွာအုပ်စု | ၃ | ၃၆၀၀ | ၁၁၁၉ | ၂၄၈၁ | ၂၄၃၁ | ၅၀ | |
| ၉ | မိုန်ဂနိမ်းကျေးရွာအုပ်စု | ၂ | ၃၀၀၀ | ၁၆၅၇ | ၁၃၄၃ | ၁၃၈၃ | | ၄၀ |
| ၁၀ | ကော့ခပုံကျေးရွာအုပ်စု | ၃ | ၅၉၅၀ | ၂၇၀၁ | ၃၂၄၉ | ၃၁၅၉ | ၉၀ | |
| ၁၁ | ကွမ်တာကျေးရွာအုပ်စု | ၂ | ၃၉၅၀ | ၂၁၇၄ | ၁၇၇၆ | ၁၇၇၆ | | |
| ၁၂ | ဘဲရမ်းကျေးရွာအုပ်စု | ၂ | ၃၇၅၀ | ၂၂၀၉ | ၁၅၄၁ | ၁၅၄၁ | | |
| ၁၃ | ကင်းချောင်းကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၈၈၄ | ၆၁၆ | ၆၁၆ | | |
| ၁၄ | ကော့ပရံကျေးရွာအုပ်စု | ၂ | ၄၀၀၀ | ၂၉၉၂ | ၁၀၀၈ | ၁၀၀၈ | | |
| ၁၅ | ကတုံးပေါ်ကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၉၁၁ | ၄၃၉ | ၄၈၉ | | ၅၀ |
| ၁၆ | ဘလောက်ညောင်ဝိုင်း ကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၂၈၈ | ၅၁၂ | ၅၁၂ | | |
| ၁၇ | ဝဲကလိကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၀၅ | ၁၉၅ | ၁၉၅ | | |
| ၁၈ | ကမာအုပ်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၂၇ | ၁၇၃ | ၁၇၃ | | |
| ၁၉ | ကျုံဖိုက်ကျေးရွာအုပ်စု | ၂ | ၄၉၀၀ | ၂၆၆၈ | ၁၈၈၂ | ၁၉၃၂ | | ၅၀ |
| ၂၀ | ဝက်တဲကျေးရွာအုပ်စု | ၁ | ၂၄၀၀ | ၃၂၇ | ၃၂၃ | ၃၂၃ | | |
| ၂၁ | ညောင်ကုန်းကျေးရွာအုပ်စု | ၃ | ၆၈၀၀ | ၂၅၂၃ | ၂၃၇၇ | ၂၃၂၇ | ၅၀ | |
| ၂၂ | ကျိုက်ရွဲကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၉၅၈ | ၁၄၄၂ | ၁၄၄၂ | | |
| ၂၃ | တော်ကူးကျေးရွာအုပ်စု | ၃ | ၄၃၀၀ | ၃၃၅၂ | ၃၄၄၈ | ၃၃၉၈ | ၅၀ | |
| ၂၄ | တံခွန်တိုင်ကျေးရွာအုပ်စု | ၂ | ၄၅၅၀ | ၁၈၄၄ | ၁၆၀၆ | ၁၆၀၆ | | |
| ၂၅ | နိုင်လှံ-လက်တက်ကျေးရွာအုပ်စု | ၂ | ၅၆၀၀ | ၂၃၇၇ | ၁၉၂၃ | ၁၉၂၃ | | |
| ၂၆ | အခွန်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၃၂၇၀ | ၂၃၃၀ | ၂၃၃၀ | | |
| ၂၇ | ဂုံညင်းတန်းရပ်ကွက် | ၁ | ၂၈၅၀ | ၁၅၂၅ | ၁၃၂၅ | ၁၃၂၅ | | |

စာမျက်နှာ ၁၉ သို့ ❖

❖ စာမျက်နှာ ၁၈ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၈ | သိမ်ကုန်းရပ်ကွက် | ၅ | ၈၃၀၀ | ၄၁၆၅ | ၄၁၃၅ | ၄၁၃၅ | | |
| ၁၉ | ကမာ၀က်ရပ်ကွက် | ၂ | ၅၈၀၀ | ၂၉၂၉ | ၂၈၇၁ | ၂၈၇၁ | | |
| ၂၀ | စိန်တောင်ရပ်ကွက် | ၃ | ၆၂၅၀ | ၂၆၃၈ | ၃၆၁၂ | ၃၆၁၂ | | |
| ၂၁ | ထောင်ကေးရပ်ကွက် | ၁ | ၂၅၅၀ | ၁၂၄၆ | ၁၃၀၄ | ၁၃၀၄ | | |
| ၂၂ | ဖဲဒိုကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၉၂၃ | ၇၇၇ | ၇၇၇ | | |
| ၂၃ | ကလော့သော့ကျေးရွာအုပ်စု | ၂ | ၅၀၀၀ | ၂၄၆၃ | ၂၅၃၇ | ၂၅၃၇ | | |
| ၂၄ | ကော့ပီထော်ကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၁၅၁၀ | ၁၆၉၀ | ၁၆၈၃ | ၇ | |
| ၂၅ | ဒိုးမားကျေးရွာအုပ်စု | ၁ | ၈၅၀ | ၄၇၅ | ၃၇၅ | ၃၇၅ | | |
| ၂၆ | တောင်ပကျေးရွာအုပ်စု | ၂ | ၄၇၀၀ | ၂၀၀၈ | ၂၆၉၂ | ၂၆၉၂ | | |
| ၂၇ | ထုံမံကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၅၄၅ | ၈၀၅ | ၈၀၅ | | |
| ၂၈ | ကွမ်ကဗွီးကျေးရွာအုပ်စု | ၁ | ၂၂၀၀ | ၈၇၁ | ၁၃၂၉ | ၁၂၇၉ | ၅၀ | |
| ၂၉ | ဆက်သွယ်ကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၁၃၅၇ | ၁၁၄၃ | ၁၀၉၃ | ၅၀ | |
| ၃၀ | နီးပဒေါကျေးရွာအုပ်စု | ၄ | ၅၄၅၀ | ၂၂၇၃ | ၃၁၇၇ | ၂၉၇၇ | ၂၀၀ | |
| ၃၁ | ရောင်းဒေါင်းကျေးရွာအုပ်စု | ၁ | ၂၄၅၀ | ၁၁၆၈ | ၁၂၈၂ | ၁၂၃၂ | ၅၀ | |
| ၃၂ | ကွမ်လှာကျေးရွာအုပ်စု | ၂ | ၅၆၅၀ | ၂၆၄၈ | ၃၀၀၂ | ၃၀၀၂ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၀၃ | ၁၈၅၄၅၀ | ၉၈၅၁၀ | ၈၆၉၄၀ | ၈၅၇၄၅ | ၁၆၃၅ | ၄၄၀ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၄၆၁၂ | ၂၇၄၇ | ၁၁၈၆၅ | ၁၂၀၆၈ | | ၂၀၃ |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၂၀၀၀၆၂ | ၁၀၁၂၅၇ | ၉၈၈၀၅ | ၉၇၈၁၃ | ၁၆၃၅ | ၆၄၃ |

**ရေးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၈။ မြေပြင်စစ်ဆေးချက်များအရ မွန်ပြည်နယ်၊ ရေးမြို့နယ်တွင် ရပ်ကွက် ၁၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၀ အုပ်စု၊ မဲရုံပေါင်း ၁၃၀ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၄၄၄၂၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၂၄၆၀၀ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၁၉၈၂၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၁၆၂၀၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၃၉၄၅၀ | ၁၂၁၉၇၈ | ၁၁၇၄၇၂ | ၁၁၃၁၄၉ | ၅၂၈၈ | ၉၆၅ |
| ၂ | မြို့နယ်မဲလက်မှတ် | ၄၉၇၁ | ၂၆၂၂ | ၂၃၄၉ | ၃၀၆၀ | | ၇၁၁ |
| စုစုပေါင်း | | ၂၄၄၄၂၁ | ၁၂၄၆၀၀ | ၁၁၉၈၂၁ | ၁၁၆၂၀၉ | ၅၂၈၈ | ၁၆၇၆ |

၉။ ရေးမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၁၇ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၅၂၈၈ ပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၇ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၉၆၅ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် ၂၃၄၉ ဖြစ်သော်လည်း မြေပြင်တွင် ၃၀၆၀ ကျန်ရှိနေသဖြင့် မဲလက်မှတ် ၇၁၁ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၁၀။ ရေးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | သီရိမာလာရပ်ကွက် | ၁ | ၁၈၅၀ | ၁၁၉၆ | ၆၅၄ | ၆၅၄ | | |
| ၂ | သီရိနန္ဒာရပ်ကွက် | ၃ | ၆၀၀၀ | ၃၇၉၇ | ၂၂၀၃ | ၂၂၀၃ | | |
| ၃ | သီရိဇေယျာရပ်ကွက် | ၁ | ၂၃၅၀ | ၁၃၈၀ | ၉၇၀ | ၉၇၀ | | |
| ၄ | သီရိခေမာရပ်ကွက် | ၁ | ၂၇၀၀ | ၁၆၆၅ | ၁၀၃၅ | ၁၀၃၅ | | |
| ၅ | လမိုင်းမြို့မ(၁)ရပ်ကွက် | ၂ | ၄၈၀၀ | ၂၃၁၂ | ၂၄၈၈ | ၂၈၅၄ | | ၃၆၆ |
| ၆ | လမိုင်းမြို့မ(၂)ရပ်ကွက် | ၂ | ၃၄၀၀ | ၁၃၆၉ | ၂၀၃၁ | ၁၆၈၁ | ၃၅၀ | |
| ၇ | လမိုင်းမြို့မ(၃)ရပ်ကွက် | ၂ | ၄၅၅၀ | ၁၈၀၄ | ၂၇၄၆ | ၂၈၉၄ | | ၁၄၈ |
| ၈ | မော့ကနင်ကျေးရွာအုပ်စု | ၇ | ၁၅၈၀၀ | ၆၃၀၇ | ၉၄၉၃ | ၉၀၄၃ | ၄၅၀ | |
| ၉ | ကော့ဒွတ်ကျေးရွာအုပ်စု | ၅ | ၉၅၅၀ | ၄၂၀၃ | ၅၃၄၇ | ၅၀၉၇ | ၂၅၀ | |
| ၁၀ | နှစ်ကရင်ကျေးရွာအုပ်စု | ၅ | ၉၉၀၀ | ၃၈၀၅ | ၆၀၉၅ | ၅၅၄၅ | ၅၅၀ | |
| ၁၁ | ဘေးလမိုင်းကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၁၇၃ | ၁၄၇၇ | ၁၄၇၇ | | |
| ၁၂ | ဘဲလမုကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၉၅၇ | ၂၀၉၃ | ၂၀၄၃ | ၅၀ | |
| ၁၃ | ကနင်ကမော့ကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၅၇၁ | ၉၇၉ | ၉၇၉ | | |
| ၁၄ | ဒုံဖီကျေးရွာအုပ်စု | ၂ | ၃၁၅၀ | ၁၂၅၀ | ၁၉၀၀ | ၁၇၅၀ | ၁၅၀ | |
| ၁၅ | နှင်းစုံကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၁၄၀၇ | ၁၄၄၃ | ၁၂၉၃ | ၁၅၀ | |
| ၁၆ | အာယုတောင်ကျေးရွာအုပ်စု | ၄ | ၆၇၅၀ | ၃၀၆၅ | ၃၆၈၅ | ၃၆၉၅ | | ၁၀ |
| ၁၇ | တူးမြောင်းကျေးရွာအုပ်စု | ၄ | ၄၈၅၀ | ၂၇၁၄ | ၂၁၃၆ | ၂၁၃၆ | | |
| ၁၈ | သောင်ပြင်ကျေးရွာအုပ်စု | ၄ | ၉၀၅၀ | ၃၁၃၇ | ၅၉၁၃ | ၆၀၁၃ | | ၁၀၀ |
| ၁၉ | တောင်ဘုံကျေးရွာအုပ်စု | ၄ | ၇၃၅၀ | ၃၀၃၈ | ၄၃၁၂ | ၄၄၆၂ | | ၁၅၀ |
| ၂၀ | ကုလားကုတ်ကျေးရွာအုပ်စု | ၃ | ၄၁၅၀ | ၁၇၁၃ | ၂၄၃၇ | ၂၄၃၇ | | |
| ၂၁ | သဃ်န်းကျွန်းကျေးရွာအုပ်စု | ၂ | ၃၁၅၀ | ၁၄၈၀ | ၁၆၇၀ | ၁၆၇၀ | | |
| ၂၂ | အံဒင်ကျေးရွာအုပ်စု | ၅ | ၈၈၀၀ | ၅၀၅၂ | ၃၇၄၈ | ၃၆၉၈ | ၅၀ | |
| ၂၃ | ရန်ကြီးအောင်ရပ်ကွက် | ၂ | ၃၁၀၀ | ၂၃၀၂ | ၇၉၈ | ၇၉၈ | | |
| ၂၄ | ရန်မျိုးအောင်ရပ်ကွက် | ၂ | ၃၉၅၀ | ၂၄၈၂ | ၁၄၆၈ | ၁၁၁၈ | ၃၅၀ | |
| ၂၅ | အောင်သုခရပ်ကွက် | ၁ | ၁၉၅၀ | ၁၂၄၅ | ၇၀၅ | ၇၀၅ | | |
| ၂၆ | အောင်မင်္ဂလာရပ်ကွက် | ၂ | ၄၆၅၀ | ၂၆၄၈ | ၂၀၀၂ | ၂၀၀၂ | | |
| ၂၇ | အောင်မေတ္တာရပ်ကွက် | ၂ | ၄၁၀၀ | ၂၂၆၂ | ၁၈၃၈ | ၁၈၃၈ | | |
| ၂၈ | ချောင်းတောင်ကျေးရွာအုပ်စု | ၄ | ၆၆၅၀ | ၃၇၁၂ | ၂၉၃၈ | ၂၆၈၈ | ၂၅၀ | |
| ၂၉ | အဘော်ကျေးရွာအုပ်စု | ၄ | ၆၉၅၀ | ၃၂၁၈ | ၃၇၃၂ | ၃၂၃၂ | ၅၀၀ | |
| ၃၀ | ဒူးယားကျေးရွာအုပ်စု | ၅ | ၉၂၀၀ | ၅၅၆၆ | ၃၆၃၄ | ၃၆၃၄ | | |
| ၃၁ | အစင်ကျေးရွာအုပ်စု | ၁၀ | ၁၇၂၀၀ | ၁၀၂၅၈ | ၆၉၄၂ | ၆၀၉၂ | ၈၅၀ | |
| ၃၂ | ဇီးဖြူသောင်ကျေးရွာအုပ်စု | ၄ | ၈၁၅၀ | ၄၇၁၈ | ၃၄၃၂ | ၃၄၃၂ | | |
| ၃၃ | ကျောက်မိချောင်းကျေးရွာအုပ်စု | ၃ | ၆၃၀၀ | ၃၄၂၅ | ၂၈၇၅ | ၂၉၁၆ | | ၄၁ |
| ၃၄ | ကျောင်းရွာကျေးရွာအုပ်စု | ၆ | ၁၀၄၅၀ | ၅၄၁၂ | ၅၀၃၈ | ၅၀၁၀ | ၂၈ | |
| ၃၅ | ကိုးမိုင်ကျေးရွာအုပ်စု | ၂ | ၃၉၅၀ | ၂၁၄၀ | ၁၈၁၀ | ၁၅၁၀ | ၃၀၀ | |
| ၃၆ | ကလော့ကျေးရွာအုပ်စု | ၂ | ၅၅၀၀ | ၂၈၂၂ | ၂၆၇၈ | ၂၁၆၈ | ၅၁၀ | |
| ၃၇ | ဟံဂံကျေးရွာအုပ်စု | ၃ | ၇၇၅၀ | ၄၅၁၄ | ၃၂၃၆ | ၂၉၈၆ | ၂၅၀ | |
| ၃၈ | ကော့လှိုင်ကျေးရွာအုပ်စု | ၄ | ၅၈၀၀ | ၂၈၈၂ | ၂၉၁၈ | ၂၉၁၈ | | |
| ၃၉ | ရင်းရယ်ကျေးရွာအုပ်စု | ၂ | ၃၂၅၀ | ၂၀၇၆ | ၁၁၇၄ | ၁၃၂၄ | | ၁၅၀ |
| ၄၀ | ကဗျာကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၁၆၇၄ | ၁၁၇၆ | ၁၁၇၆ | | |
| ၄၁ | ကျုံညဲကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၂၆၂ | ၁၁၈၈ | ၁၁၈၈ | | |
| ၄၂ | ခေါဇာမြို့မ(၁)ရပ်ကွက် | ၁ | ၂၂၀၀ | ၁၂၇၅ | ၉၂၅ | ၉၂၅ | | |
| ၄၃ | ခေါဇာမြို့မ(၂)ရပ်ကွက် | ၁ | ၁၈၀၀ | ၁၀၂၅ | ၇၇၅ | ၇၇၅ | | |
| ၄၄ | မကျီးကျေးရွာအုပ်စု | ၂ | ၃၀၀၀ | ၁၆၆၅ | ၁၃၃၅ | ၁၀၈၅ | ၂၅၀ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၃၀ | ၂၃၉၄၅၀ | ၁၂၁၉၇၈ | ၁၁၇၄၇၂ | ၁၁၃၁၄၉ | ၅၂၈၈ | ၉၆၅ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၄၉၇၁ | ၂၆၂၂ | ၂၃၄၉ | ၃၀၆၀ | | ၇၁၁ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၀ | ၂၄၄၄၂၁ | ၁၂၄၆၀၀ | ၁၁၉၈၂၁ | ၁၁၆၂၀၉ | ၅၂၈၈ | ၁၆၇၆ |



ရေးမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်

နေပြည်တော် မေ ၃

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အဦများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများနှင့် နိုင်ငံတော်ပိုင် အဆောက်အဦများကို လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်း၊ မီးကွင်း၊ မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

### မီးလောင်ပျက်စီး

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၃ နာရီခန့်တွင် လုံခြုံရေးယာယီရပ်သိမ်းထားရှိသည့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဘုရားငှက်တွဲရဲကင်းစခန်းကို လည်းကောင်း၊ နံနက် ၄ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် လုံဝယ်ကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို လည်းကောင်း၊ နံနက် ၆ နာရီခန့်တွင် ချင်းပြည်နယ် ဟားခါးမြို့ ဈေးကွက်သစ်ရပ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးကို လည်းကောင်း ဆူပူအကြမ်းဖက်သူများက မီးပုလင်းများ၊ မီးကွင်းများဖြင့် ပစ်ပေါက်ခဲ့သဖြင့် မီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုများကြောင့် အဆောက်အဦများ အနည်းငယ် မီးလောင်ပျက်စီးခဲ့သည်။



ကလေးမြို့၌ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း တစ်လုံးတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် မေ ၂ ရက် ညနေ ၄ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့ မြို့မရပ်ကွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးရှေ့၌ လည်းကောင်း၊ အလားတူ ညနေ ၅ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုဓမ္မာလမ်းနှင့် ခေမာသီလမ်းထောင့်ရှိ "စိန်ဂေဟာ"ကုန်တိုက် အမျိုးသားအိမ်သာအတွင်းမှ Keypad ဖုန်းဖြင့် ချိတ်ဆက်ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံးနှင့် ညနေ ၅ နာရီခွဲတွင် အဆိုပါကုန်တိုက် မြေအောက်ခန်း အမျိုးသမီးအိမ်သာအတွင်းရှိ အမှိုက်ပုံးအတွင်းမှ Keypad ဖုန်းဖြင့် ချိတ်ဆက်ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံးကို ထပ်မံတွေ့ရှိသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း။

အလားတူ ညနေ ၅ နာရီ မိနစ် ၂၀ တွင် တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် အရှေ့မြင်းပြိုင်ကွင်းလမ်း တာမွေခုံးကျော်တံတားအောက်တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ည ၇ နာရီ ၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ရွာမရပ်ကွက်ရှိ ရဲစခန်းအား ရန်ကုန်-ပြည် ကားလမ်းအတိုင်း အကြမ်းဖက်သူ အမျိုးသား နှစ်ဦး(စိစစ်ဆဲ) စီးနင်းလာသော ဆိုင်ကယ်တစ်စီးမှ လက်လုပ်ဗုံး တစ်လုံးဖြင့် လည်းကောင်း၊ အလားတူ မေ ၃ ရက် နံနက် ၆ နာရီ မိနစ် ၂၀ တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက် ယမုနာလမ်းရှိ ဆောက်လက်စနေအိမ်အတွင်း၌ မပေါက်ကွဲသေးသည့်လက်ပစ်ဗုံး တစ်လုံးကိုလည်းကောင်း တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းခဲ့ကြောင်း သိရသည်။



ကျိုက်ထိုမြို့၌ လက်ပစ်ဗုံး တစ်လုံးတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

### သက်မဲ့ပြုလုပ်ဖျက်ဆီး

အလားတူ နံနက် ၆ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အောင်မင်္ဂလာရပ်ကွက် စကားလှဘုန်းကြီးကျောင်းအနီးရှိ ထရန်စဖော်မာအနီးမှ လက်လုပ်မိုင်း တစ်လုံးကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၇ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ရှိ မြို့နယ်ပညာရေးမှူးရုံး၌ လက်လုပ်မိုင်း တစ်လုံးကိုလည်းကောင်း၊ နံနက် ၇ နာရီ ၃၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၀)ရပ်ကွက် ဖူကြီးလမ်းနှင့် ဗမ္မူအေး(၁)လမ်းထောင့်၌ Keypad ဖုန်းဖြင့် ဆက်သွယ်ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံးကိုလည်းကောင်း၊ နံနက် ၈ နာရီ ၁၅ မိနစ်တွင် အမှတ်(၁၉)ရပ်ကွက် ရေကူးလမ်းနှင့် ဇေယျာဖြိုး လမ်းထောင့်ရှိ အမှိုက်ကန်ဘေးမှ ယမ်းကြိုးတပ်ထားသော လက်လုပ်မိုင်း သုံးလုံးကိုလည်းကောင်း ထပ်မံတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ ရပ်ကွက် ၃ ခု၌ ဆူပူအကြမ်းဖက်သူများ၏ ဖောက်ခွဲမှုကြောင့် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဝန်ဇင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ "နတ်သျှင်နောင်" စာသင်ဆောင်အနီး လမ်းပေါ်၌ လက်လုပ်မိုင်း တစ်လုံးကိုလည်းကောင်း၊ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်မျိုးအောင်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ "ကမ္ဘောဇ"ကျောင်းဆောင်အရှေ့ဘက် ကိုက် ၂၀၀ ခန့်အကွာ၌ လည်းကောင်း၊ နန်းတော်ကုန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဝင်ပေါက်အနီး၌လည်းကောင်း ပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။ နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ အမှတ်(၁) စံပြရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံး၌ မပေါက်ကွဲသေးသည့် လက်လုပ်ဗုံး နှစ်လုံးကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် ရှင်းလင်းခဲ့ကြောင်း သိရသည်။

### သိမ်းဆည်း

အလားတူ နံနက် ၉ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက် ၈၃ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြားနေ မိုးဝင်း(၃၃)နှစ် (ဘ) ဦးဖိုးရွှေသည် လမ်းဘေး၌ ကားပြင်နေစဉ် ၈၃ လမ်းအတိုင်း အကြမ်းဖက်သူအမျိုးသား ရှစ်ဦး(စိစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ်လေးစီးမှ လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ ကားပြင်နေသည့် နေရာအနီး၌ လည်းကောင်း၊ အလားတူ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ မြောက်ပိုင်းရပ်ကွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဝင်းအတွင်းရှိ ရေမြောင်းအတွင်း၌ Keypad ဖုန်းဖြင့် TNT ယမ်း တစ်ပေါင်ခန့်တို့ဖြင့် ချိတ်ဆက်ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်လုံးကိုလည်းကောင်း တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် ရန်ကုန်-မန္တလေး ရထားသံလမ်းဘေးမှ လက်လုပ်ဗုံး တစ်လုံးကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ထီးလင်းမြို့၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက အကြမ်းဖက်ရန်ပြုတိုက်ခိုက်

နေပြည်တော် မေ ၃

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့ အမှတ်(၁)ရပ်ကွက် မြို့နယ်ပညာရေးမှူးရုံးအနီး ထီးလင်း-ဂန့်ဂေါသွား ကားလမ်းပေါ်သို့ အကြမ်းဖက်သူအမျိုးသား နှစ်ဦးသည် ယနေ့နံနက် ၆ နာရီခန့်တွင် ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်းတစ်လုံး ပစ်ချထွက်ပြေးခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ပေါက်ကွဲမှုကြောင့် ရုံးရှေ့ကတ္တရာလမ်းပေါ်တွင် အကျယ် သုံးလက်မ၊ အနက် လက်မဝက်ခန့် ပေါက်ပြဲပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း တွေ့ရှိခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခဲ့သူ အကြမ်းဖက်သူများအား ဖမ်းဆီးရမိရေး လိုက်လံစုံစမ်းရှာဖွေခဲ့ရာ နံနက် ၇ နာရီတွင် ထီးလင်း-ဂန့်ဂေါသွားကားလမ်း မိုင်တိုင်အမှတ် ၉၉ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား ဝက်သက်ကျေးရွာအဝင်လမ်းထိပ်သို့ ရောက်ရှိစဉ် လမ်းယာဘက် ကိုက် ၁၀၀ ခန့်အကွာ တောင်ယာတဲအတွင်းမှ လက်နက်ကိုင်အကြမ်းဖက် အင်အား ၄၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များအား တူမီးသေနတ်များ၊ အခြားလက်လုပ်သေနတ်များဖြင့် စတင် ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက တောင်ယာတဲအား ရှာဖွေစစ်ဆေးရာ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ ကျန်ရှိခဲ့သည့် ဆိုင်ကယ် ခြောက်စီးနှင့် တူမီးသေနတ် နှစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးအဖွဲ့သည် ထီးလင်းမြို့သို့ပြန်လည်ထွက်ခွာလာစဉ် ထီးလင်း-ဂန့်ဂေါကားလမ်း ထန်းပင်ကုန်းကျေးရွာအနီးတွင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ အင်အား ၃၀ ခန့်က လမ်း၏ ယာဘက်တောင်ကုန်းပေါ်မှ တူမီးသေနတ်၊ အခြားလက်လုပ်သေနတ်များ၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ လူစုကွဲဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။ အဆိုပါဖြစ်စဉ်တွင် အကြမ်းဖက်အဖွဲ့မှ အမျိုးသား သုံးဦးမှာ ထိမှန်ဒဏ်ရာရရှိ သေဆုံးခဲ့ပြီး ထန်းပင်ကုန်းကျေးရွာနေ နေမျိုးအောင်(၂၉)နှစ် (ဘ)ဦးလှမောင်အား တူမီးသေနတ် လေးလက်၊ လေသေနတ် တစ်လက်၊ လက်လုပ်ဗုံး သုံးလုံးနှင့်အတူ ထိမှန်ဒဏ်ရာဖြင့် ဖမ်းဆီးရမိခဲ့သည်။ ထို့အတူ လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးတွင်လည်း တူမီးသေနတ် ထိမှန်ဒဏ်ရာရရှိခဲ့သည်။

နံနက် ၉ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထီးလင်းမြို့ လုံခြုံရေးအခြေအနေများကို အနီးကပ်ကြီးကြပ်နိုင်ရန်နှင့် လုံခြုံရေးအင်အား ဖြည့်တင်းနိုင်ရေးအတွက် ဂန့်ဂေါမြို့မှ ထွက်ခွာလာရာ ထီးလင်း-ဂန့်ဂေါသွားကားလမ်း ထန်းပင်ကုန်းကျေးရွာအနီး၌ လက်နက်ကိုင် အကြမ်းဖက်အင်အား ၅၀ ခန့်က တူမီးသေနတ်၊ အခြားလက်လုပ်သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး လုံခြုံရေးတပ်ဖွဲ့သုံး မော်တော်ယာဉ် တစ်စီး ကျည်ထိမှန်ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြုပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ဆုရ ဗိုလ်ချုပ်ခင်မောင်မြင့်(ငြိမ်း) ခင်မောင်မြင့်(စစ်ကိုင်း) ကွယ်လွန်

ခင်မောင်မြင့်(စစ်ကိုင်း)သည် အဖ ဦးဘရင် (အငြိမ်းစား ကျောင်းအုပ်ဆရာကြီး)၊ အမိ ဒေါ်လေးမိတို့မှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ရွှေကြွယ်ပုံကျေးရွာတွင် မွေးဖွားခဲ့သည်။ သားသမီး(၈)ဦးအနက် အငယ်ဆုံးသားဖြစ်သည်။

ခင်မောင်မြင့်(စစ်ကိုင်း)သည် စစ်ကိုင်းမြို့တွင် ရွှေရိုင်တန်းအစိုးရမူလတန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ကာ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ တက်ရောက်ပညာသင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (ပထဝီဝင်)ကို ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် တပ်မတော် (ကြည်း)၊ ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉)သို့ တက်ရောက်ကာ ၁၉၇၅ ခုနှစ်တွင် သင်တန်းဆင်းပြီး ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ခင်မောင်မြင့်(စစ်ကိုင်း)သည် တပ်မတော်တွင် ဒုတိယဗိုလ်မှ ဗိုလ်ချုပ်အဆင့်အထိ တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၉၈/ ၁၉၉၉ ခုနှစ်တွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃)သို့ တက်ရောက်ခဲ့ပြီး မဟာဝိဇ္ဇာဘွဲ့ (ကာကွယ်ရေးပညာ) (MA– Defence Studies) ကို ရရှိခဲ့သည်။

၂၀၀၆ ခုနှစ်တွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ်လည်းကောင်း ထပ်မံခန့်ထားသဖြင့် ဝန်ကြီးဌာန(၂)ခုကို ပူးတွဲတာဝန်ယူထမ်းဆောင်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

၂၀၁၁ ခုနှစ်တွင် ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်နေ့တွင် အငြိမ်းစားယူခဲ့သည်။ တပ်မတော်တွင် ၃၆–နှစ် တာဝန်ထမ်းဆောင်ခဲ့သဖြင့် "မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်" ချီးမြှင့်ခြင်းခံရသည်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၄) ရက်နေ့တွင် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးဖြစ်ထွန်းအောင် ထူးကဲကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် "သီရိပျံချီဘွဲ့" ချီးမြှင့်ခြင်းခံရသည်။

ခင်မောင်မြင့် (စစ်ကိုင်း)အမည်ဖြင့် ရေးသားခဲ့သောစာအုပ်မှာ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် "ဟင်နရီကင်ဆင်းဂျာ၏ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာကွပ်ကဲမှု"ဖြစ်ပြီး ထိုစာအုပ်များထုတ်ဝေပြီး ဈေးကွက်အရောက်တွင် အရောင်းရဆုံးစာအုပ်(၁၀) စာရင်းဝင်ခဲ့သည်။ ဒုတိယစာအုပ်အဖြစ် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် ပုံနှိပ်ထုတ်ဝေခဲ့သောစာအုပ်မှာ "ဒီမိုကရေစီနိုင်ငံနှင့် စတုတ္ထမဏ္ဍိုင်" စာအုပ်ဖြစ်ပြီး "ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ဆု"ရခဲ့သည်။ တတိယစာအုပ်အဖြစ် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် ပုံနှိပ်ထုတ်ဝေခဲ့သောစာအုပ်မှာ "လူတိုင်းအတွက် လူ့အခွင့်အရေး"စာအုပ်၊ ၂၀၂၀ ဇန်နဝါရီလတွင် အတိတ်ခေါင်းဆောင်များမှ အနာဂတ်ခေါင်းဆောင်များသို့ စာအုပ်၊ အညာသားဖိုးခင်အမည်ဖြင့် ရေးခဲ့သော အချစ်မဝင်၍ အပြစ်မြင်၊ အပြစ်ဝင်၍ အချစ်တော်ဝင် ဆောင်းပါးပေါင်းချုပ် စာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့သည်။ ခင်မောင်မြင့် (စစ်ကိုင်း)သည် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင်လည်း ဆောင်းပါးများ၊ ကဗျာများနှင့် တေးသီချင်းများကိုလည်း ရေးသားခဲ့သူဖြစ်သည်။

ခင်မောင်မြင့် (စစ်ကိုင်း)သည် ဒေါ်ဝင်းဝင်းနု၊ ကျောင်းဆရာမ(ငြိမ်း)နှင့် ၁၉၈၁ ခုနှစ်တွင် အိမ်ထောင်ပြုခဲ့ပြီး သားသမီးမြေးများဖြစ်သော ဒုတိယဗိုလ်မှူးကြီး ခင်ဇော်ဟိန်း(ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုဌာန၊ တဆရ (၁/၇၀၀)၊



ဗိုလ်ချုပ်ခင်မောင်မြင့်(ငြိမ်း)
ခင်မောင်မြင့်(စစ်ကိုင်း)၊ အညာသားဖိုးခင်။

မဆုသစ်သစ်ထွန်း၊ ဗိုလ်ကြီးမြင့်မောင်မောင်၊ မြေး မမေဘုန်းမြင့်၊ မအေးချမ်းဘုန်းမြင့်တို့နှင့် အတူ မင်းဓမ္မလမ်း၊ Nature Park တွင် နေထိုင်စဉ် လူကြီးရောဂါဖြင့် မေလ(၃)ရက်၊ နံနက်(၅:၃၀) နာရီတွင် ကွယ်လွန်ခဲ့သည်။ **ခရမ်းစိုးမြင့်**

# မေ ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၃ – ၅ – ၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၆၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၈၁,၁၀၁) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၈၄၂) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၈၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၁၈၁၉၄၁ | ၂၅၈၂၃၈၃၉ | ၅၉၁၀၇၁ |
| ၂။ | အိန္ဒိယ | ၂၀၁၂၉၁၈၃ | ၁၆၄၅၅၄၇၇ | ၂၂၀၅၇၁ |
| ၃။ | ဘရာဇီး | ၁၄၇၅၄၉၁၀ | ၁၃၂၇၈၇၁၈ | ၄၀၇၇၇၅ |
| ၄။ | ပြင်သစ် | ၅၆၅၂၂၄၇ | ၄၆၃၆၉၄၀ | ၁၀၄၈၁၉ |
| ၅။ | တူရကီ | ၄၈၇၅၃၈၈ | ၄၄၈၀၃၈၁ | ၄၀၈၄၄ |
| ၆။ | ရုရှား | ၄၈၃၁၇၄၄ | ၄၄၅၀၂၈၉ | ၁၁၁၁၉၈ |
| ၇။ | ဗြိတိန် | ၄၄၂၀၂၀၁ | ၄၂၂၁၅၈၂ | ၁၂၇၅၃၈ |
| ၈။ | အီတလီ | ၄၀၄၄၇၆၂ | ၃၄၉၂၆၇၉ | ၁၂၁၁၇၇ |
| ၉။ | စပိန် | ၃၅၂၄၀၇၇ | ၃၂၀၆၂၇၃ | ၇၈၂၁၆ |
| ၁၀။ | ဂျာမနီ | ၃၄၃၁၀၂၈ | ၃၀၄၀၇၀၀ | ၈၃၉၀၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၆၈၂၀၀၄ | ၁၅၃၅၄၉၁ | ၄၅၉၄၉ |
| ၂။ | ဖိလစ်ပိုင် | ၁၀၆၂၂၂၅ | ၉၇၅၂၃၄ | ၁၇၅၂၅ |
| ၃။ | မလေးရှား | ၄၁၇၅၁၂ | ၃၈၅၂၀၈ | ၁၅၅၁ |
| ၄။ | မြန်မာ | ၁၄၂၈၄၂ | ၁၃၁၉၈၉ | ၃၂၀၉ |
| ၅။ | ထိုင်း | ၇၁၀၂၅ | ၄၀၉၈၄ | ၂၇၆ |
| ၆။ | စင်ကာပူ | ၆၁၂၃၅ | ၆၀၇၈၆ | ၃၁ |
| ၇။ | ကမ္ဘောဒီးယား | ၁၅၃၆၁ | ၅၄၃၀ | ၁၀၆ |
| ၈။ | ဗီယက်နမ် | ၂၉၈၁ | ၂၅၆၀ | ၃၅ |
| ၉။ | လာအို | ၉၆၆ | ၆၀ | ၀ |
| ၁၀။ | ဘရူနိုင်း | ၂၂၇ | ၂၁၈ | ၃ |

တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။

၂၀၂၁ ခုနှစ် မေလ ၅ ရက် (၇၅) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# မြို့ရွာတစ်ခွင် သာစေချင်

**ဖိုးသာထူး(ကလေး)**




၁၈-၁-၂၀၂၀ရက်နေ့ မန္တလေးတိုင်းဒေသကြီး Mandalay Yatanar Mall ၊ Sky Walk မီးလောင်မှုတွင် မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းစွမ်းတမံ မီးငြိမ်းသတ်နေစဉ်။

ကျွန်တော်သည်တက္ကသိုလ်မှ ဓာတုဗေဒအထူးပြုဘွဲ့ဖြင့် ကျောင်းပြီးခဲ့သည်။ ငယ်စဉ်ကတည်းက မိမိရပ်ရွာထဲတွင် မီးရေးထင်းရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးသတိမူရေး ဆော်ဩခြင်းစသည့်လုပ်ငန်းများ လုပ်ကိုင်သည့်၊ ရပ်ရွာက အားထားရသည့် စေတနာ့ဝန်ထမ်း အရန်မီးသတ်ရဲဘော်များကို အားကျသူမို့ မီးသတ်တပ်ဖွဲ့သို့ အရာရှိငယ်တစ်ဦးအနေဖြင့် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

**သုတေသနပြုလုပ်ရသည့်လုပ်ငန်း**

မီးသတ်တပ်ဖွဲ့တွင် ကျွန်တော်တာဝန်ယူဆောင်ရွက်ရသည်ကလည်း နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်လောင်ကျွမ်းခဲ့သော မီးလောင်မှုများကို သုတေသနပြုလုပ်ရသည့် လုပ်ငန်းဖြစ်ရာ မြန်မာနိုင်ငံတွင် ခေတ်ကာလသမိုင်းတစ်လျှောက် ဖြစ်ပွားခဲ့သော မီးလောင်မှုအကြောင်းခြင်းရာများကြောင့် လုပ်သက်ကြာလာသည်နှင့်အမျှ လုပ်ငန်းအတွေ့အကြုံသည်လည်း အတန်အသင့် တိုးတက်များပြားလာပြီး မီးလောင်မှုကြီးများ၏ သဘောသဘာဝအကြောင်း ပိုမိုသိရှိနားလည်လာခဲ့သည်။

မိမိငယ်စဉ်အခါက အဘိုးဖြစ်သူ ကိုယ်တိုင်ကြုံတွေ့ခဲ့သော တောင်တွင်းကြီးမြို့ မီးလောင်မှုကြီးအကြောင်း ပြန်လည်ပြောပြလိုပါသည်။ ထိုခေတ်အခါက မီးအားပေါ့ဆစွာသုံးစွဲမှု၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့်စပ်လျဉ်းသည့် အသိပညာများ အလှမ်းဝေးမှု၊ မီးသတ်တပ်ဖွဲ့၏တပ်ဖွဲ့ဝင်နှင့် ယာဉ်/ စက်များ မပြည့်စုံမှုတို့ကို မျက်ဝါးထင်ထင် တွေ့မြင်လာ၏။ တောင်တွင်းကြီးမြို့၏ မြို့လုံးကျွတ်မီးလောင်မှုကြီးအကြောင်း နောင်လာနောက်သားများ အတုယူဆင်ခြင်နိုင်စေရန်၊ ဆောင်ရန်/ ရှောင်ရန်များကို သိရှိနားလည်ပြီး မီးဘေးအန္တရာယ်မှ ကင်းဝေးစေခြင်းအကျိုးငှာ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးအနေဖြင့် ရေးသားတင်ပြလိုပါသည်။

ကာလယန္တရား၏ လည်ပတ်စီးမျောမှုတွင် ဂိမာန်နွေဦးကာလသည် ရာသီစက်ဝန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ပူပြင်းခြောက်သွေ့သော်လည်း ကိုယ်စီအလှရှိကြသည်မို့ အကျည်းတန်သည်ဟု မဆိုသာ။ နွေကာလ၏ ရွက်ဟောင်းများကြွေလွင့်၍ ရွက်သစ်များဝေနေမှု၊ မိုးကောင်းကင်ကြီး၏ ကြည်လင်ရှင်းသန့်မှု၊ ဥဩငှက်၏ တေးဆိုတွန်ကြူးသံက နှလုံးအိမ်ကို ဖမ်းစားနိုင်လှသည်။ လွမ်းဆွတ်ဖွယ်နွေရက်များတွင် အညာဒေသ တောင်တွင်းကြီးမြို့အတွက် သမိုင်းဝင်ကြမ်းတမ်းလွန်းလှသည့် နေ့စွဲစာမျက်နှာအဖြစ်လည်း ပါဝင်ခဲ့သည်။

**အချိန်တိုအတွင်း အလွယ်တကူ ကူးစက်ပျံ့နှံ့**

၁၉၈၁ ခုနှစ် ဧပြီ ၁၁ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အုန်းတောရပ်ကွက် ဂူဖြူဘုရားအနီး အိမ်တစ်အိမ်တွင် ဘဲဥကြော်ရာမှ မီးထတောက်ရာ ဆီဒယ်အိုးကို လွှင့်ပစ်လိုက်သဖြင့် ထရံကို မီးစွဲလောင်တော့သည်။ ပတ်ဝန်းကျင်ကိုလည်း အကူအညီမတောင်းခံဘဲ ကျိတ်ပြီးမီးငြိမ်းရာမှ မနိုင်တော့သည့်အခါမှသာ **“မီးဗျို့…မီး…မီး..”** ဟု အော်ဟစ်ကာ ထွက်ပြေးကြလေသည်။ ထိုအချိန်သည် ရာသီဥတုက ပူပြင်းခြောက်သွေ့နေချိန်၊ အချိန်ကလည်း နေ့ခင်းအပူဆုံးအချိန်၊ ရွှေအင်းတောင်ဘုရားကြီးပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့်အချိန်၊ အိမ်နားဝန်းကျင်သည်လည်း ဈေးသူဈေးသားများ ဈေးထွက်ချိန်ဖြစ်သောကြောင့် မီးငြိမ်းရန် လူအင်အားမရှိပါ။ ရေကလည်း ရှားပါးသည့်နေရာဖြစ်သည်။ “ထန်းသီးကြွေခိုက် ကျီးနင်းခိုက်” ဆိုသလို အဘက်ဘက်က အားနည်းနေချိန်တွင် မီးသည် ပတ်ဝန်းကျင်သို့ အချိန်တိုအတွင်း အလွယ်တကူ ကူးစက်ပျံ့နှံ့သွားတော့သည်။

မီးဆိုသည်ကား ပူလောင်သောသတ္တိရှိပြီး ရေဆိုသည်ကား အေးမြသော သတ္တိရှိကာ နှစ်ခုပေါင်းစပ်ကာ မီးများမီးနိုင်၊ ရေများရေနိုင်ဖြစ်သည်။ မီး၏သဘောသဘာဝအရ သူ့ဘက်မှ အားကောင်းလာခဲ့ပါမူ မည်သည်ကိုမျှမထောက် မညှာမတာ ရက်စက်ကြမ်းကြုတ် ဖျက်ဆီးမှုကို အပီအပြင် ဖော်ပြလေ့ရှိသည်။ ထို့ကြောင့် ရန်သူမျိုးငါးပါးတွင်လည်း မီးဘေးအန္တရာယ်ကို ထည့်သွင်းသတ်မှတ်ထားကြသည်။

မီးသည် ဈေးတောင်ဘက်မှတစ်ဆင့် ဈေးကို ဝါးမျိုနေပြီဖြစ်ရာ ပွဲတော်ကြီးတွင် နေပူသက်သာအောင် ဈေးဆိုင်ခန်းများအပေါ်တွင် မီးလောင်လွယ်သည့် သက်ငယ်များမိုးထားသဖြင့် မီးစွဲလောင်အားကောင်းအောင် အားပေးသလိုဖြစ်ခဲ့သည်။ မီးလောင်သဖြင့် မီးလွတ်ရာသို့ ကိုယ်နိုင်သလောက် ဆွဲမိဆွဲရာဆွဲပြီး ပြေးလာကြသည့် လူအုပ်ကြီးကလည်း လမ်းနဲ့အပြည့်၊ ဈေးဆိုင်များတွင် နယ်စုံမှလူများ လာရောက်ရောင်းချကြသည်ဖြစ်ရာ မည်သည့်ပစ္စည်းမျှ မသယ်နိုင်ဘဲ ပြေးလွှားခဲ့ကြရသည်။

**စစ်ပွဲမြင်ကွင်းကဲ့သို့ ကြောက်စရာအလွန်ကောင်း**

“တောမီးလောင် တောကြောင်လက်ခမောင်းခတ်” ဆိုသလို ပိုင်ရှင်မဲ့ဆိုင်များမှ ပစ္စည်းများကို ကူညီသယ်ပေးသလိုလိုဖြင့် အလစ်သုတ်ကြ၊ လုကြယက်ကြ၊ ခိုးကြယူကြသည်လည်းရှိ၏။ ရေနံလောင်စာရောင်းသောနေအိမ်အား မီးကူးစက်လောင်မှုသည် အဆိုးဆုံးဖြစ်သွားခဲ့သည်။ ဝါးလုံးပေါက်ကွဲသံများ၊ ဆီပီပါပေါက်ကွဲသံများက တဝုန်းဝုန်း တဒိုင်းဒိုင်းဖြင့် စစ်ပွဲမြင်ကွင်းကဲ့သို့ ကြောက်စရာအလွန်ကောင်းလှသည်။

ဘုရားပွဲတော်ချိန်ကဖြစ်ပြန်၊ နယ်အရပ်ရပ်မှ ဘုရားပွဲလာ ပရိသတ်များက ရုပ်ရှင်ကား၊ ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ မျက်လှည့်နှင့် ဆပ်ကပ်များတွင် ကြိတ်ကြိတ်တိုး စည်ကားနေသည့်အချိန် ယခုလို မီးကြီးလောင်သည့်အတွက် တချို့အိမ်ပြန်မရောက်ဘဲ မီးထဲပါသလို တချို့လည်း လုံးဝအိမ်ပြန်မရောက်တဲ့သူတွေရှိခဲ့သည်။ မီးအကြီးအကျယ်လောင်မှုကြောင့် နှလုံးရောဂါအခံရှိသူများသည် နှလုံးရုတ်တရက်ရပ်ပြီး သေဆုံးသူနှင့် သွေးတိုးကြောင့် ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးသူများလည်း ရှိခဲ့သည်။ ဒီအထဲ မီးလောင်၍ လေထဲမီးခိုးတွေထဲက လွင့်ပျံလာသည့် သွပ်ပြားများကြောင့် လူတချို့ကိုထိသဖြင့် ဒဏ်ရာအကြီးအကျယ်ရကာ အသက်ဆုံးရသူများလည်းရှိ၏။

မီးသည် ည ၈ နာရီ၊ ၉ နာရီအထိ ဆက်လောင်နေခဲ့ပြီး “ဘူတာရုံကမီး ထူပါရုံမှာပြီး လူတကာကုန်အောင်တီး”ဟု အဆိုရှိခဲ့၏။ မြို့အနောက်ဘက် ဘူတာနားမှ မီးစတင်လောင်မှုသည် မြို့အရှေ့ဘက်ထောင့်ရှိ ထူပါရုံဘုရားရောက်မှသာ ငြိမ်းသွားခဲ့သည်။ အကြောင်းမှာ လောင်စရာအိမ်မရှိသောကြောင့် ဖြစ်သည်။ **စာမျက်နှာ ၂၅ သို့** ❁

**မီးစတင်လောင်သည့် အိမ်ဆိုသည်မှာ တဲသာသာလောက်သာရှိ၏။ ဘေးကလောင်နိုင်သော လောင်စာနေရာများကို တစ်ယောက်တစ်လက် ဝိုင်းပြီးဖျက်မည်၊ ရေဖြင့် နိုင်သလောက်ပက်ပေးမည်၊ မီးမကူးစက်နိုင်အောင် ဝိုင်းပြီးတားကြမည်ဆိုလျှင် မြို့ကိုဖျက်မည့် ကြီးမားသောမီးလောင်ကျွမ်းမှုမျိုးမဖြစ်အောင် တားဆီးနိုင်ပေလိမ့်မည်။ ရပ်ကွက်သူ ရပ်ကွက်သားတစ်ဦး၏ ပေါ့ဆမှုကြောင့် မြို့တစ်မြို့လုံး ကုန်ခဲ့ခြင်းဖြစ်သည်။ လူတစ်ယောက်၏ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားပါက ထိုသူတစ်ဦးတည်းသာ ဆုံးရှုံးရသည်မဟုတ်ဘဲ အများစုပါ အတိဒုက္ခရောက်ကြရသည်။ မီးလောင်ကျွမ်းမှုသည် ကိုယ်ဖြစ်ကိုယ်ခံမဟုတ်ဘဲ ကိုယ်ဖြစ်လျှင် အများပါရောနှောပြီးခံရသည်ဖြစ်ရာ ယခုကာလ တစ်ကမ္ဘာလုံး၌ ကျရောက်နေသော ကိုဗစ် - ၁၉ ကပ်ရောဂါဆိုးနှင့် အလားသဏ္ဌာန်တူ။**



၂-၈-၂၀၁၂ ရက်နေ့ မကွေးတိုင်းဒေသကြီး ချောက်မြို့ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ မီးလောင်မှုအားတွေ့ရစဉ်။

❁ စာမျက်နှာ ၂၄ မှ

မြို့အနောက်ဘက်တွင် မီးလောင်နေခိုက် အရှေ့မောင်းတိုင် တစ်ရပ်ကွက် တံခွန်တိုင်ဂုံးပေါ် အိမ်တစ်အိမ်မှ လင်မယားစကားများပြီး ကိုယ့်အိမ်ကို မီးရှို့မှုကြောင့်လည်း မြို့အရှေ့ခြမ်းပါခဲ့သည်။ မီးဘေးဒုက္ခသည်များသည် ကန်တော်ကြီး ရေလယ်ကောင်ဇရပ်တွင် ဖြစ်သလိုနေ၊ ဖြစ်သလိုစားသောက်နေခဲ့ကြရသည်။ တချို့က မီးမလောင်ဘဲ ကျန်ရစ်သည့် ဘုန်းကြီးကျောင်း၊ ဇရပ်၊ စာသင်ကျောင်း၊ အဆောက်အအုံဟောင်းတွင် ခိုကပ်နေကြရသည်။

ထိုအချိန်က တောင်တွင်းကြီးမြို့တွင် မီးသတ်ကားဟူ၍ နှစ်စီးသာရှိ၏။ မီးစမလောင်ခင် အချိန်ပိုင်းအတွင်း မကွေးမြို့မီးလောင်သဖြင့် တိုယိုတာ မီးသတ်ကားတစ်စီးက မီးသတ်ဖို့ ထွက်ခွာသွားချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင်ပင်ဖြစ်သည်။ ရေသယ်ယာဉ်ဆိုသည်မရှိ၊ ရေလှောင်ကန်ဆိုသည်လည်း ရပ်ကွက်တိုင်း မရှိသည့်အခြေအနေဖြစ်သည်။

**လူဦးရေပေါင်း ၂၈၅၈၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရ**

မီးလောင်မှုကြောင့် လူနေအိမ်ခြေ ၅၁၅၈ လုံး၊ ရုံးအဆောက်အအုံ ၂၂ လုံး၊ ဈေး/သမဆိုင် ၁၂ ဆိုင်၊ စာသင်ကျောင်း နှစ်ကျောင်း၊ ဘုန်းကြီးကျောင်း ၁၀ ကျောင်း၊ ရုပ်ရှင်ရုံ နှစ်ရုံ၊ ပွဲတော်ကျင်းပလျက်ရှိသော ရွှေအင်းတောင်ဘုရားကြီး၏ ရှေးဟောင်းတန်ဆောင်းများအပါအဝင် ရှေးခေတ်လက်ရာများ စုဆောင်းထားရှိရာ ပြတိုက်အဆောက်အအုံစသည့် တန်ဖိုးမဖြတ်နိုင်သော အနုပညာလက်ရာများ မီးလောင်ဆုံးရှုံးခဲ့သည်။ ထိုခေတ်က ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၄၀၀၀ ခန့်သာရှိချိန်တွင် မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးအနေဖြင့် ငွေကျပ်သန်း ၁၈၀ ကျော်ခန့် ဆုံးရှုံးခဲ့သည်။ မီးလောင်မှုကြောင့် မြို့နေပြည်သူလူထုအိမ်ထောင်စု ၅၃၁၀ မှ လူဦးရေပေါင်း ၂၈၅၈၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

တောင်တွင်းကြီးမြို့တွင် ဤမျှအလွန်မြန်ဆန်ပြီး တစ်ခဏအတွင်း တစ်မြို့လုံးကို အပြောင်ရှင်းသွားသည့်မီးမျိုး တစ်ခါမျှမကြုံခဲ့ဖူးပါ။ တောင်တွင်းကြီးမြို့၏ မြို့လုံးကျွတ်မီးလောင်မှုကြီးသည် မြို့နေပြည်သူလူထု၏ဘဝများစွာကို အပြောင်းအလဲကြီး ပြောင်းလဲသွားစေခဲ့သည်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မီးသတ်တပ်ဖွဲ့မှ ထုတ်ပြန်ထားသော သတိပေးနှိုးဆော်ချက်၊ လမ်းညွှန်ချက်များ၊ စည်းကမ်းများကို ပြည်သူလူထုက လေးစားလိုက်နာပြီး မီးကို ရိုသေစွာသုံးစွဲပါက မီးဘေးအန္တရာယ်ကင်းဝေးမည်ဖြစ်သည်။

မီးစတင်လောင်သည့် အိမ်ဆိုသည်မှာ တဲသာသာလောက်သာရှိ၏။ ဘေးကလောင်နိုင်သောလောင်စာနေရာများကို တစ်ယောက်တစ်လက်ဝိုင်းပြီးဖျက်မည်၊ ရေဖြင့် နိုင်သလောက်ပက်ပေးမည်၊ မီးမကူးစက်နိုင်အောင် ဝိုင်းပြီးတားကြမည်ဆိုလျှင် မြို့ကိုဖျက်မည့် ကြီးမားသော မီးလောင်ကျွမ်းမှုမျိုး မဖြစ်အောင် တားဆီးနိုင်ပေလိမ့်မည်။ ရပ်ကွက်သူရပ်ကွက်သားတစ်ဦး၏ ပေါ့ဆမှုကြောင့် မြို့တစ်မြို့လုံး ကုန်ခဲ့ခြင်းဖြစ်သည်။ လူတစ်ယောက်၏ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားပါက ထိုသူတစ်ဦးတည်းသာ ဆုံးရှုံးရသည်မဟုတ်ဘဲ အများစုပါ အတိဒုက္ခရောက်ကြရသည်။ မီးလောင်ကျွမ်းမှုသည် ကိုယ်ဖြစ်ကိုယ်ခံမဟုတ်ဘဲ ကိုယ်ဖြစ်လျှင် အများပါရောနှောပြီးခံရသည်ဖြစ်ရာ ယခုကာလတစ်ကမ္ဘာလုံး၌ ကျရောက်နေသော ကိုဗစ်-၁၉ ကပ်ရောဂါဆိုးနှင့်အလားသဏ္ဍာန်တူပေသည်။ အိမ်တစ်အိမ်၌ သူခိုးဝင်လျှင် အနည်းဆုံး တချို့တစ်ဝက် ကျန်ကောင်းကျန်လိမ့်မည်ဖြစ်သော်လည်း မီးလောင်ပါကမူ အဝတ်စုတ်မျှပင် ကျန်တော့မည်မဟုတ်ပေ။

**မီးငြိမ်းသတ်နေသည့် မီးသတ်ရဲဘော်များနှင့်အတူ**

အကြောင်းအမျိုးမျိုးကြောင့် မီးလောင်မှုဖြစ်လျှင် ပြည်သူလူထုသည် အစုလိုက်အပြုံလိုက် ပွဲကြည့်သလိုမျိုး မကြည့်သင့်ပါ။ ကိုယ့်အိမ်နှင့်ဝေးသည်ဆိုသည့်အသိဖြင့် ဘာသိဘာသာ လက်ပိုက်ကြည့်မနေသင့်။ မီးငြိမ်းသတ်နေသည့် မီးသတ်ရဲဘော်များနှင့်အတူ ကူညီဝိုင်းဝန်းပြီး ငြိမ်းသတ်သင့်၏။ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသင့်၏။ သို့သော်လည်း မီးလောင်သည့်နေရာတွင် ဖန်ကွဲ၊ မှန်ကွဲများ ထိရှ/ စူးနိုင်ခြင်း၊ ထုပ်တန်း၊ ပစ္စည်းများ ပြိုကျနိုင်ခြင်းနှင့် အခြားအန္တရာယ်များလည်း ဖြစ်ပွားနိုင်သည်။ မိမိတွင် မီးသတ်တပ်ဖွဲ့ဝင်များကဲ့သို့ မီးကာဝတ်စုံမပါသည်ကို သတိချပ်ရမည်။

ယခုဆိုလျှင် မီးသတ်ဦးစီးဌာနအနေဖြင့် မီးမလောင်ခင်နှင့် မီးလောင်စဉ် ပြည်သူများလိုက်နာဆောင်ရွက်ရမည့်အချက်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဟောပြောပွဲများ၊ သရုပ်ပြပွဲများ၊ သတင်းစာ၊ ဂျာနယ်၊ မီဒီယာများ၊ အွန်လိုင်းတို့မှလည်း အသိပညာပေးလျက်ရှိသည်။ ရပ်ကွက်/ကျေးရွာတိုင်းတွင် မီးငြိမ်းသတ်ရန် ရေလှောင်ကန်များကို တည်ဆောက်သင့်၏။ မီးဘေးလုံခြုံရေးအဖွဲ့များ ဖွဲ့စည်းသင့်၏။ မီးဘေးကြိုတင်ကာကွယ်ရေးကို လူတိုင်းလူတိုင်း သိရှိနားလည်စေရန် လိုအပ်သကဲ့သို့ အရေးပေါ်ဖြစ်ပွားလာပါကလည်း ကနဦးမီးငြိမ်းသတ်နည်းများကို သိရှိနားလည်ထားသင့်သည်။

ထားသို/ သယ်ယူရန် လွယ်ကူပြီး အဖိုးအခလည်း မများသည့် အိမ်သုံးမီးသတ်ဆေးဘူးများကို အိမ်တိုင်းအိမ်တိုင်း အနည်းဆုံးတစ်ဘူးဆောင်ထားသင့်၏။ မီးသတ်ဆေးဘူးကို ထားရှိသုံးစွဲခြင်းကြောင့် မီးလောင်မှုကြီးဖြစ်ပွားမည့် အခြေအနေမှ ကင်းဝေးစေခဲ့သောသာဓကများ များစွာရှိသည်။ အနီးဆုံးမီးသတ်စခန်း၏ တယ်လီဖုန်းနံပါတ်အားသိရှိပြီး အရေးပေါ်ဖြစ်ပွားလာပါက ဆက်သွယ်သတင်းပေးပို့ အကြောင်းကြားခြင်းသည်လည်း အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်။

မီးပေါ့ဆသူ တစ်ဦးတစ်ယောက်ကြောင့် တောင်တွင်းကြီးမြို့ မြို့လုံးကျွတ်မီးလောင်မှုကြီးကဲ့သို့ အနိဋ္ဌာရုံဆိုးကျိုးများ မဖြစ်ပွားလေအောင် ပြည်သူလူထု တစ်ဦးတစ်ယောက်ချင်းစီတိုင်း သတိတရားလက်ကိုင်ထား၍ မီးမပေါ့ဆသင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

❒

## (၇၅)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**မန္တလေး**

(၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် မဟာသကျသီဟဘုရားဝင်းအတွင်း မေ ၂ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တာဝန်ရှိသူများ၊ မန္တလေးခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကိုကိုနှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ဦးစီးမှူးများနှင့် တပ်ဖွဲ့ဝင်များ၊ မန္တလေးခရိုင် အရန်မီးသတ်တပ်ဖွဲ့ ကြီးကြပ်ရေးကော်မတီဝင်များက ဘုရားပရိဝုဏ်အတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေများလှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်လင်းထက်**

**မောင်တော**

(၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် မောင်တောမြို့၌ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၃ ရက် နံနက် ၇ နာရီက မြို့ဦးရွှေစည်းခုံဆံတော်မြတ်စေတီတော်မြတ်ကြီးတွင် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းရွှေခိုင်တို့ ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်မီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက မြို့ဦး ရွှေစည်းခုံဆံတော်မြတ်စေတီတော်ကြီးအား ရေသပ္ပာယ်ခြင်း၊ ရင်ပြင်တော်အား ရေဆေးကြောကာ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရင်ပြင်အနီးအနားရှိ အမှိုက်သရိုက်၊ မြက်ပင်၊ ပေါင်းပင်၊ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



**မြစ်ကြီးနား**

၂၀၂၁ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ စိန်ရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းခြင်းကို မေ ၃ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင် ၃၀၀ ရှိ သွေးဘဏ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းရာသို့ ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ကျော်လင်းအောင် တက်ရောက်ကြည့်ရှုအားပေးကာ သွေးလှူရှင် မီးသတ်တပ်ဖွဲ့ဝင်များအား ဗိုလ်မှူးကြီး ကျော်လင်းအောင်နှင့် ကချင်ပြည်နယ် မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးတို့က အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနကကြီးမှူး၍ စုပေါင်းသွေးလှူဒါန်းရာတွင် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့မှ မိသားစုဝင်များ အင်အား ၃၅ ဦးတို့က သွေးမျိုးစုံ ၃၅ အိတ်ကို ဖောက်ထုတ် လှူဒါန်းခဲ့ရာ တပ်မတော်ဆေးရုံမှ အရာရှိ၊ စစ်သည်ဆေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မိုးယံကျ(မြစ်ကြီးနား)**



❖ ၂၀၂၂ ဆီးဂိမ်းမှ

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၀၃ ခုနှစ်နောက်ပိုင်း တစ်ကျော့ပြန်အိမ်ရှင်အဖြစ် ပြန်လည်လက်ခံကျင်းပခြင်းဖြစ်ပြီး ဟန္နိုင်းမြို့တွင် အဓိကကျင်းပကာ အခြားမြို့များတွင် အားကစားနည်းအချို့ ကျင်းပသွားမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် အားကစားနည်း ၁၈ မျိုး ရွေးချယ်ထားကာ အားကစားနည်းအချို့ ထပ်တိုးလာဖွယ်ရှိနေကြောင်း သိရသည်။ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အကြိမ်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၅၁ ခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့အတွက် ရွှေတံဆိပ်ဆုများကို Pool 9 Ball (ဘိလိယက်)၊ ရိုးရာလှေနှင့် Arnis အားကစားနည်းတို့မှ ရယူနိုင်ခဲ့သည်။ ယခုဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေဆုရခဲ့သည့် ရိုးရာလှေနှင့် Arnis အားကစားနည်းများ ပါဝင်လာခြင်းမရှိကြောင်း သိရသည်။

၃၁ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရေကူး၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်/စနူကာ၊ ကာယဗလ၊ လက်ဝှေ့၊ ဘိုးလင်း၊ ကနူး/ကယက်၊ စစ်တုရင်၊ စက်ဘီး၊ Dance Sports၊ ESport၊ ဓားရေး၊ Finswimming၊ ဂေါက်သီး၊ ဘောလုံး/ဖူဆယ်၊ ကျွမ်းဘား၊ ဂျူဒို၊ Handball၊ ဂျူဂျစ်ဆု၊ ကရာတေး၊ ကစ်ဘောင်ဆင်၊ Kurash၊ မွေထိုင်း၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ အပြည်ပြည်ဆိုင်ရာလှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ တိုက်ကွမ်ဒို၊ သုံးမျိုးစုံ၊ ဗိုဗီနမ်၊ ဘော်လီဘော၊ အလေးမ၊ နပန်းနှင့် ဝူရှူးအားကစားနည်းတို့ ပါဝင်မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ယခင်က အားကစားနည်း ၃၆ မျိုးသာ ထည့်သွင်းကျင်းပရန် စီစဉ်ထားသော်လည်း ESport အပါအဝင် အားကစားနည်းလေးမျိုး ထပ်တိုးခဲ့ခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး**

■

❐ မစ်ဒယ်ဝိတ်တန်းမှ

တွေ့ဆုံ မှုတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း လာမည့်ပွဲများတွင် ကမ္ဘာ့ချန်ပီယံပြန်ဖြစ်ရေးကို ဦးတည်ကြိုးပမ်း သွားဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ၂၀၁၇ ဇွန်လမှ ၂၀၂၀ အောက်တိုဘာအထိ ရပ်တည်နိုင်ခဲ့ပြီး ၂၀၂၀ အောက်တိုဘာလကုန်ပိုင်းတွင်ထိုးသတ်သည့် စတုတ္ထမြောက်ချန်ပီယံကာကွယ်ပွဲတွင် ဒီရစ်ဒါကို အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်းတွင် ပုံမှန်ထိုးသတ်ခဲ့သော်လည်း လိုက်ဟဲဗီးဝိတ်တန်းတွင် ကမ္ဘာ့ချန်ပီယံမရှိတော့သဖြင့် ONE Championship က ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် အောင်လအန်ဆန်နှင့် မာချာဒိုတို့ကို လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်စေခဲ့သည်။ယင်းပွဲတွင် အောင်လအန်ဆန်က အနိုင်ရယူကာ ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့ပြီး ချန်ပီယံအဖြစ် သုံးနှစ်ကျော်ကြာ ရပ်တည်နိုင်ခဲ့သည်။ ၂၀၁၉ အောက်တိုဘာတွင် ပထမဆုံးချန်ပီယံကာကွယ်ပွဲထိုးသတ်ခဲ့ရာ ဖိလစ်ပိုင်နိုင်ငံသား ဘရန်ဒန်ဗီရာကို အနိုင်ရခဲ့သော်လည်း ယခုနှစ် ဧပြီ ၂၉ ရက်က ထိုးသတ်သည့် ဒုတိယမြောက်ကာကွယ်ပွဲတွင် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကို အရေးနိမ့်ပြီး ချန်ပီယံဆု လက်လွှတ်ခဲ့ရသည်။

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ပြန်လည်စိန်ခေါ်နိုင်ရန် စိန်ခေါ်ပွဲများ စတင်ထိုးသတ်ရမည်ဖြစ်ပြီး အနိုင်ရမှသာ ဒီရစ်ဒါကို ပြန်လည်စိန်ခေါ်ခွင့်ရဖွယ်ရှိနေသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-ONE Championship**




# ဗလင်စီယာအသင်းက ရလဒ်ပိုင်းဆိုးရွားမှုကြောင့် နည်းပြ ဂျာဗီဂရာစီယာကို အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်

စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းဟာ ရလဒ်ပိုင်းဆိုးရွားမှုပြဿနာကြုံတွေ့ခဲ့ရတာကြောင့် နည်းပြ ဂျာဗီဂရာစီယာကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။ ဗလင်စီယာအသင်းအနေနဲ့ နည်းပြ ဂျာဗီဂရာစီယာကို အသင်းနည်းပြအဖြစ် ၁၀ လကြာတာဝန်ယူကိုင်တွယ်စေခဲ့ပြီးနောက်မှာ အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တာလည်းဖြစ်ပါတယ်။

ဗလင်စီယာအသင်းဟာ မေ ၂ ရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ် ၃၄ မှာလည်း ဘာစီလိုနာအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းက တိုက်စစ်မှူး မက်ဆီရဲ့သွင်းဂိုး နှစ်ဂိုး၊ ဂရစ်ဇ်မန်းရဲ့ သွင်းဂိုး တစ်ဂိုးရရှိခဲ့တာဖြစ်ပါတယ်။ ဗလင်စီယာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကိုတော့ ဂါဘရီယယ်နဲ့ ဆိုလာတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

နည်းပြ ဂျာဗီဂရာစီယာဟာ အခုနှစ်ဘောလုံးရာသီမှာ ဗလင်စီယာအသင်းကို စပိန်လာလီဂါပွဲစဉ် ၃၄ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာမှာ ရှစ်ပွဲသာ နိုင်ပွဲရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး လက်ရှိစပိန်လာလီဂါအမှတ်ပေးဇယားမှာ ဗလင်စီယာအသင်းအနေနဲ့ ရမှတ် ၃၆ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁၄ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။



ဗလင်စီယာအသင်းအနေနဲ့ နည်းပြဂျာဗီဂရာစီယာကို ထုတ်ပယ်လိုက်ပြီဖြစ်တာကြောင့် ကျန်ရှိနေတဲ့ စပိန်လာလီဂါပွဲစဉ်တွေမှာ လက်ထောက်နည်းပြ ဝွန်ဇာလက်ဇ်က တာဝန်ယူကိုင်တွယ်သွားဖို့ရှိနေတယ်လို့ သိရပါတယ်။

**ငွေကြယ်**

# စပါးအသင်းက ရှက်ဖီးလ်ယူနိုက်တက်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရပြီး ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့် ၅ နေရာသို့ တက်လှမ်း

စပါးအသင်းနဲ့ ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့ ယမန်နေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၃၄ မှာ စပါးအသင်းက ရှက်ဖီးလ်ယူနိုက်တက်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့် ၅ နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

စပါးအသင်းနဲ့ ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ စပါးအသင်းအတွက် သွင်းဂိုးတွေကို တိုက်စစ်မှူး ဂါရတ်ဘေးလ်က ပွဲကစားချိန် ၃၆ မိနစ်၊ ၆၁ မိနစ်နဲ့ ၆၉ မိနစ်တို့မှာ သုံးဂိုးနဲ့ ဆွန်ဟောင်မင်က ပွဲကစားချိန် ၇၇ မိနစ်မှာ တစ်ဂိုးအသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

## ၅၁ ဂိုးမြောက် သွင်းဂိုး

တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာ ယခုဟက်ထရစ်သွင်းဂိုးရရှိခဲ့တာကြောင့် သူ့ရဲ့ကစားသမားဘဝအတွင်း ပရီမီယာလိဂ်သွင်းဂိုး ၅၁ ဂိုးမြောက်သွင်းဂိုးလည်း ဖြစ်လာခဲ့ပါတယ်။ စပါးအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် အိမ်ကွင်းပွဲစဉ် ခြောက်ပွဲမှာ ငါးပွဲအထိ နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ် အနိုင်ရရှိခဲ့တဲ့ မှတ်တမ်းတစ်ရပ်စိုက်ထူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။



ရှက်ဖီးလ်ယူနိုက်တက်အသင်းကတော့ စပါးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ် ၃၄ ပွဲကစားအပြီးမှာ ၂၇ ပွဲအထိ ရှုံးနိမ့်ခဲ့တဲ့ မှတ်တမ်းဆိုးတစ်ရပ်ကိုလည်း ရရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ရှက်ဖီးလ်ယူနိုက်တက်အသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။


စပါးအသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် မေ ၈ ရက်မှာ လိဒ်ယူနိုက်တက်အသင်းရဲ့ အိမ်ကွင်းမှာ ပရီမီယာလိဂ်ပွဲစဉ် ၃၅ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ရှက်ဖီးလ်ယူနိုက်တက်အသင်းကတော့ မေ ၈ ရက်မှာ ပရီမီယာလိဂ်ပွဲစဉ် ၃၅ အဖြစ် ခရစ္စတယ်ပဲလေ့အသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာလည်းဖြစ်ပါတယ်။

**ငွေကြယ်**

■


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း


















(Garden Light) (High Mast)

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့် (ငြိမ်း)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**စာရေးဆရာ ခင်မောင်မြင့်(စစ်ကိုင်း)**

**အသက်(၇၀)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)သည်၃-၅-၂၀၂၂ရက် (တနင်္လာနေ့)နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်နှင့်မိသားစု**
**ပြန်ကြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)**

**အသက်(၇၀)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံချီခင်မောင်မြင့်(ငြိမ်း)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အသက်(၇၀)နှစ်သည် ၃-၅-၂၀၂၂ရက် (တနင်္လာနေ့) နံနက် (၅:၃၀)နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်သန်းဦးနှင့် ဇနီးဒေါ်သန်းသန်းအေး**
**ပြည်ထောင်စုဝန်ကြီး**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)**

**အသက်(၇၀)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံချီခင်မောင်မြင့်(ငြိမ်း)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အသက်(၇၀)နှစ်သည် ၃-၅-၂၀၂၂ရက်(တနင်္လာနေ့) နံနက်(၅:၃၀)နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ကြီးဌာနဝန်ထမ်းများ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)**

**အသက်(၇၀)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံချီခင်မောင်မြင့်(ငြိမ်း)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အသက်(၇၀)နှစ်သည် ၃-၅-၂၀၂၂ရက်(တနင်္လာနေ့) နံနက်(၅:၃၀)နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သီရိပျံချီ ဦးခင်မောင်စိုး နှင့် ဇနီးဒေါ်နီနီ**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**Nu Cing Man Pau (ခ) ဒေါ်စန်းစန်းငွေ**

**အသက်(၅၁)နှစ်**

**(ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လောဖေရွာ)**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေ ဦးလျှန်ကျင့်မန် ညွှန်ကြားရေးမှူး၊ ကညန (ငြိမ်း)၏ ဇနီးသည် ၁-၅-၂၀၂၂ရက် နံနက် (၉:၀၀)နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ကညန အငြိမ်းစားဝန်ထမ်းများ**
**လူမှုရေးစောင့်ရှောက်မှုအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ မြေကွက်အမှတ်-၉၆၈၊ မြေကွက်တည်နေရာအမှတ်(၉၆၈)၊ ဗညားဒလလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးမြင့်သိန်း) (MYG-148550) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မြေအား အမည်ပေါက် ဦးမြင့်သိန်း(ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်တင်မာကြူ[၁၂/ဥကမ(နိုင်)၀၆၁၇၅၂]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ခင်ပွန်းဦးမြင့်သိန်းသေစာရင်း၊ တစ်ဦးတည်းသောဇနီးဖြစ်ပြီး တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဒေါ်တင်မာကြူ၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

# ဘဒ္ဒန္တသုတာစာရ

# အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# သိက္ခာတော်(၄၉)ဝါ၊ သက်တော်(၆၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ ရွာမရပ်ကွက်၊ မဟာစည်သာသနာ့ရိပ်သာ၊ ပဓာနနာယကဆရာတော် သာသနဓဇသီရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုတာစာရသိက္ခာတော် (၄၉)ဝါ သက်တော်(၆၉)နှစ်သည် ၁၃၈၃ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ရက်၊ ၂-၅-၂၀၂၂(တနင်္ဂနွေနေ့) နံနက် ၃:၃၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို ၁၃၈၃ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ရက်၊ ၇-၅-၂၀၂၂(သောကြာနေ့)၊ မွန်းလွဲ ၁နာရီတွင် နတ်တလင်းမြို့၊ အနောက်ပေါက်ပင်သုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပနပူဇော်ပွဲ ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ/ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**အန္တိမ အဂ္ဂိဈာပန ပူဇော်ပွဲကျင်းပရေးကော်မတီ**
**မဟာစည်သာသနာ့ရိပ်သာ နတ်တလင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ်(၄၉)၊ မြေကွက် အမှတ်-၂၉၅၊ မြေကွက်တည်နေရာ အမှတ်(၂၉၅)၊ အောင်ဆန်းသူရိယလှသောင်းလမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဦးသိန်းအောင်(ISN-314466)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား အမည်ပေါက် ဦးသိန်းအောင်(ဖခင်)နှင့် ဒေါ်အေးပို(မိခင်)တို့အသီးသီးကွယ်လွန်သဖြင့် သား/သမီးများဖြစ်သော ဦးကျော်ထွန်း[၁၂/ဥကမ (နိုင်)၂၂၂၆၁၄]၊ ဒေါ်လှိုင်လှိုင်မြင့်[၁၂/ဒဂမ (နိုင်)၀၀၁၅၈၈]တို့မှ မိခင်၊ ဖခင်တို့၏ သေစာရင်း၊ ဂရန်မူရင်း၊ မိမိတို့မောင်နှမ(၂)ဦးတည်းသာ တရားဝင်အမွေဆက်ခံခွင့် ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ဦးကျော်ထွန်း၊ ဒေါ်လှိုင်လှိုင်မြင့်တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးနှင့်ရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်(၁၁၂၀)။ မြေကွက် တည်နေရာအမှတ်(၁၁၂၀)၊ ခရေလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးမောင်မောင်(ISN-၂၀၀၅၇၈)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) မြေအားဂရန်အမည်ပေါက် ဦးမောင်မောင် ကွယ်လွန်၍ ၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်သန်းရွှေ [၁၂/ရကန(နိုင်)၀၂၆၇၂၈]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ဂရန်မူရင်းတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## နိုင်ငံသာယာ ဝပြောဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

## "ဘဝနတ်ထံပျံလွန်တော်မူခြင်း"

# ဆရာတော်ဘဒ္ဒန္တသီရိဓဇ

**ဝါတော်(၄၇)၊ သက်တော်(၆၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ (ရှမ်းလမ်း)အောင်မင်္ဂလာသိဒ္ဓိစာသင်တိုက်ကြီး၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသီရိဓဇ(ကဗျာဆရာ-ကိုပေသန်းလွင်မြန်အောင်သည် (၁၃၈၃)ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ ၂-၅-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၃:၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော်အား (၁၃၈၃)ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၈ ရက်၊ ၄-၅-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိဈာပန ပြုလုပ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှတပည့် ဒါယကာ-ဒါယိကာမ ဆွေတော်မျိုးတော်အပေါင်းတို့အား အသိပေး ဖိတ်ကြားအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများနှင့်**
**ဈာပနဖြစ်မြောက်ရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်အေးဟန်

**(ဗိုလ်စိန်မှန်ရပ်ကွက်)**

**အသက်(၉၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၄လမ်း၊ တိုက် ၄၁၊ မြေညီ၊ ခေါင်းရင်းခန်းနေ(ဦးဘအို-ဒေါ်စိန်ဟန်)တို့၏သမီး၊ (ဦးဘိုးရွက်-ဒေါ်ချစ်)တို့၏သမီးချွေးမ၊ (ဦးလှရွှေ)၏ချစ်လှစွာသောဇနီး၊ (ဦးဖိုးညို)-ဒေါ်တင်တင်အေး၊ ဒေါ်တင်တင်လှ(ခ)မကျော့၊ ဒေါ်တင်တင်မြ(ခ)မပြုတ်၊ ဦးဝင်းမောင်-ဒေါ်သန်းသန်းနု၊ ဦးဝင်းသောင်-(ဒေါ်ခင်ခင်မော်)၊(ဦးဝင်းဗိုလ်-ဒေါ်တင်တင်အောင်)၊ ဦးနေဝင်း-မအေးအေးစမ်း(ခ)မမိုး၊ ဦးမြင့်ဝင်း(ညွှန်ကြားရေးမှူး၊ မြို့ပြ၊တံတားဦးစီးဌာန)တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏ ချစ်လှစွာသောအဘွား၊ မြစ် ရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂-၅-၂၀၂၂ရက် မွန်းလွဲ ၁:၀၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးဟန်(ဖျာပုံ)**

**အသက်(၉၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၄လမ်း၊ အမှတ်(၄၁)၊ မြေညီထပ်နေ ဦးမြင့်ဝင်း၊ ညွှန်ကြားရေးမှူး(မြို့ပြ)၊ တံတားပြုပြင်ထိန်းသိမ်းရေးဌာနခွဲ၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးမိခင် ဒေါ်အေးဟန် အသက်(၉၀)သည် ၂-၅-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဒု-ညွှန်ကြားရေးမှူးချုပ်(ထိန်းသိမ်းရေး)**
**တံတားဦးစီးဌာန၊ တံတားပြုပြင်ထိန်းသိမ်းရေးဌာနခွဲ**
**ဝန်ထမ်းမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်၊ ညောင်ပင်လမ်း၊ အမှတ်(၁၅)၊ ၃လွှာ(ခေါင်းရင်းခန်း)၊ အကျယ် ပေ(၁၂ ၁/၂ x၅၀) ရှိသောတိုက်ခန်းနှင့် ၎င်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ ဦးငွေစိုး[၁၂/ကမတ(နိုင်)၀၄၁၀၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးထွန်းကျော် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၄၃၀၀)**
**အမှတ်(၂၆)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၈၃၁၉၈**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊**

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**စာရေးဆရာ ခင်မောင်မြင့်(စစ်ကိုင်း)**

**အသက်(၇၀)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်ချုပ် သီရိပျံချီခင်မောင်မြင့်(ငြိမ်း)သည် ၃-၅-၂၀၂၂ (တနင်္လာနေ့)၊ နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)နှင့်**
**ဇနီး ဒေါ်မြမြစန်း မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ်သီရိပျံချီ ဦးခင်မောင်မြင့်(ငြိမ်း)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**စာရေးဆရာခင်မောင်မြင့်(စစ်ကိုင်း)**

**အသက်(၇၀)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း)သည် ၃-၅-၂၀၂၂ရက်၊ နံနက်(၅:၃၀)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ်သီရိပျံချီ ဦးခင်မောင်မြင့်(ငြိမ်း)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**စာရေးဆရာခင်မောင်မြင့်(စစ်ကိုင်း)**

**အသက်(၇၀)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သည် ၃-၅-၂၀၂၂ရက်၊ နံနက်(၅:၃၀) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းငွေ-ဒေါ်စိုးဝတ်ရည်နှင့်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊**

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)(စစ်ကိုင်း)**

**အသက်(၇၀)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့် (ငြိမ်း)သည် ၃-၅-၂၀၂၂ရက်၊ နံနက် ၅:၃၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဝန်ထမ်းမိသားစုများ**
**အဆောက်အဦဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မွေးမြူရေးဇုန် (ယခုအခေါ်-၁၉ မွေးဇုန်)၊ ရွှေရင်အေးဘုရား(၁)လမ်း၊ မြေကွက်အမှတ်(၇၈-က)၊ မြေအကျယ်(အလျား ၁၀၀ပေx အနံ ၁၀၀ပေ)ရှိ ဒေါ်စောယုမေအမည်ဖြင့် ရရှိထားသော (၁)နှစ် ယာယီမြေပေးမိန့် အသုံးပြုခွင့်အမိန့်ရရှိထားသော မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရရှိထားသူ ဒေါ်စန်းစန်း[၁၂/ကမန(နိုင်)၀၉၈၉၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Fax & Ph-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

# ဥတုရာသီ တောကိုမှီ၏

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**စာရေးဆရာ ခင်မောင်မြင့်(စစ်ကိုင်း)**

### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)သည် ၃-၅-၂၀၂၂ (တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**စာရေးဆရာ ခင်မောင်မြင့်(စစ်ကိုင်း)**

### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ခင်ပွန်း၊ စစ်ကိုင်းမြို့နေ (ဦးဘရင်-ဒေါ်လေးမိ)၊ ဒေါ်ခင်မကြီး၊ (ဦးတင်မြင့်)-ဒေါ်ခင်ခင်ထွေး၊ ဒေါ်ခင်ခင်ရီ၊ ဒေါ်ခင်ခင်ဌေး၊ ဒေါ်ခင်ခင်စန်းတို့၏မောင် (ဗိုလ်ကြီးစန်းလွင်-ဒေါ်ခင်လှ)တို့၏ သားသမက်၊ ဗိုလ်မှူးကြီး ကံချွန်(ငြိမ်း)- ဒေါ်ခင်မာမြင့်၊ (ဦးယုချစ်-ဒေါ်လှလှဝင်း)၊ ဦးအောင်ဝမ်းမြင့်-ဒေါ်ချိုချိုထွေးတို့၏ အစ်ကိုကြီး၊ ဒုတိယဗိုလ်မှူးကြီး ခင်ဇော်ဟိန်း-မဆုသစ်သစ်ထွန်း၊ ဗိုလ်ကြီးမြင့်မောင်မောင်တို့၏ဖခင်၊ မမေဘုန်းမြင့်၊ မအေးချမ်းဘုန်းမြင့်တို့၏အဘိုးသည် ၃-၅-၂၀၂၂(တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၂(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁)၊ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မင်္ဂလာဒုံရှိ ငြိမ်းအေးဇရပ်၌ တရားတော်နာရေစက်ချပြီး မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့် (ငြိမ်း)

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း)**

**စာရေးဆရာ ခင်မောင်မြင့်(စစ်ကိုင်း)**

### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ် (၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သည် ၃-၅-၂၀၂၂ ရက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီး အုန်းမြင့်(ငြိမ်း)နှင့် မိသားစု**

---

**ကျန်ရစ်သူမိသားစုမှ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ခြင်း**

### ဦးမင်းဇော်

### အသက်(၅၆)နှစ်

၂၇-၄-၂၀၂၂ (အင်္ဂါနေ့) နံနက် ၆:၅၀ နာရီတွင် နှလုံးရောဂါဝေဒနာဖြင့် ကွယ်လွန်ခဲ့သော ဦးမင်းဇော် အသက်(၅၆)နှစ်၏ နာရေးကိစ္စအဝဝတွင် ရှေးဦးစွာ ကွယ်လွန်သူအား မေတ္တာပို့သအမျှပေးဝေပြီး ကောင်းမွန်သော ဘုံဘဝရောက်ရှိစေကြောင်း ကြွရောက်ချီးမြှင့် ဆုတောင်းပေးပါသော အမှတ်-၂ ဝိုင်း အောင်ပင်လယ်ပရိယတ္တိစာသင်တိုက်မှ ဆရာတော်ဘုရားကြီးနှင့် သံဃာတော်များအားလည်းကောင်း၊ ဆွေမျိုးသားချင်းမောင်နှမများ၊ ညီအစ်ကိုမောင်နှမများ၊ ရပ်မိရပ်ဖများ၊ သူငယ်ချင်းမိတ်ဆွေသင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)**

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

### အသက်(၇၀)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)သည် ၃-၅-၂၀၂၂ (တနင်္လာနေ့) ၅:၃၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် ဇနီး ဒေါ်စိမ့်နီခင်**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)**

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

### အသက်(၇၀)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)သည် ၃-၅-၂၀၂၂ (တနင်္လာနေ့) ၅:၃၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးမင်းထိန်နှင့် ဇနီးဒေါ်နှင်းသီတာအောင်ထွေး**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

### ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့် (ငြိမ်း)

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**စာရေးဆရာ ခင်မောင်မြင့်(စစ်ကိုင်း)**

### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)သည် ၃-၅-၂၀၂၂ ရက် (တနင်္လာနေ့)နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇေယျာအောင် - ဒေါ်သူဇာဝေ**

**ဦးရဲထွဋ် - ဒေါ်ခင်စန္ဒာထွန်း**

---

## အနိစ္စ

### ဦးသိန်းလျှောင်(ခ)

### ဦးသိန်းထွန်း (၆၆)နှစ်

**(Lucky Star Electronic)**

**ဒု-ဥက္ကဋ္ဌ(၃)၊ကျိုက်လတ်မြို့နယ်အသင်း**

ရန်ကုန်မြို့နေ (ဦးပင်-ဒေါ်ကျင်မြိုင်)တို့၏သား၊ ဒေါ်အေး၏ခင်ပွန်း၊ ဦးသိန်းကြည်-ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်ရွှေမိတို့၏ ချစ်လှစွာသောအစ်ကို၊ မနီလာထွန်း-ကိုဉာဏ်လင်းထွန်း၊ ကိုညီညီထွန်းတို့၏ဖခင်၊ မောင်အာကာလင်း၏ ချစ်လှစွာသောအဘိုးသည် ၂-၅-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁၀)၊ သစ်တောလမ်း၊ အလုံမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေးမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျိုက်လတ်မြို့နယ်အသင်း

ရန်ကုန်မြို့

---

### ဦးသွင်ဇော်(ခ)

### ဦးသူဝင်းထွန်း

### အသက်(၅၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ဝေါမြို့နယ်၊ သစ်စက်ရပ်ကွက်၊ ဘူတာလမ်းနေ ဦးစန်းချို (လဝက-ငြိမ်း)-ဒေါ်မြသောင်း(အလပြ-ငြိမ်း)တို့၏သားကြီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၃) ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၁၃၄၁) နေ (ဦးစိုးရင်)-ဒေါ်အုံးနွဲ့၏တူသား၊ ဒေါ်ခိုင်ခိုင်ဦး (လဝက)၊ ဦးသန့်ဇော်၊ ဦးကျော်မင်းသိန်း-ဒေါ်မြတ်မြတ်စိုး၊ ဒေါ်နိုင်နိုင်စိုး(ရိုးမဘဏ်)၊ ဦးကျော်စိုး-ဒေါ်မျိုးမျိုးအေး၊ ဦးအောင်ကျော်(ခ) ဦးနေဝင်းထွန်း၏အစ်ကို၊ မဆုရွှေစင်အောင်၊ မထက်ရွှေစင်လင်း၊ မဖြူစင်သန့်တို့၏ဘကြီး ဦးသွင်ဇော်သည် ၃၀-၄-၂၀၂၂ (သောကြာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)

### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ် (၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)၊ [ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန] အသက်(၇၀)နှစ်သည် ၃-၅-၂၀၂၂ (တနင်္လာနေ့) နံနက် ၅:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ဇော်နှင့် ဇနီးဒေါက်တာယုယုကြည်**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)**

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

### အသက်(၇၀)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)သည် ၃-၅-၂၀၂၂ (တနင်္လာနေ့) ၅:၃၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း/အမှုထမ်းများ**

**ပြည်ထောင်စုဝန်ကြီးရုံး**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ် သီရိပျံချီခင်မောင်မြင့်(ငြိမ်း)

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း) (စစ်ကိုင်း)**

### အသက်(၇၀)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)သည် ၃-၅-၂၀၂၂ ရက် နံနက် ၅:၃၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ဝန်ထမ်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)

### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ် (၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံချီခင်မောင်မြင့်(ငြိမ်း)၊ [ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန] အသက်(၇၀)နှစ်သည် ၃-၅-၂၀၂၂ (တနင်္လာနေ့) နံနက် ၅:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့ဝင်၊ အမှုဆောင်အရာရှိချုပ်နှင့်ဝန်ထမ်းများ**

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)**

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

### အသက်(၇၀)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)သည် ၃-၅-၂၀၂၂ (တနင်္လာနေ့) ၅:၃၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ကြီးကျော်ဝင်း(ငြိမ်း)နှင့် ဇနီးဒေါ်ခင်အေးအေးသန်း**

**ရုံးအဖွဲ့မှူး/ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**ပြည်ထောင်စုဝန်ကြီးရုံး**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**စာရေးဆရာ ခင်မောင်မြင့်(စစ်ကိုင်း)**

### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ခင်ပွန်း ဗိုလ်ချုပ်သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)၊ (ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး-ငြိမ်း)သည် ၃-၅-၂၀၂၂ (တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

**လမ်းဦးစီးဌာန**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊**

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**စာရေးဆရာ ခင်မောင်မြင့်(စစ်ကိုင်း)**

### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ Nature Park၊ အမှတ်(၁၃/၁၄)နေ ဒေါ်ဝင်းဝင်းနု၏ခင်ပွန်း ဗိုလ်ချုပ် သီရိပျံချီခင်မောင်မြင့်(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သည် ၃-၅-၂၀၂၂ (တနင်္လာနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်ဝန်ထမ်းများ**

**လမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ် သီရိပျံချီ ခင်မောင်မြင့်(ငြိမ်း)၊ (စစ်ကိုင်း)**

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ အမှတ်(၂)၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

ကျေးဇူးရှင် ဗိုလ်ချုပ်သီရိပျံချီခင်မောင်မြင့်(ငြိမ်း)သည် ၃-၅-၂၀၂၂ရက်က ကွယ်လွန်သွားခဲ့ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်လှိုင်၊ ဒေါ်လှသန်းဌေး**

**ဒေါက်တာမျိုးမြင့်ကျော်၊ ဒေါ်အေးသီရိမြတ်**

**နေပြည်တော်**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

# မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါ အထူးကုဆေးရုံကြီး(နေပြည်တော်) ၂၄ နာရီ ဖွင့်လှစ်ထားရှိ

နေပြည်တော်  မေ  ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါ အထူးကုဆေးရုံကြီး(နေပြည်တော်)သည် မျက်စိရောဂါများကုသခြင်း၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့်ပတ်သက်သော ရောဂါများကုသခြင်း၊ ပြင်ပလူနာနှင့် အတွင်းလူနာ စောင့်ရှောက်ခြင်းလုပ်ငန်းများအတွက် နေ့စဉ် ၂၄ နာရီ ဖွင့်လှစ်ထားကြောင်း သိရသည်။

"မျက်စိရောဂါကုဌာနတွင် ပါမောက္ခ တစ်ဦး၊ အထူးကုဆရာဝန်ကြီး တစ်ဦး၊ အထူးကုဆရာဝန် တစ်ဦး၊ လက်ထောက်အထူးကုဆရာဝန် တစ်ဦးတို့နဲ့ ကုသပေးလျက်ရှိပြီး နား၊ နှာခေါင်း၊ လည်ချောင်း ဝေဒနာရှင်များအတွက် ပါမောက္ခ တစ်ဦး၊ အထူးကုဆရာဝန် တစ်ဦး၊ လက်ထောက်အထူးကုဆရာဝန် တစ်ဦးတို့နဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါ အထူးကုဆေးရုံကြီး(နေပြည်တော်)မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○



## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော်  မေ  ၃

| | | | | | |
|---|---|---|---|---|---|
| ချောက် | ၄၃ | ဒီဂရီစင်တီဂရိတ် | အောင်လံ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ကလေးဝ | ၄၀ | ဒီဂရီစင်တီဂရိတ် | ဂန့်ဂေါ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၀ | ဒီဂရီစင်တီဂရိတ် | ညောင်လေးပင် | ၄၀ | ဒီဂရီစင်တီဂရိတ် |

## ၂၀၂၂ ဆီးဂိမ်းပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပမည်

ရန်ကုန်  မေ  ၃

နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိသည့် ၂၀၂၂ ခုနှစ် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတစ်လျှောက် ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းလည်းဖြစ်သည်။

အရှေ့တောင်အာရှဒေသတွင်း၏ အဆင့်မြင့်ဆုံး အားကစားပြိုင်ပွဲဖြစ်သောကြောင့် အရှေ့တောင်အာရှ ၁၁ နိုင်ငံလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် ပြင်ဆင်ချိန်နောက်ကျခဲ့သော်လည်း စတင်လေ့ကျင့်ပြင်ဆင်နေပြီဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါကို အလုံးစုံထိန်းချုပ်နိုင်ခြင်း မရှိသေးသော်လည်း ဗီယက်နမ်နိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို သတ်မှတ်ထားသည့်ရက်အတိုင်း ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ


အစွန်းရောက်အတွေးအခေါ်များနှင့် ခုတ်ရာတခြား ရှရာတခြားဖြစ်နေသည့် ကျောင်းမတက်ရေး လှုံ့ဆော်နေမှုများ
စာမျက်နှာ » ၆

ခါချဉ်ကောင် မာန်ကြီးသော်လည်း
စာမျက်နှာ » ၁၀

ရှမ်းပြည်နယ်အတွင်းရှိ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးများတွင် ဒေသခံတိုင်းရင်းသားပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ
စာမျက်နှာ » ၁၁

လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဂျပန်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး
စာမျက်နှာ » ၁၂


## မစ်ဒယ်ဝိတ်တန်းပွဲစဉ်များကိုသာ ဦးစားပေးထိုးသတ်တော့မည်ဟု အောင်လအန်ဆန် ပြောကြား

ရန်ကုန် မေ ၃

ဝိတ်တန်းနှစ်ခု ကမ္ဘာ့ချန်ပီယံဟောင်း နာမည်ကြီးမြန်မာ MMA ကစားသမား အောင်လအန်ဆန်က ထပ်မံထိုးသတ်မည့်ပွဲစဉ်များတွင် မစ်ဒယ်ဝိတ်တန်းပွဲစဉ်များကိုသာ ဦးစားပေးထိုးသတ်တော့မည်ဖြစ်ကြောင်း ONE Championship နှင့် တွေ့ဆုံမှုတွင် အတည်ပြုပြောကြားခဲ့သည်။ အောင်လအန်ဆန်သည် ဧပြီ ၂၉ ရက်ကထိုးသတ်သည့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲတွင် ရှုံးပွဲကြုံတွေ့ပြီးနောက် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ONE Championship ၏ မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်းတို့တွင် ကမ္ဘာ့ချန်ပီယံအဖြစ် ကာလအတန်ကြာ ရပ်တည်နိုင်ခဲ့သော်လည်း ဒီရစ်ဒါနှင့် တွေ့ဆုံသည့် နှစ်ကြိမ်စလုံး အရေးနိမ့်ခဲ့သဖြင့် ခါးပတ်နှစ်ခုစလုံး ဆုံးရှုံးခဲ့ရသည်။ ယခုလအတွင်း အသက် ၃၆ နှစ်ပြည့်တော့မည့် အောင်လအန်ဆန်သည် လိုက်ဟဲဗီးဝိတ်တန်းပွဲများ ထိုးသတ်ခြင်းကို ရပ်နားကာ လာမည့်ပွဲများတွင် မစ်ဒယ်ဝိတ်တန်းပွဲများသာ ဦးစားပေးထိုးသတ်တော့မည် ဖြစ်ကြောင်း ONE Championship နှင့်

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❒

